The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့ (23-3-2014) (၇၇၉၃)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၂၃**

၂၀၁၄ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန် ဟူစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နဝစ်ဇ် ရှာရစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် ဘတ်ဂျက်များကို လေးဆတိုးပေးထား

## ဆေးရုံများအနေဖြင့် ခေတ်နှင့်အညီ တိုးတက်လာစေရေး ကြိုးပမ်းကြရန်လို

**ရန်ကုန် မတ် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီး (ရန်ကင်း)၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင်(၅၀၀) ဆံ့ အထူးကုဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့၌ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၈ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၉၀)သစ္စာလမ်းရှိ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး (ရန်ကင်း)သို့ ရောက်ရှိကြပြီး အရေးပေါ်ဌာန၊ သွေးလျူဘဏ်၊ ဆေးကုသဆောင်၊ နှလုံးခွဲစိတ်ကုသဆောင်၊ မွေးကင်းစကလေး ကုသဆောင်၊ အထူးကြပ်မတ်ကုသဌာန၊ ခွဲစိတ်ခန်းမနှင့် ဆေးစတိုခန်းအပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်လွင်က ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကိုမေးမြန်းပြီး ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် မတ် ၂၂**

ယနေ့ ညနေ ၃ နာရီ ၀၅ မိနစ် ၃၅ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်ဘက် ၁၁၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မုံရွာမြို့၏ အနောက်-အနောက်တောင်ဘက် ၅၇ မိုင်)ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော ငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# ဇဂျမ်းကာန်မြဲကာန်ကြီး မတ်လအတွင်း အပြီးပြုလုပ်မည်



မြင်းခြံခရိုင် တောင်သာမြို့အနောက်ဘက် ၁၂ မိုင်အကွာတွင် ဇဂျမ်းကန်မြဲကန်ကြီးရှိသည်။ ထိုကန်ကြီးမှာ ကန်မြဲကျေးရွာနှင့် ဇဂျမ်းကျေးရွာနှစ်ရွာကြားတွင် တည်ရှိသည်။ ထို့ကြောင့် ဇဂျမ်းကန်မြဲကန်ဟုခေါ်သည်။ ဇဂျမ်းကန်မြဲကန်ကြီးကို ပထမမြန်မာနိုင်ငံတည်ထောင်ခဲ့သော အနော်ရထာမင်းကြီးက မြန်မာသက္ကရာဇ် ၄၂၀ ခုနှစ်တွင် အရည်းကြီးများနှိမ်နင်းရန် လှည့်လည်ရင်း တည်ဆောက်ခဲ့သော သမိုင်းဝင်ကန်ကြီးဖြစ်သည်။

တောင်သာမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင် ပါဝင်သည်။ ယင်းဒေသသည် စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် မိုးရေတစ်မျိုးတည်းကိုသာ မှီခိုအားထားနေရသောဒေသဖြစ်သည်။ မိုးခေါင်လျှင် ရေခက်ခဲသောဒေသဖြစ်သည်။ အခြားဒေသများကဲ့သို့ ဆည်မြောင်းတာတမံမှ ရေလည်း မရနိုင်။ စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် တစ်ပိုင်တစ်နိုင်ကန်ငယ်များ တည်ဆောက်ပြီး ကန်ရေကိုသာ အဓိကအားထားနေရသောဒေသဖြစ်သည်။

ထိုကဲ့သို့ ရေရှားပါးသော တောင်သာနယ် ဇဂျမ်းကန်မြဲဒေသတွင် ရေရရှိရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့သည် ကွင်းဆင်းလေ့လာပြီး ဇဂျမ်းကန်မြဲကန်ရေရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



**ကြေးမုံစာတည်းရှုထောင့်** — ၂၃-၃-၂၀၁၄၊ တနင်္ဂနွေနေ့

# ကောင်းမွန်သည့်ဝန်းကျင်သစ်

မျက်မှောက်ကာလတွင် ဒေသတွင်းနိုင်ငံများ အထူးသဖြင့် အာဆီယံဒေသများမှာ လုံးဝပြောင်းလဲသွားပြီဖြစ်သည်။ ကောင်းမွန်သောဝန်းကျင်သစ်၊ တိုးတက်သည့် လူမှုဘဝပုံစံသစ်များ ပြောင်းလဲဖြစ်ထွန်းနေသည်ကို မြင်တွေ့နိုင်ပြီဖြစ်သည်။ ဒေသအတော်များများတွင် ကျေးလက်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့နေရပြီး မြို့ပြများ အဆင့်မြှင့်တင်ခြင်းနှင့် မြို့ပြသစ်များ ဖော်ထုတ်ခြင်းများကို ဦးစားပေးကိုယ်စီဆောင်ရွက်နေကြသည်။

ဒေသတိုင်း ဒေသတိုင်း၌ ပြည်သူအများစုမှာ ကျေးလက်များတွင် နေထိုင်ကြသော်လည်း နှစ်ကာလ ကြာမြင့်သောအခါ ရေကြည်ရာမြက်နုရာ ရှာဖွေသကဲ့သို့ လူမှုဘဝမြင့်မားရေးနှင့် စီးပွားဥစ္စာတိုးပွားနိုင်သည့် မြို့ပြများသို့ ရွှေ့ပြောင်းနေထိုင်လာကြသည်။ ယင်းသည် ရှည်လျားသော လူ့သမိုင်း၏ သဘာဝဖြစ်သည်။ ယင်းသဘာဝကို လျစ်လျူရှုထားပါက မြို့ပြနှင့် ကျေးလက်ကွာဟချက်ကြီးမားပြီး စိန်ခေါ်မှုနှင့် ဆုတ်ယုတ်မှုများ မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရေးတကြီးဆောင်ရွက်နေသလို မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အာဆီယံလူထုဖိုရမ်သို့ ပေးပို့သည့် သဝဏ်လွှာတွင် ကြိုတင်မြော်တွေး အသိပေးတိုက်တွန်းထားသည်။ သဝဏ်လွှာတွင် 'ယခင်က အရှေ့တောင်အာရှသားအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြီးပြင်းခဲ့ကြသူများဖြစ်ပါသည်။ သို့သော် လာမည့်နှစ်များအတွင်းတွင် မြို့ပြနေထိုင်သူများ ဖြစ်လာကြမည်ဖြစ်ပါသည်။ သန်းပေါင်းများစွာသော ပြည်သူများ ပြောင်းရွှေ့နေထိုင်ကြမည်ဖြစ်သည့်အတွက် မြို့ပြစီမံကိန်းများကို စနစ်တကျ ချမှတ်ရမည်ဖြစ်ပြီး ပြည်သူ့ရေးရာ ဝန်ဆောင်မှုများအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကို အဆင့်အတန်းမြှင့်တင်သွားရမည်ဖြစ်ပါသည်။ ပြည်သူများလက်လှမ်းမီသည့် အိမ်ရာစီမံကိန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပေါ်ပေါက်အောင် ဆောင်ရွက်ပြီး မြို့ပြများတွင် ပြည်သူများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်' ဟု ဖော်ပြထားသည်။

ထိုသို့ကောင်းမွန်သော ဝန်းကျင်သစ်များကို ဖော်ဆောင်ရာတွင် အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်မှာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူအများစု လက်လှမ်းမီ ပါဝင်ခံစားနိုင်ခြင်းဖြစ်သည်။ ထိုအခြေအနေများကို ဒေသတွင်း၌ ဖန်တီးဖော်ဆောင်ပေးနေရာတွင် သန်းပေါင်းများစွာသော ပြည်သူများဘဝတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်နေသေးသည်ကိုလည်း မြင်တွေ့နေရပါသည်။ ဒေသတွင်း၌ ဆင်းရဲချမ်းသာ ကွာဟချက်များ၊ လူမှုစီးပွားမညီမျှမှုများ ရှိနေဆဲဖြစ်ပါသည်။ ဆိုင်ရာက ဝန်းကျင်ဟောင်းကိုဖြစ်စေ၊ ဝန်းကျင်သစ်ကိုဖြစ်စေ ပိုမိုကောင်းမွန်သော အနေအထားဖြစ်အောင်လည်း အမှန်တကယ်ဆောင်ရွက်ပေးနေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စေတနာအပြည့်ဖြင့် အမြော်အမြင်ရှိရှိ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လူနည်းစုအကျိုးပြုသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမျိုး မဖြစ်စေဘဲ ပြည်သူအများစုကို အကျိုးပြုသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမျိုးဖြစ်စေရန်အတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ကြရမည် ဖြစ်သည်။

ပြည်သူများ နေရေးထိုင်ရေးနှင့် သွားလာဆက်သွယ်ရေးလုပ်ငန်းများမှာ အရေးကြီးသလို ပြည်သူအများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေမှသာ လူမှုဘဝထာဝရမြင့်မားတိုးတက်ကာ အစဉ်တည်တံ့ခိုင်မြဲနေပြီး မဖွံ့ဖြိုးသည့် လူမှုဘဝပုံစံများနှင့် ရွှေ့ပြောင်းထွက်ခွာမှုများ လျော့နည်းသွားမည်ဖြစ်သည်။ ဝန်းကျင်သစ်တစ်ရပ်ကို ဖန်တီးရာတွင် လုပ်နိုင်ကိုင်နိုင်သည့် အနေအထားများနှင့် အမှန်တကယ် ရပ်တည်ဆောင်ရွက်လိုသူများသာ ဖြစ်သင့်သည်။ မည်သည့်နေရာတွင်မဆို အမှန်တကယ် ရပ်တည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လိုသူများထက် အခြေအနေ အခွင့်ကောင်းများကို စောင့်မျှော်ရယူထားလိုသူများကြောင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲရှိနေသည်ကိုတွေ့ရသည်။

ထို့ကြောင့် ဒေသတွင်းဖွံ့ဖြိုးရေးအတွက် အစိုးရတစ်ရပ်တည်း၏ အင်အားဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လက်ရှိအခြေအနေများကို ပကတိထင်ဟပ်ပေါ်လွင်စေမည့် အတွေးအမြင်၊ အကြံဉာဏ်ကောင်းများဖြင့် လက်တွေ့ကျကျ ဝိုင်းဝန်းဆောင်ရွက်မှုများဖြင့်သာ ပိုမိုကောင်းမွန်သော ဝန်းကျင်သစ်ကို ရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ ။



## ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စီးပွားဖြစ်စိုက်ကွင်းများ အကောင်အထည်ဖော်နိုင်ရေးကြိုးစား

**နေပြည်တော် မတ် ၂၂**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပျဉ်းမနားမြို့နယ်ရှိ ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချမည့် ပိန်းဥစိုက်ခင်းများ၊ မြေပဲစိုက်ခင်း၊(ဝဲပုံ) ကညွတ်စိုက်ခင်းများ၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီးရှိ စက်မှုလယ်ယာမြေ စပါး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံဈေးကွက်များသို့တင်ပို့ရန် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ကုမ္ပဏီများနှင့် တောင်သူများအကြား (Public, Private , Partnership-PPP)စနစ်ဖြင့် စီးပွားဖြစ်စိုက်ကွင်းများ ထူထောင်နိုင်ရေး အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းနှင့် ဈေးကွက်ခိုင်မာသည့် အမယ်သစ်သီးနှံများကို အချိန်မီ အချိန်ကိုက် ဈေးကွက်လိုအပ်ချက်အရ အလုံအလောက် စိုက်ပျိုးထုတ်လုပ်ပေးရန် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စီးပွားဖြစ်စိုက်ကွင်းများ အကောင်အထည်ဖော်နိုင်ရေး ကြိုးစားသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို အများပြည်သူသို့ ရှင်းလင်းတင်ပြ

**ဒေါပုံ မတ် ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားတိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဆွေနှင့် အဖွဲ့သည် မတ် ၂၁ ရက်က ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် ဓမ္မပါလဓမ္မာရုံ၌ ပြည်သူများသို့ ရှင်းလင်းပြောကြားကြောင်း သိရသည်။

ထိုရှင်းလင်းပွဲ၌ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဆွေက ဓာတ်အားခတိုးမြှင့်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးခင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စုကြည်နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အုပ်ချုပ်ရေးမှူး ဦးခိုင်စိုးဦးတို့က ပြည်သူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ပြင်ဆင်ပြောင်းလဲကောက်ခံမည့် ဓာတ်အားခနှုန်းထားမှာ ဧပြီ ၁ ရက်ရက်မှ စတင်သုံးစွဲသည့် ယူနစ်များအတွက်ဖြစ်ပြီး ဧပြီ ၃၀ ရက်အထိ တစ်လသုံးစွဲသည့် ယူနစ်များကို မေ ၁ ရက် မှစ၍ မီတာဖတ်ရှုပြီးနောက်ပိုင်းတွင် ပေးချေရမည်ဖြစ်သည်ကို ရှင်းလင်းပြောကြားသွားကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်ပျိုးပွဲကျင်းပ

**ကျိုက်ထို မတ် ၂၂**

ကျိုက်ထိုမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍သစ်ပင်စိုက်ပျိုးပွဲကို မတ် ၂၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်-မော်လမြိုင်ကားလမ်းဘေးရှိ သစ်တော ပျိုးဥယျာဉ်၌ ကျင်းပရာ အဆိုပါ အခမ်းအနားတွင် ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနက လျာထားချက်အရ ပျိုးပင်ပေါင်း ၂၉၄၅၈ ပင်ဖြစ်ပြီး ပျိုးပင်များမှာ ကျွန်း၊ မဟော်ဂနီ၊ မဲဇလီ၊ ယူကလစ်၊ ပျဉ်းမ စသည်တို့ကို စုပေါင်း၍ ပျိုးထောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(IPRD)**



မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Thousand Islands Business Group မှ ကျင်းပမည့်
YANGON LIFESTYLE FURNITURE FAIR
Main Sponsored by Casabella
Co-Sponsored by SWEETY HOME
နှစ်သစ်ကူးအကြိုပရိဘောဂပြပွဲ
၂၅-၃-၂၀၁၄ မှ ၃၀-၃-၂၀၁၄ ထိ
တပ်မတော်ခန်းမ
နံနက် (၉) နာရီ မှ ညနေ (၆) နာရီ

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

အဆိုပါ ကလေးဆေးရုံကြီး (ရန်ကင်း)သည် ယခင်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးဟောင်းနေရာဖြစ်ပြီး ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ရန် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လက်ခံထိန်းသိမ်းရေးအဖွဲ့ထံမှ ကျန်းမာရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံခဲ့သည်။

ထို့နောက် မက်(စ်)မြန်မာကုမ္ပဏီအုပ်စုနှင့် ဇရာဝတီဖောင်ဒေးရှင်းက ခုတင်(၅၅၀)ဆံ့ ခေတ်မီကလေးအထူးကုဆေးရုံကြီးအဖြစ် လိုအပ်သလို ပြုပြင်မွမ်းမံခြင်း၊ အသစ်ပြန်လည် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဆေးရုံအတွက်လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ၊ ပရိဘောဂများ၊ ဓာတ်လှေကားများနှင့် ဝန်ထမ်းနေအိမ်များ အပါအဝင် ငွေကျပ်သိန်းပေါင်း တစ်သိန်းကျော်ကို အကုန်အကျခံကာ ပြုပြင်တည်ဆောက်လှူဒါန်းပေးခဲ့ပြီး ၂၀၁၁ ခုနှစ် မတ် ၁၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးသို့ရောက်ရှိပြီး မွေးကင်းစဆောင်၊ ဆေးကုသဆောင်၊ အထူးကြပ်မတ်ကုသဌာန၊ ခွဲစိတ်ခန်းမကြီးနှင့် ဆေးသိုလှောင်ခန်းအပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ရှိ အစည်းအဝေးခန်းမ၌ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခ/ဌာနမှူး ဒေါက်တာရဲမြင့်ကျော်က ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားသည်။

ယင်းမှတစ်ဆင့် လမ်းမတော်မြို့နယ် ဗဟိုလမ်းရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများ၏ မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းပြီး ခွဲပြီးလူနာခန်း၊ မခွဲမီလူနာခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ရေးဌာနနှင့် မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်တို့ အပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် New Lecture Theatre ၌ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေက ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ လမ်းမတော်မြို့နယ်ရှိ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး အရိုးအကြောအဆစ်ဆေးပညာဌာန၊ အသည်းရောဂါအထူးကုဌာန၊ ဆီးနှင့်ကျောက်ကပ်ဆေး အထူးကုဌာန၊ အဆုပ်နှင့် ရင်ခေါင်းဆေးကုဌာန အပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဝေက သိရှိလိုသည်များကို လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းမှတစ်ဆင့် လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ရောက်ရှိကာ ဆေးဝါးကုသမှု ခံယူနေကြသည့် ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး အစည်းအဝေးခန်းမ၌ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်တင်က ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီး(ရန်ကင်း)၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ်အတွင်း ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ "ယခုမိမိတို့ရောက်ရှိလာခြင်းသည် တာဝန်ထမ်းဆောင်နေသည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို အားပေးရန်နှင့် ဆေးရုံအခြေအနေနှင့် လိုအပ်ချက်များကို သိရှိနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် ဘတ်ဂျက်များကို လေးဆတိုးပေးထားပြီး ရှေ့အနာဂတ်တွင်လည်း ယခုထက်ပိုမိုတိုးပေးရန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပြောင်းလဲမှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောင်းလဲမှုမှာလည်း တစ်ထပ်တည်းကျရန် လိုကြောင်း၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များ ရှိပါကလည်း တင်ပြကြစေလိုကြောင်း၊ နိုင်ငံတော်အပိုင်းက လုပ်ဆောင်စရာ ရှိသည်များကို လုပ်ဆောင်ပေးနေသကဲ့သို့ ဆရာကြီး ဆရာမကြီးများကလည်း နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများ အနေဖြင့် ခေတ်နှင့်အညီ တိုးတက်လာစေရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ဆေးရုံ၏ နာမည်ကောင်း ကျန်ရစ်ရန် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များကိုလည်း ပိုမိုမွေးထုတ်နိုင်ရန်အတွက် ဆွေးနွေးအကြံပြုကြရန် လိုအပ်ကြောင်း၊ ဆေးရုံပရဝဏ်အတွင်း သန့်ရှင်းသပ်ရပ်ရေး၊ ဆေးသိုလှောင်ရုံနှင့် အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက်ကိုလည်း အစဉ်သတိပြုရန် လိုအပ်ကြောင်း" ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများက တင်ပြကြသည့် လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၂**

အမျိုးသားလွှတ်တော် ကာကွယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေအား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.PARK, Byeong Seug ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၀ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်၌ လာရောက်တွေ့ဆုံပြီး ဆေးဝါးလှူဒါန်းခဲ့သည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ကာကွယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr.Lee, Baek Soon လည်း တက်ရောက်ခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ လွှတ်တော်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး အမေရိကန်ဒေါ်လာ တစ်သောင်းတန်ဖိုးရှိ ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် အသည်းအားတိုးဆေး၊ ဗီတာမင်အားဆေး၊ အကိုက်အခဲပျောက်ဆေး၊ ခါးနာပျောက်ဆေးနှင့် လိမ်းဆေးများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဝပုံ)**

**(သတင်းစဉ်)**









# တရုတ်သမ္မတ ရှီကျင့်ဖျင် ဥရောပနိုင်ငံများသို့ ခရီးစတင်

အမ်စတာဒမ် မတ် ၂၂

**တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် ၎င်း၏သမ္မတသက်တမ်းကာလအတွင်း ပထမဆုံးသော ဥရောပခရီးစဉ်ကိုစတင်ခဲ့ရာ မတ် ၂၂ ရက်တွင် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သို့ ပထမခရီးတစ်ထောက်ရပ်နားရာ နိုင်ငံအဖြစ် ရောက်ရှိလာကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဇနီးတို့အား နယ်သာလန်နိုင်ငံ ဘုရင်ဝီလျံအလက်ဇန္ဒာနှင့် မိဖုရားမာဒီမာတို့က အမ်စတာဒမ်မြို့ အက်ချီပေါ်လ်လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏ ဥရောပခရီးစဉ်တွင် နယ်သာလန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဥရောပသမဂ္ဂ၏ဌာနချုပ်ရုံးတည်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ ခရီးစဉ်များ ပါဝင်သည်။

သမ္မတရှီကျင့်ဖျင်၏ ဥရောပခရီးစဉ်တွင် တရုတ်နိုင်ငံမှ အဓိကစီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့်လိုက်ပါလာခဲ့ကြပြီး တရုတ်နှင့် ဥရောပနိုင်ငံများအကြား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်မှန်းသည်။

တရုတ်သမ္မတ၏ ခရီးစဉ်တွင် အဲဘတ်စ်ကုမ္ပဏီမှထုတ်လုပ်သော ခရီးသည်တင်လေယာဉ်အစင်းရေ ၁၅၀ ခန့်အား တရုတ်နိုင်ငံက မှာယူဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းခရီးစဉ်အတွင်း၌ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အနောက်အုပ်စုအင်အားကြီးနိုင်ငံများက ယူကရိန်းဒေသ၌ ရုရှားအစိုးရအရေးယူလုပ်ဆောင်နေမှုအပေါ် အခိုင်အမာဖိအားပေးမှုများနှင့်လည်း ရင်ဆိုင်ရဖွယ်ရှိသည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံက ကိုင်တွယ်ကျင့်သုံးသော နိုင်ငံခြားရေးမူဝါဒများအပေါ်တွင် အစဉ်အမြဲထောက်ခံမှုပြုခဲ့သော်လည်း လွန်ခဲ့သည့်ရက်သတ္တပတ်က ယူကရိန်းနိုင်ငံတွင် ၎င်း၏မဟာမိတ်ဖြစ်သူ ရုရှားနိုင်ငံ၏ လုပ်ဆောင်မှုအား အပြည့်အဝထောက်ခံရန်ကိုမူ ငြင်းဆိုခဲ့သည်။

**ဘီဘီစီ။**



နယ်သာလန်နိုင်ငံ ဘုရင် ဝီလျံအလက်ဇန္ဒာ တရုတ်သမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များကို နှုတ်ဆက်စဉ်။

## ပါလက်စတိုင်း စစ်သွေးကြွများကို အစ္စရေးတိုက်ခိုက်

ဂါဇာ မတ် ၂၂

အနောက်ဘက်ကမ်းဒေသရှိ ဂျီနင်းဒုက္ခသည်စခန်းတွင် မတ် ၂၂ရက်က ပါလက်စတိုင်းစစ်သွေးကြွများအား အစ္စရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း တိုက်ခိုက်ရာ ပါလက်စတိုင်းသုံးဦးသေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသွားသော စစ်သွေးကြွသုံးဦးမှာ ဟားမားစ်လှုပ်ရှားမှုအဖွဲ့မှ နှစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့မှဖြစ်သည်။ ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။ အစ္စရေးစစ်ဘက်ဆိုင်ရာက လူနေအိမ်တစ်လုံးသို့ သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာတွင် နှစ်ဦးပွဲချင်းပြီးသေဆုံး၍ နောက်တစ်ဦးမှာ ရရှိသောဒဏ်ရာဖြင့် ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

**ပီတီအိုင်။**

# လစ်ဗျားနိုင်ငံ ထရီပိုလီနိုင်ငံတကာလေဆိပ် လေယာဉ်ပြေးလမ်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ထရီပိုလီ မတ် ၂၂

**လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီရှိ နိုင်ငံတကာလေဆိပ်၏ လေယာဉ်ပြေးလမ်းပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၂၂ ရက်တွင် ပြောကြားသည်။**

အာဖရိကမြောက်ပိုင်းရှိ လစ်ဗျားနိုင်ငံ၌ လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေပုံကို ယခုဖြစ်ရပ်က ဖော်ညွှန်းနေကြောင်း၊ လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ ဖြုတ်ချခံခဲ့ရပြီး သုံးနှစ်မျှကြာမြင့်သည်အထိ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်း မရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံ၌ လုံခြုံရေးအတင်းကျပ်ဆုံးနေရာများတွင်ပါဝင်သည့် ထရီပိုလီနိုင်ငံတကာလေဆိပ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး မိုဟာမက်အာမတ်က ပြောကြားသည်။



ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သော ထရီပိုလီနိုင်ငံတကာလေဆိပ်ကို တွေ့ရစဉ်။

### ပေါက်ကွဲ

ထရီပိုလီနိုင်ငံတကာလေဆိပ်၏ လေယာဉ်ပြေးလမ်းပေါ်၌ မည်သူမည်ဝါမသိရသူ လူတစ်စုက ဗုံးထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးမှာ ချိန်ကိုက်ဗုံးဖြစ်ပြီး မတ် ၂၂ ရက် အရုဏ်တက်ချိန်တွင် ပေါက်ကွဲခဲ့ကြောင်း ဝန်ကြီး အာမက်ကပြောကြားသည်။

ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် နာရီအတန်ကြာမျှ လေဆိပ်ကိုပိတ်ထားခဲ့ရပြီး လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့သည်။

လေဆိပ်တွင် ပေါက်ကွဲမှုအသေးစားဖြစ်ပွားခဲ့ကြောင်း လေဆိပ်လုံခြုံရေးတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ကနဦးအားဖြင့် လေယာဉ်ပြေးလမ်းကို ရော့ကက်လောင်ချာဖြင့် ပစ်ခတ်သည်ဟု ထင်မြင်ယူဆခဲ့မှုမှာ မဟုတ်မှန်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ ကင်ညာ အမျိုးသမီးအမတ်များ မကျေနပ်

နိုင်ရိုဘီ မတ် ၂၂

**ကင်ညာနိုင်ငံတွင် အမျိုးသမီးလွှတ်တော်အမတ်များသည် ညဉ့်နက်ပိုင်းအထိကြာသွားသော လွှတ်တော်အစည်းအဝေးတွင် အမျိုးသားများသည် မိန်းမတစ်ယောက်ထက်ပိုမိုယူခွင့်ရှိသော ဥပဒေအပေါ် အငြင်းအခုံပြု၍ လွှတ်တော်အတွင်းမှ ဒေါသထန်ကာထွက်ခွာသွားကြကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

အဆိုပါဥပဒေသည် ယောကျာ်း တစ်ယောက်ကို မိန်းမတစ်ယောက်သာယူခွင့်ပြုထားသည့် တရားဥပဒေကို ဓလေ့ထုံးတမ်းဥပဒေအဖြစ်သို့ ပြောင်းလဲရန်ရည်ရွယ်သည်။ ဓလေ့ထုံးတမ်းဥပဒေတွင် အချို့ယဉ်ကျေးမှုများသည် ယောကျာ်း တစ်ယောက်ကို မိန်းမတစ်ယောက်မကယူရန် ခွင့်ပြုထားသည်။

လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကိုပြင်ဆင်ရန် အမျိုးသားလွှတ်တော်အမတ်များက မဲပေးခဲ့ကြသည်။ ပြင်ဆင်သည့်အချက်မှာ ယောကျာ်းများသည် လက်ရှိဇနီးနှင့်တိုင်ပင်ခြင်းမရှိဘဲ ၎င်းတို့ဆန္ဒရှိသရွေ့ မိန်းမများယူခွင့်ပြုရန် ဖြစ်သည်။

ရိုးရာထုံးတမ်းအစဉ်အလာမှာ ယောကျာ်းတစ်ယောက်သည် နောက်ထပ်မိန်းမယူခဲ့မည်ဆိုလျှင် ပထမဇနီးများ၏ သဘောတူညီမှုကို ရယူရန်လိုအပ်သည်။

အမတ်ဦးရေ ၃၄၉ ဦးရှိသော လွှတ်တော်တွင် အမျိုးသမီးအမတ် ၆၉ ဦးအနက် ၃၀ဦးက အချေအတင်ဆွေးနွေးမည်ဖြစ်၍ ယှဉ်ပြိုင်ဆွေးနွေးမည့် အမျိုးသားအမတ်ဦးရေက ပိုမိုများပြားခဲ့သည်။

ယင်းသို့အချေအတင်ဆွေးနွေးခြင်းများမှာ စက်ဆုတ်ရွံရှာဖွယ်ရာဖြစ်၍ အမျိုးသမီးများက လွှတ်တော်အစည်းအဝေးကို သပိတ်မှောက်ထွက်ခွာခဲ့သည်။လွှတ်တော်ကအတည်ပြုလိုက်သော ၎င်းလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို သမ္မတက လက်မှတ်ရေးထိုးပြီးမှသာ ဥပဒေအဖြစ် အာဏာအသက်ဝင်မည်ဖြစ်သည်။ **ဘီဘီစီ။**



ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီ၌ လက်ထပ်ထိမ်းမြားပွဲ အခမ်းအနား ကျင်းပစဉ်။

# ဗင်နီဇွဲလား၌ ဆန္ဒပြမှုများဖြစ်ပွားခြင်းကြောင့် ဒေါ်လာ ၁၀ ဘီလီယံဖိုး ပျက်စီးဆုံးရှုံးရဟုဆို

**ကရာကက်စ် မတ် ၂၂**

ဗင်နီဇွဲလားနိုင်ငံ၌ လွန်ခဲ့သည့်လက ဆန္ဒပြမှုများ ဖြစ်ပွားခဲ့မှုကြောင့် ပြည်သူပိုင်ဥစ္စာခေ ပျက်စီးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖိုးရှိကြောင်း သမ္မတနီကိုလတ်စ် မာဒူရိုက မတ် ၂၂ ရက်တွင် ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ၌ လမ်းများကို ပိတ်ဆို့၍ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ယင်းဆန္ဒပြမှုများသည် ပြည်သူပိုင်ပစ္စည်းများကို ဖျက်လိုဖျက်ဆီးလုပ်လိုသော အတိုက်အခံ ခေါင်းဆောင်များ၏ အကြမ်းဖက်လုပ်ရပ်များသာဖြစ်ကြောင်း သမ္မတ မာဒူရိုက ဝေဖန်ပြောကြားသည်။

ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းမဟုတ်ဘဲ အကြမ်းဖက်သည့် လုပ်ရပ်များကို ကျူးလွန်ခဲ့ကြကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနမှ မိန့်ခွန်းပြောကြားရာတွင် သမ္မတ မာဒူရိုက ဖော်ပြသည်။

### အဓိကရုဏ်းများဖြစ်ပွား

ဗင်နီဇွဲလားနိုင်ငံ၌ လွန်ခဲ့သည့်လ အစောပိုင်းမှစ၍ ဆန္ဒပြမှုများ စတင်ဖြစ်ပွားခဲ့သည်။ အစိုးရလိုလားသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တစ်ဖက်၊ ဆန္ဒပြသူများက တစ်ဖက် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ ခရစ္စတိုဘယ်လ်မြို့ရှိ စစ်ကောလိပ်ကျောင်းကို ဆန္ဒပြသူများက စီးနင်းခဲ့ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။ အဆိုပါမြို့ရှိ မြို့တော်ဝန်ကို ထောက်လှမ်းရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ အကြမ်းဖက်ဆူပူမှုများ ဖြစ်ပွားခဲ့ပြီး မြို့အများအပြားတွင် လမ်းများကို ပိတ်၍ ဆန္ဒပြခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**

# ပထမအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ



ပထမအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**ရန်ကုန် မတ် ၂၂**

ပထမအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar၊ ထိုင်းနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Ms. Vltida Sivakua၊ UNESCO မှ Programme Manager Mr. Sarda Umar Alam၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ဖိတ်ကြားထားသည့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စာကြည့်တိုက်ပညာရှင်များ၊ တက္ကသိုလ်/ကောလိပ် စာကြည့်တိုက်မှူးများနှင့် ဖိတ်ကြားထားသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စာကြည့်တိုက်မှူးများ၊ တွဲဖက်စာကြည့်တိုက်မှူးများ၊ ရပ်ကွက်နှင့်ကျေးရွာစာကြည့်တိုက်မှူးများ၊ လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာ၌ စာကြည့်တိုက်များ အဆင့်မြင့်တင်ရေးကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်ကလည်း စာကြည့်တိုက်သို့ လူအများအပြား ပိုမိုလာရောက်စေရန် နည်းလမ်းသစ်များ ရှာဖွေကြရမည်ဖြစ်ကြောင်း၊ ယင်းနည်းလမ်းများကို ယခုညီလာခံတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမည်ဟု ယုံကြည်ပါကြောင်း။

ထို့ပြင် စာကြည့်တိုက်ကို စာကြည့်ရုံမျှသာ သဘောမထားဘဲ ရပ်ရွာလူမှုအသိုက်အဝန်း၏ အရေးပါသောကိစ္စရပ်များအတွက် နိုးကြားစွာ ဘုံသဘော အသုံးပြုသည့် နေရာဌာနအဖြစ်ဖန်တီးခြင်း (Creating a Vibrant Community Space) နည်းလမ်းလည်း ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဒစ်ဂျစ်တယ်စကြီးအသုံးပြု၍ စာကြည့်တိုက်များကို လက်ကိုင်ဖုန်းများမှတစ်ဆင့် မျှဝေပေးနိုင်သော နည်းလမ်းသည် ကနဦး အကုန်အကျများမည်ဖြစ်သော်လည်း ရေရှည်တွင် များစွာအကျိုးရှိထိရောက်စေမည်ဟု ယူဆပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဦးကျော်ဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar က အစ္စရေးနိုင်ငံရှိ စာကြည့်တိုက်အမျိုးအစားများ၊ လူထုစာကြည့်တိုက်များနှင့် ယင်းတို့၏အခန်းကဏ္ဍများ၊ ၂၁ရာစုစာကြည့်တိုက်များ၏ အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ထိုင်းနိုင်ငံသံအမတ်ကြီးကိုယ်စား ပထမအတွင်းဝန် Ms. Vltida Sivakua က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဦး (ဟိန်းလတ်)က ဆွေးနွေးပွဲခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညီလာခံကို စတင်ကျင်းပပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစုအဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။ ပထမအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ညီလာခံကို မတ် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



# ပညာဒါန အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိ အသုံးချနိုင်ရန် လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ပညာဒါန သရပါစာကြည့်တိုက်တို့ ပူးပေါင်း၍ အင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး သရပါစာကြည့်တိုက်မှူး ဦးရဲထက်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**(ပြန်/ဆက်)**

# သုံးခွကျွန်း လယ်ယာကဏ္ဍ

သုံးခွကျွန်းပတ်တာသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် တည်ရှိ၍ မိုးစပါး၊ နွေစပါးနှင့်သီးနှံစိုက်ပျိုးရေး အဓိကဖြစ်ထွန်းသည့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျွန်းပတ်တာဖြစ်ပြီး ဒေးဒရဲမြို့နယ်၊ ကော့မှူးမြို့နယ်၊ မအူပင်မြို့နယ်များနှင့်လည်း ထိစပ်လျက်ရှိကြောင်းသိရသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးခဲ့သည့်အချိန်မှ စတင်၍ နှစ်စဉ်ထိခိုက်ပျက်စီး ချွတ်ယွင်းမှုများ၊ မိုးရာသီမြစ်ရေကြီးချိန်တွင် တာနိမ့်ရေကျော်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖျာပုံခရီးစဉ်အတွင်း ကျိုက်လတ်မြို့နယ်၏ မြို့မိမြို့ဖ ဦးမောင်မောင်တိုးက ဖော်ပြပါ သုံးခွကျွန်းပတ်တာနှင့်ပတ်သက်၍ ဆောင်ရွက်ပေးပါရန် တင်ပြပေးခဲ့မှုအပေါ် ခွင့်ပြုချက်ရရှိခဲ့သဖြင့် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ ကျွန်းပတ်တာဆိုင်ရာ ချွတ်ယွင်းချက်နှင့် အားနည်းချက်များ လျော့ပါးသက်သာစေရေးအတွက် ဖျာပုံခရိုင်ဆည်မြောင်းဦးစီးဌာနမှ သုံးခွကျွန်းပတ်တာ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ခန့်မှန်းကုန်ကျငွေကျပ်သန်း ၄၈၈ ဒသမ ၇ သန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့သဖြင့် လုပ်ငန်းပမာဏ အလျား ၂၂ ဒသမ ၂၅ မိုင်၊ မြေကြီးကျင်း ၂၁၄၆၈၀ ကျင်း၊ တာထိပ်ဝအကျယ် ၁၂ ပေ၊ တာအမြင့် ငါးပေမှ ခြောက်ပေ၊ လုပ်ငန်းဆောင်ရွက်ချိန် နှစ်လခွဲခန့်အတွင်း အကျိုးပြုဧရိယာ ၂၁၃၆၀ ဧကအား ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါလုပ်ငန်းတာဝန်ခံ ဦးသိန်းဇော်(ဦးစီးမှူး-မြို့ပြ)ထံမှ သိရသည်။

ယင်းသုံးခွကျွန်းပတ်တာအတွင်းရှိ ကျောက်တိုင်စုမြောင်းမကြီးနှင့် ဆက်စပ်မြောင်းများ အလျား ၃၇မိုင်၊ အောက်ခြေအကျယ် ငါးပေမှ ၁၀ ပေ၊ တာထိပ်ဝအကျယ် ၁၅ ပေမှ ပေ ၂၀၊ ပျမ်းမျှအနက် ရှစ်ပေနှင့် လုပ်ငန်းပမာဏ ၂၀၁၄၃၆ ကျင်းအား အကျိုးပြုဧရိယာ ၂၁၃၉၁ ဧကထိ ဖြစ်ထွန်းအောင် ၂၀၁၃ ခုနှစ်အတွင်း တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ တာနှင့်မြောင်းကွန်ရက်စနစ် ဟန်ချက်ညီညီချိတ်ဆက်လာနိုင်ကာ လိုအပ်သောမြေနှင့်ရေစီမံခန့်ခွဲမှု (Soil and Water Management) ကောင်းစွာ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး အကျိုးပြုလယ်ယာမြေ ၄၂၇၅၁ ဧကခန့်ကိုလည်း မြစ်ရေဝင်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများမှ လျော့နည်းသက်သာစေမည့်အပြင် သီးထပ်သီးညှပ်များ ထပ်ဆင့်စိုက်ပျိုးလာနိုင်တော့မည်ဖြစ်သည်ဟု ဦးစိုးဝင်း [လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)]ဆည်မြောင်းဦးစီးဌာန ဖျာပုံခရိုင်က သုံးသပ်ပြောကြားသည်။

ထိုသို့ ကျွန်းပတ်တာအခိုင်အမာပြုပြင်ခြင်းလုပ်ငန်းနှင့် ကျွန်းတွင်းမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသတွင်းရှိ ကျေးလက်များကုန်းလမ်း/ရေလမ်း သွားလာဆက်သွယ်မှုပိုမိုချောမွေ့စေပြီး လိုအပ်သည့်စိုက်ပျိုးရေရရှိခြင်းဖြင့် လယ်ယာကဏ္ဍကိုအထောက်အကူပြုစေနိုင်မည့်အပြင် ဒေသ၏စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများ သိသိသာသာ တိုးတက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းများကဲ့သို့ပင် ဖျာပုံခရိုင်အတွင်း ထပ်မံပြင်ဆင်တူးဖော်ဆောက်လုပ်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်နေသေးသည့် တာများ၊ မြောင်းများ၊ ချောင်းများ၊ ရေထုတ်ပြွန်များ၊ ရေတံခါးများ၊ ရေထိန်းတံခါးများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခွင့်နှင့် အရေးပေါ်ဆောင်ရွက်ခွင့်၊ ရန်ပုံငွေရရှိမှုတို့အပေါ် ဒေသအထွက် ဦးစားပေးစနစ်အလိုက် အဓိကလိုအပ်သည့်အခြေအနေပေါ်မူတည်၍ နိုင်ငံတော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**



# ကုသရင်း ကာကွယ်ရမယ့်၊ ပျောက်သော်လည်း ကြောက်ရတဲ့ တီဘီ

ပါမောက္ခ ဦးဝင်းနိုင်
(အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး)

(၂၀၁၄) ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့
"တီဘီလူနာရှာဖွေကာ၊ ပျောက်ကင်းအောင် ကုသပါ"
**World TB Day (2014)**
**"TB REACH THE THREE MILLION. FIND. TREAT. CURE TB."**
၂၀၁၄ ခုနှစ်၊ မတ်လ (၂၄) ရက် **24th March, 2014**

အဆုတ်အထူးကုဆရာဝန်တစ်ဦးအနေနဲ့ နေ့စဉ်ကြည့်ရှုရတဲ့လူနာတွေထဲမှာ တီဘီလူနာက အများစုပါ။ အဆုတ်တီဘီရောဂါရှင်တွေပေါ့။ ရောဂါစစ်ဆေးပြီး လူနာကို "တီဘီရောဂါ"လို့ပြောလိုက်တာနဲ့ လူနာတွေက တုန်လှုပ်သွားတတ်တယ်။ အဲဒီနောက်မေးခွန်းတွေပြန်မေးလေ့ရှိတယ်။ အမေးအများဆုံးက "တီဘီဆိုတာ ပျောက်သလားတဲ့"။

**တီဘီဆိုတာ ပျောက်သလား**

ဆေးကျောင်းတက်တုန်းက ဆရာကြီးတွေရဲ့သင်ကြားဆုံးမမှုတွေထဲမှာ ရောဂါအမယ်စုံရဲ့ သုံးပုံ တစ်ပုံလောက်ကို အပြီးအပိုင်ပျောက်အောင်ကုသနိုင်တယ်တဲ့။ ပိုးမွှားတွေဝင်လို့ဖြစ်ရတဲ့ရောဂါတွေ Infection ကို ရည်ညွှန်းပြောတာပါ။ တီဘီအပါအဝင်ပေါ့။ တီဘီရောဂါက Mycobacteria အုပ်စုဝင်ပိုးတွေကြောင့် ဖြစ်ရတာကိုး။ ဒီပိုးကြောင့်ဖြစ်တဲ့ ရောဂါမှန်းသိခဲ့တာကြာပါပြီ။ ၁၈၈၂ ခုနှစ်ကတည်းက "Robert Koch" က တွေ့ခဲ့တာ။ ဒါကြောင့် "တီဘီဆိုတာ ကုရင်ပျောက်ပါတယ်"လို့ပြန်ဖြေလေ့ရှိပါတယ်။ တချို့လူနာတွေက ထပ်မေးတတ်ပြန်ပါတယ်။ "ပျောက်မှာ သေချာရဲ့လားဆရာ"လို့။

**တီဘီဟာ ရာခိုင်နှုန်းပြည့်ပျောက်ရဲ့လား**

ဆေးပညာအရ ရာခိုင်နှုန်းပြည့်သေချာတဲ့ ကုထုံးမရှိပါ။ တီဘီရောဂါမှာ ပိုလို့ပင်မသေချာပါ။ အကြောင်းရင်းက ဆေးမတိုးတဲ့ "ဆေးယဉ်ပါးတီဘီ"ဆိုတာရှိသကိုး။ ပထမဆုံးအကြိမ် တီဘီရောဂါဖြစ်တဲ့သူတွေမှာ လေးရာခိုင်နှုန်းခန့်နဲ့ ပြန်ဖြစ်တဲ့တီဘီရောဂါသည်တွေမှာ ၁၀ ရာခိုင်နှုန်းခန့်အထိ "ဆေးယဉ်ပါးတီဘီ"ရှိတတ်ပါတယ်။ အဲဒီတော့ "တီဘီဆိုတာ ကြောက်ရသလား"လို့ ထပ်မေးတတ်ပြန်တယ်။

**တီဘီဆိုတာ ကြောက်ရသလား**

မေးမြန်း၊ စမ်းသပ်၊ စစ်ဆေးပြီး ရောဂါရှိတယ်လို့ပြောလိုက်တာနဲ့ "လူကောင်း"လို့ ထင်နေရာကနေ "လူနာ" ဖြစ်သွားရပြီ။ "တီဘီလူနာ"ပေါ့။ အလုပ်သစ်စဝင်မယ့်သူ အလုပ်ဝင်မရတော့တာတွေ၊ အလုပ်ရှိရင်းစွဲကနေ အလုပ်ပြုတ်သွားတာတွေအစ လူမှုစီးပွားဘဝ ထိခိုက်ကြရပါတယ်။ ရောဂါရဲ့သဘောကလည်း ကူးစက်လွယ်တတ်တာကိုး။ လူနာရဲ့ နှာချေ၊ ချောင်းဆိုးရာကနေ အဆုတ်ထဲက တီဘီပိုးက လေထဲရောက်တယ်။ လေကနေတစ်ဆင့် တခြားသူတွေကို ကူးစက်တယ်လေ။ ဒါတွေကိုရှင်းပြလိုက်တော့ လူနာနဲ့လူနာရှင်တွေဆီက မေးခွန်းတွေ ဆက်တိုက်ထွက်လာတတ်ပြန်ပါတယ်။ အမေးနဲ့အဖြေတွေကတော့-

**မေး ။ ။ အတူနေ မိသားစုတွေကို ကူးကုန်ပြီလား။**

ဖြေ ။ ။ တီဘီချောင်းဆိုးဖြစ်တာ ကြာလေလေ ကူးစက်ဖို့များလေလေပါ။

**မေး။ ။ ဆေးကုရင် အကုန်အကျများမှာလား။**

ဖြေ ။ ။ တီဘီဆေးကို အခမဲ့ရနိုင်ပါတယ်။ တီဘီတိုက်ဖျက်ရေးဌာနတွေ၊ ပြည်သူ့ဆေးရုံတွေနဲ့ ဒေသန္တရဆေးခန်းတွေမှာ အခမဲ့ကုသနိုင်ပါတယ်။

**မေး ။ ။ ဆေးအကြာကြီးသောက်ရမှာလား၊ ဆေးထိုးဖို့လိုသလား၊ ဆေးအကောင်းစားများရှိသလား။**

ဖြေ ။ ။ ပထမဆုံးအကြိမ်ဖြစ်တဲ့ တီဘီလူနာအသစ်အတွက် ခြောက်လကုသရပါမယ်။ ထိုးဆေးမပါပါဘူး။ နောက်တစ်ကြိမ်ပြန်ဖြစ်တဲ့ တီဘီလူနာများအတွက် ရှစ်လကုသရပါမယ်။ ပထမနှစ်လမှာ ထိုးဆေးပါ ထိုးရပါမယ်။ သုံးရတဲ့ ဆေးတွေက (First Line Drugs) တွေဖြစ်ပါတယ်။ ပထမတန်းစားဆေးတွေပါ။

**မေး ။ ။ ဆေးတွေရဲ့ဒဏ် တော်တော်ခံရမှာလား၊ ဆေးတွေက အန္တရာယ်ရှိသလား။**

ဖြေ ။ ။ ဆေးတိုင်းမှာ ဘေးထွက်ဆိုးကျိုးရှိပါတယ်။ ဒါပေမယ့် အများစုကခံနိုင်ကြပါတယ်။ တီဘီဆေးတွေကိုလည်း လူနာအများစုက ခံနိုင်ကြပါတယ်။ ဆေးစသောက်ခါစမှာ ဆေးဒဏ်ခံရနိုင်ပေမယ့် ရက်အနည်းငယ်အတွင်းမှာ ဆေးဒဏ်ခံနိုင်လာပါတယ်။

**မေး ။ ။ ဘယ်လိုလက္ခဏာတွေကို သတိထားရမလဲ။**

ဖြေ ။ ။ အဓိကအားဖြင့် သုံးချက်ရှိပါတယ်-

(၁) အသား၊ မျက်စိဝါလာရင်၊
(၂) ယားနာ၊ အဖုအပိမ့်၊ အနီစက်တွေ ထွက်လာရင်၊
(၃) ပျို့အန် မစားမသောက်နိုင်ရင်

အရေးကြီးပါတယ်။ သတိထားပါ။ လူနာနဲ့အတူ ပါလာတဲ့ လူနာရှင်တွေက ကူးစက်ခံရမှာကြောက်လာတတ်ပါတယ်။ သူတို့ကိုယ်တိုင် လူနာမဖြစ်သွားဖို့ နေပုံ၊ ထိုင်နည်းတွေ မေးလာတတ်ပါတယ်။

**တီဘီမဖြစ်အောင် ဘယ်လိုကာကွယ်ရမလဲ**

တီဘီရောဂါမှာ အဆုတ်တီဘီအပြင် အရိုးတီဘီ၊ အူတီဘီ၊ ဦးနှောက်တီဘီစသည်ဖြင့် ရှိပါသေးတယ်။ အဆုတ်တီဘီတစ်မျိုးတည်းကသာ လေကတစ်ဆင့်ကူးတတ်တာပါ။ တီဘီပိုးပါတဲ့လေကို ရှူမိရင် အကူးခံရနိုင်ပါတယ်။ ဒီနေရာမှာ အသိမှား၊ အလုပ်မှားတွေရှိတတ်ပါတယ်။ အမေးများတဲ့မေးခွန်းတွေနဲ့ အဖြေတွေကတော့-

**မေး ။ ။ အစားအသောက်၊ ပန်းကန်ခွက်ယောက်ခွဲထားရမလား။**

ဖြေ ။ ။ မလိုအပ်ပါ။ ပန်းကန်ခွက်ယောက်ကို လူနာနဲ့ ရောသုံး၍ တီဘီမကူးနိုင်ပါ။

**မေး ။ ။ အိပ်ခန်း ခွဲအိပ်စရာလိုပါသလား။**

ဖြေ ။ ။ လူနာတိုင်းအတွက် အိပ်ခန်းခွဲအိပ်ရန် အဆင်မပြေနိုင်ပါ။ သီးခြားအခန်းထဲမှာ နေရုံ၊ အိပ်ရုံဖြင့် ကျန်မိသားစုဝင်များ မလုံခြုံနိုင်ပါ။

**မေး ။ ။ အိမ်သားများ နှာခေါင်းစည်းအမြဲတပ်ထားသင့်လား။**

ဖြေ ။ ။ နှာခေါင်းစည်းကို လူနာကိုယ်တိုင်တပ်ရန်ဖြစ်ပါတယ်။ အခြားသူများတပ်ပြီး လူနာမတပ်ထားလျှင် ကူးစက်နိုင်ပါတယ်။ အနည်းဆုံးအနေဖြင့် ချောင်းဆိုး၊ နှာချေလျှင် ပါးစပ်နှင့်နှာခေါင်းကို လက်ကိုင်ပဝါ၊ အဝတ်စတို့ဖြင့် လုံခြုံအောင်ဖုံးကာရပါမယ်။

**မေး ။ ။ ဘယ်လိုဆင်ခြင်နေထိုင်သင့်သလဲ။**

ဖြေ ။ ။ ချောင်းဆိုး၊ နှာချေရာမှာ ကျန်းမာရေးအသိရှိရပါတယ်။ တီဘီရောဂါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပါးစပ်၊ နှာခေါင်းတို့ကို လုံခြုံအောင် ဖုံးကာရပါမယ်။ စည်းကမ်းမဲ့စွာ တံတွေးမထွေးသင့်ပါဘူး။ မိမိနေထိုင်ရာနေရာမှာ လေဝင်လေထွက်ကောင်းသင့်ပါတယ်။ နေရောင်ခြည်ရသင့်ပါတယ်။

တီဘီရောဂါဖြစ်မှာကြောက်လို့ တီဘီရောဂါကို ကာကွယ်ရမယ့်နည်းတွေ သိပြီး လိုက်နာခဲ့ရင် တီဘီဖြစ်ဖို့တော့ နည်းသွားပြီပေါ့။ ဒါပေမယ့် ကာကွယ်ရုံနဲ့ လုံလောက်ပြီလို့ မထင်လိုက်ပါနဲ့။

**ကာကွယ်ရုံနဲ့ ရမလား**

မိမိပတ်ဝန်းကျင်မှာ တီဘီရောဂါသည်တွေ များလေလေ၊ ကူးစက်ခံရဖို့ များလေလေပါ။ အဲဒီတော့ တီဘီရောဂါသည်တွေ နည်းနိုင်သမျှနည်းသွားအောင် ဆောင်ရွက်ပေးရပါမယ်။ တီဘီရောဂါရှိတယ်လို့ သတ်မှတ်ပြီးတာနဲ့ တီဘီဆေးစကုသင့်ပါတယ်။ အမြန်ဆုံးကုသမှုခံယူဖို့ တိုက်တွန်းရပါမယ်။ ပြီးပျောက်သည်အထိ ကုသစေရပါမယ်။ ဒါမှ မိမိပတ်ဝန်းကျင်မှာ တီဘီလူနာတွေလျော့နည်းလာပြီး ကူးစက်မှုလည်း နည်းသွားမှာပါ။

**ပြီးပြည့်စုံတဲ့ ကျန်းမာရေး**

တီဘီရောဂါမှာ ကုသပေးမယ့်သူ၊ ကုသရမယ့်ဆေးဝါးနဲ့ ဆေးပစ္စည်း၊ ကုန်ကျရမယ့်ငွေကြေးတွေ ပြည့်စုံတာနဲ့ ပြီးပြည့်စုံတဲ့ကုသရေး ဖြစ်မလာပါ။ လူနာတစ်ဦးမှသည် လူ ၁၀ ဦးအထိ တစ်နှစ်အတွင်း ကူးစက်နိုင်တဲ့ တီဘီရောဂါမှာ လူနာ၊ လူနာရှင်နဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ ရောဂါအပေါ်မှာရှိသင့်တဲ့အသိနဲ့ အလုပ်တွေက အလွန်အရေးကြီးပါတယ်။ အများမှာဖြစ်တဲ့ အဖြစ်များတီဘီကို အများက ပါဝင်ဆောင်ရွက်ရပါမယ်။ လူနာတွေကို အပြစ်တင်ကာ ပစ်ထားလျှင်ဖြင့် ဆက်ပွားနေဦးမှာပါ။

ပျောက်သော်လည်း ကြောက်ရတဲ့တီဘီပါ။ ကုသရင်း ကာကွယ်ရမယ့် တီဘီပါ။ ဤအသိဝင်ကာ ဖေးကူကြလျှင်ဖြင့် အဖြစ်ဝေးကာ ကင်းစင်လာပေလိမ့် "တီဘီကင်းတဲ့တို့မြန်မာ"လို့ ဟစ်ကြွေးရအောင်ပါ။ ။

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေးအတွက် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၂၂**

မကွေးမြို့တွင် ရောက်ရှိနေသော မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့်အဖွဲ့သည် မတ် ၁၉ ရက်တွင် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုရွေးချယ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြထားသော မကွေးမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၊ MEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ အမေထွားဆီစက်လုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်ရုံ(မကွေး)နှင့် မကွေးမြို့တော်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးစံပြကျေးရွာဆုအတွက် ကံမကျေးရွာသို့ သွားရောက်ပြီး ပခုက္ကူခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။ မတ် ၂၀ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ကံမကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ရွှေလာဘ်ပွင့်ဝါကြိတ်လုပ်ငန်း၊ ချမ်းစိမ့်တိုင်းရင်းဆေးဝါးထုတ်လုပ်ငန်း၊ ကံမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အထက(ကံမ)နှင့် ဒို့တောင်သူထယ်၊ ဒယ်၊ လယ်ယာသုံးပစ္စည်း၊ သံရည်ပုံသွင်းထုတ်လုပ်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်လမ်း ကျောက်ချောခင်း

**ပေါက်ခေါင်း မတ် ၂၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် အာရှမျိုးဆက်သစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ပေါက်ခေါင်းမြို့နယ်အပိုင်း ငါးခူအိုင် - ကင်းလည် - ညံတောကန်လမ်း (၇)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ခရိုင်ဦးစီးမှူး ဦးမင်းမောင်နှင့် မြို့နယ်ဦးစီးမှူးတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ကျေးလက်ဦးစီး)**




ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ကုန်မြို့ရှိ စက်ပစ္စည်းနှင့်မော်တော်ယာဉ်သိုလှောင်ရုံတွင်ရှိသော အောက်ပါ ပစ္စည်းများကို ထုခွဲရောင်းချမည်ဖြစ်ပါသဖြင့် ဝယ်ယူလိုသူများ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-
(က) ဟိုတယ်/စားသောက်ခန်း သုံးပစ္စည်းများနှင့် အိပ်ခန်းဆောင်သုံးပစ္စည်းများ
(ခ) ဟိုတယ်သုံး လျှပ်စစ်ပစ္စည်းများနှင့် ပရိဘောဂများ

၂။ တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-ကျပ်နှုန်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော် နှင့် ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ (၃၂) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တို့တွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါကို ၂၆-၃-၂၀၁၄ ရက်တွင် ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဖွင့်လှစ်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ်-၀၆၇-၄၀၆၁၀၃၊ ၄၀၆၁၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

# ရွှေတြိဂံနယ်မြေ မြန်မာ-ထိုင်း-လာအို ဆွမ်းဆန်စိမ်းစုပေါင်းလှူဒါန်း

**နေပြည်တော် မတ် ၂၂**

သာသနာပြန့်ပွားရေးနှင့် ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်ခြင်းအတွက် မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး နိုင်းဝီချိုင်း၊ မယ်ဆိုင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မယ်ဆိုင်မြို့နယ် သာသနာပြန့်ပွားရေး အဖွဲ့တို့က ကြီးမှူး၍ ရွှေတြိဂံနယ်မြေဖြစ်သည့် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်အလှူရှင်များက သံဃာတော်အပါး ၁၀၀၀၀ အား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ဝိန်းဖန်းခမ်းရပ်ကွက် ဖာဟိုလျှိုထင်းလမ်းမကြီးတစ်လျှောက် မတ် ၂၂ ရက် နံနက် ၆ နာရီက စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါ သုံးနိုင်ငံစုပေါင်းဆွမ်းလောင်းပွဲကို ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူး နိုင်းချာ့ချိုင်းဆဝမ်ဖုမ်းနှင့် မယ်ဆိုင်မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများ၊ မယ်ဆိုင်မြို့လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မယ်ဆိုင်မြို့နယ်သာသနာပြန့်ပွားရေးအဖွဲ့တို့က ကြီးမှူးကျင်းပရာ ရှေးဦးစွာ ဗုဒ္ဓမြတ်စွာရုပ်ပွားတော်အား ကြည်ညိုဖူးမြော်ကြပြီး သုံးနိုင်ငံမှသံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်မေတ္တာပို့ကာ နံနက် ၇ နာရီခွဲတွင် သုံးနိုင်ငံမှ ကြွရောက်လာသော အလှူရှင် ၁၅၀၀၀ဦးခန့်က



သံဃာတော်များအား ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူခဲ့ကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြန်မာနိုင်ငံဘက်မှ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိနှင့် တာချီလိတ်မြို့ပေါ်ရှိ ကျောင်းတိုက် ၆၆ ကျောင်းမှ သံဃာတော်၊ သီလရှင် စုစုပေါင်း ၁၂၀၀ ခန့်၊ လာအိုနိုင်ငံမှ သံဃာတော် ၁၀၀၀ ခန့်နှင့် ထိုင်းနိုင်ငံမှ သံဃာတော်၊သီလရှင် စုစုပေါင်း ၈၀၀၀ ခန့် ဆွမ်းဆန်စိမ်း အလှူခံခဲ့ကြောင်းနှင့် သုံးနိုင်ငံမှ အလှူရှင် ၁၅၀၀၀ ဦးခန့် လောင်းလှူခဲ့ကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**



# မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နှစ် (၆၀) ပြည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်စပ်လျဉ်း၍ ဘာသာကြီးလေးဘာသာမှ ကိုယ်စားလှယ်များဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၂၂**

တစ်နိုင်ငံနယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို အပြန်အလှန် လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် မကျူးကျော်ရေး၊ တစ်ဦး၏ ပြည်တွင်းရေးကို တစ်ဦးဦးက ဝင်ရောက်မစွက်ဖက်ရေး၊ တန်းတူညီမျှရေးနှင့် အပြန်အလှန် အကျိုးပြုရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးစသည့် မူကြီး(၅)ချက်ကို အခြေခံ၍မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူး၍ နှစ်(၆၀)ပြည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်နှင့် စပ်လျဉ်း၍ ဘာသာကြီး လေးဘာသာမှ ကိုယ်စားလှယ်များ ဟောပြောပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ဝိုင်အမ်စီအေဌာနကျင်းပသည်။

ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့နာယက၊ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘာသာကြီး လေးဘာသာမှ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နှစ် (၆၀) ပြည့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကိုယ်စားလှယ် အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်ကလည်းကောင်း၊ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက အစ္စလာမ်ဘာသာ ကိုယ်စားလှယ် အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်ကလည်းကောင်း၊ ဟိန္ဒူဘာသာကိုယ်စားလှယ် ဒေါက်တာ သလင်းသိန်းက လည်းကောင်း၊ ခရစ်ယာန်ဘာသာ ကိုယ်စားလှယ်သိက္ခာတော်ရဆရာ ဒေါက်တာ စောမာဂေကြီးကလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသာညဏ်က "ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ငြိမ်းချမ်းရေးရဖို့၊ ဘာသာရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခအသွင်ဆောင်သော အယူသီးသောသူများ၊ အစွန်းရောက်သောသူများ၊ ပညာရေးနည်းပါးသောသူများ၊ တစ်ဘာသာနဲ့ တစ်ဘာသာအကြောင်း ဗဟုသုတနည်းပါးသူများကို အသိပညာပေးဖို့အမြဲတမ်းစဉ်းစားနေပါတယ်။ ဒီလိုပညာပေးနိုင်မှ၊ အဲလိုလူတွေအမြင်မှန်ရသွားမှ ပဋိပက္ခတွေချုပ်ငြိမ်းမယ်။ ဒီနေ့ ဘာသာလေးဘာသာကနေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီးဆွေးနွေးဟောပြောလိုက်တဲ့အခါ ဘာသာလေးဘာသာလုံး ဒီမှာရှိနေတယ်။ တစ်ယောက်ကနေ ထပ်ပွားမယ်၊ ထပ်ပွားမယ်ဆိုရင် နိုင်ငံတစ်ဝန်းရောက်တော့မယ်။ နိုင်ငံတစ်ဝန်းကို အဲဒီအသိပညာဗဟုသုတတွေ ရောက်သွားရင် အယူသီးတာတွေဘာမှရည်ရွယ်ချက်မရှိဘူး။ အယူသီးမိတဲ့သူတွေကို အမြင်မှန်ရအောင် ကူညီပြီးတော့ အဓိပ္ပာယ်အသစ်ဖွင့်ပေးလို့ရတယ်။ အသိအမြင် ကောင်းလာအောင် လုပ်ပေးလို့ရတယ်။ ဒါကြောင့်မို့ ဒီဟောပြောပွဲလုပ်ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**(ရီရီသန့်)**

# နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး မန္တလေးတိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းများစစ်ဆေး

**နေပြည်တော် မတ် ၂၂**

စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်(၁)ရှိ စိန်နှင့်မြမွေ့ရာ ပရိဘောဂစက်ရုံသို့ မတ် ၂၁ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ကုန်ချောပစ္စည်းများသိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချမှုများကို ရှင်းလင်းပြသ ကြသည်။

ထို့နောက် မန္တလာလက်တွန်းထွန်စက်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိမန္တလေးနို့ချက်စက်ရုံနှင့် ချမ်းမြသာစည်မြို့နယ်ရှိ ရတနာပူရမြန်မာ့လက်မှုနှင့် အနုပညာဗိမာန်တို့ကို စစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Ze;onu "m;jzilx;í ciye;jzpo aoq;

**နေပြည်တော် မတ် ၂၂**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ခနေသိဒ္ဓိရပ်ကွက်တွင် ခင်ပွန်းဖြစ်သူ၏ညှဉ်းပန်းနှိပ်စက်မှုကို မခံနိုင်ဖြစ်၍ ခင်ပွန်းအိပ်ပျော်နေစဉ် ဇနီးက ဓားဖြင့်ထိုးသောကြောင့် ခင်ပွန်းဖြစ်သူသေဆုံးရသောဖြစ်စဉ်တစ်ခု မတ် ၂၂ ရက် နံနက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၂ နာရီက နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် ဓားထိုးခံရသူ အမျိုးသားတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ အမှတ်(၆) ရဲကင်းစခန်းမှ ဒုရဲအုပ်မြတ်ကိုကိုနှင့်အဖွဲ့ ဆေးရုံသို့ သွားရောက်စစ်ဆေးရာ ဦးတေဇာလင်း အသက် (၃၀)နှစ် တိုက်အမှတ် (၁၃၁၄) အခန်း(၃၃) ခနေသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ်နေသူတွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ရဲတပ်ဖွဲ့ဝင်များက သေဆုံးသူ၏ ဇနီးဖြစ်သူ မသီတာစိုး (၂၉)နှစ်အား မေးမြန်းရာ မတ် ၂၁ ရက် ည ၁၂ နာရီခန့်က ၎င်း၏အမျိုးသား ကိုတေဇာလင်းမှာ သောက်စားမူးယစ်ပြီး တိုက်ခန်းသို့ ပြန်လည်ရောက်ရှိလာပြီး စကားများရန်ဖြစ်ရာမှ ခင်ပွန်းဖြစ်သူ ဧည့်ခန်းတွင် အိပ်ပျော်နေစဉ် ည ၁ နာရီခန့်တွင် အနီးတွင်ရှိသော အရိုးအသွားတစ်ပေခန့်ရှိ ဓားချွန်နှင့် ထိုးသွင်းခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ရှိ မိတ်ဆွေများက ခုတင် (၁၀၀၀) ဆေးရုံသို့ တင်ပို့ခဲ့ရာ ည ၁ နာရီခွဲခန့်တွင် သေဆုံးသွားခဲ့သဖြင့် မသီတာစိုးအား တရားရုံးသို့ တရားစွဲတင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုရှူပ(နေပြည်တော်)**



# လူမှုဖူလုံရေးဥပဒေသစ်သည် အာမခံအလုပ်သမားများအတွက် များစွာအကျိုးရှိ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအကျိုးခံစားခွင့် အပြည့်အဝရရှိ

နိုင်ငံတော်အစိုးရ အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖော်ဆောင်ရာတွင် သန့်ရှင်းသောအစိုးရ(Clean Government )၊ ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance) စနစ်ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ အစိုးရဝန်ကြီးဌာနများအနေဖြင့် ပြည်သူဗဟိုပြုစနစ် ကျင့်သုံးကာ ပြည်သူတို့၏အသံများကို နားထောင်ပြီး ပြည်သူတို့၏ လိုလားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဖူလုံရေးဥပဒေသစ်ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ခုနှစ် ဧပြီ ၁ ရက်နေ့တွင် စတင်ကျင့်သုံးအကောင်အထည်ဖော်တော့မည်ဖြစ်သည်။ ယခင်စနစ်ဟောင်းတွင် အလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးထည့်ဝင်ကြေး လစဉ်ပေးသွင်းနေရသော်လည်း အာမခံအလုပ်သမားများအနေဖြင့် ဆေးဝါးကုသမှုခံယူရာတွင် ကောင်းမွန်သောဆေးဝါးကုသမှုခံယူခွင့်မရရှိခြင်း၊ ဆေးရုံနှင့် ဆေးပေးခန်းများတွင် လုံလောက်သောဆေးဝါးများ မရရှိခြင်း ၊ဆေးဝါးကုသမှုခံယူရာတွင် လူနာ၏ကုန်ကျစရိတ်အလွယ်တကူ ထုတ်ယူ၍မရရှိခြင်းတို့ကြောင့် အာမခံအလုပ်သမားများကြား အားကိုးယုံကြည်မှုလျော့နည်းလာပြီး ယခုအကောင်အထည်ဖော်မည့် လူမှုဖူလုံရေးဥပဒေသစ်သည် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ မည်ကဲ့သို့အပြည့်အဝပေးသွားမည်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းအား သွားရောက်မေးမြန်းခဲ့ပါသည်။

"အခု လူမှုဖူလုံရေးဥပဒေသစ်ဟာ ၂၀၁၄ ဧပြီလ ၁ရက်နေ့ဆို စတင်အာဏာသက်ရောက်တော့မယ်။ ဒီဥပဒေက ကျန်းမာရေးအာမခံစနစ်ဒါကိုဖော်ပေးထားတယ်။ မတော်တဆ ထိခိုက်ဒဏ်ရာရတာတွေ သေဆုံးတာတွေ လျော်ကြေးပေးတာ၊ မီးဖွားခွင့်တွေ စတဲ့ကဏ္ဍတွေနဲ့ တိုင်းပြည်မှာ အလွန်ကောင်းမွန်တဲ့ ကျန်းမာရေး အာမခံစနစ်ကို ထူထောင်ထားတာပါ။ ဒါစိတ်ဝင်စားစရာအကောင်းဆုံးပဲ။ အဲဒီမှာ အားနည်းချက်က ဘာလဲလို့ပြောရင် စနစ်ဟောင်းမှာတုန်းက အလုပ်သမားထည့်ဝင်ငွေ၊ အလုပ်ရှင်ထည့်ဝင်ငွေ အဲဒါနိုင်ငံတော်ကိုသွင်းရတယ်။ နိုင်ငံတော်ကနေမှ ဆေးဖိုးပြန်အမ်းငွေ၊ ဆေးဖိုးပြန်သွင်းငွေတွေပြန်တောင်းရတယ်။ အဲဒီလိုမျိုးတွေနဲ့ အဆင်ဆင့်သွားနေခဲ့ရတယ်။ ဒီဥပဒေအသစ်ကတော့ ပုံစံပြောင်းသွားပြီ။ စနစ်ဟောင်းကို ဘာမှ မဝေဖန်လိုပါဘူး၊ မပြောလိုပါဘူး။ လုပ်ခဲ့တဲ့ လုပ်ငန်းကိုင်ငန်းတွေမှာလည်း ဘာပဲပြောပြော ဒါလေးတွေဟာ ခေတ်စနစ်တွေဟာ အမြင်ချင်းမတူခဲ့ဘူး။ ဒီနေ့ ဒီအချိန်မှာတော့ ပုံစံပြောင်းနေပါပြီ" ဟု ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်းကပြောသည်။

ပြည်သူကို ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် အကောင်းဆုံးဝန်ဆောင်မှုစနစ်ဖြစ်သည့် ကျန်းမာရေးစနစ်တစ်ခုထူထောင်ကြရန် ဇန်နဝါရီ ၁ ရက်က နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။"လူမှုဖူလုံရေးဥပဒေသစ်အရ အကောင်အထည်ဖော်ရမယ့်အချိန်မှာ သမ္မတကြီးရဲ့ လမ်းညွှန်မှုနဲ့လည်း ကွက်တိဖြစ်လာတယ်။ ဒီလိုဆိုတော့ ကျွန်မတို့က လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းတွေမှာရှိတဲ့ လူနာတွေရဲ့ ကုနေတဲ့နှုန်းတွေ ကြည့်ပါတယ်။ နောက်ပြီး ဆေးဖိုးပြန်အမ်းငွေတွေကို ဂရုစိုက်ကြည့်ပါတယ်။ ဝင်ငွေနဲ့ထွက်ငွေ မျှမမျှ မမျှတခဲ့ရင် ဥပဒေသစ်အရ နိုင်ငံတော်ကထောက်ပံ့ပေးရမယ်လို့ပါတဲ့အတွက် ငွေကြေးစိုးရိမ်စရာမလိုတော့ဘူး။ ဟိုတစ်ချိန်ကတော့ စိုးရိမ်ရပါတယ်။ ထည့်ဝင်ငွေနဲ့ ပြန်အမ်းငွေ ကိုက်ညီရဲ့လား၊ ဘဏ္ဍာရေးများ ကျိုးပေါက်သွားမလား စိုးရိမ်ရပါတယ်။ အခုတော့ စိုးရိမ်စရာမရှိတော့ပါဘူး။ ဥပဒေသစ်အရ လူမှုဖူလုံရေး အာမခံစနစ်စောင့်ရှောက်ဖို့ကို ငွေများလိုအပ်ခဲ့ရင် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီမှာပါ"ဟု ဒုတိယဝန်ကြီးက ရှင်းပြသည်။

> **အလုပ်သမားတွေဟာ ဆေးခန်းကိုလာပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုခံယူချင်ရင်လာခဲ့ပါ။ ထိရောက်တဲ့ဆေးဝါး၊ ရောဂါနဲ့ကိုက်ညီတဲ့ဆေးဝါးတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လူနာကို ဂရုစိုက်မှု၊ အလုပ်သမားအပေါ်မှာထားတဲ့စေတနာ အဲဒါတွေအားလုံး ပြုပြင်ပြောင်းလဲဖို့ စီမံချက်ဆွဲထားပါတယ်။**
>
> **လူမှုဖူလုံရေးဟော့ဆိုပြီး မြင်လိုက်တာနဲ့သိတဲ့အဆင့်၊ အလုပ်သမားတွေ အားကိုးချင်လာတဲ့အဆင့်ထိကိုလုပ်သွားမယ်။**

လူမှုဖူလုံရေးထည့်ဝင်ကြေး ပေးသွင်းထားသော အလုပ်သမားများ၏ ခံစားခွင့်များနှင့်စပ်လျဉ်း၍ "ထည့်ဝင်ကြေးပေးသွင်းထားတဲ့ အလုပ်သမားတွေဟာ ကျန်းမာရေးနဲ့လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်ရဲ့ အကျိုးခံစားခွင့်ကိုရရှိမှာဖြစ်ပါတယ်။ ဘာတွေခံစားရမှာလဲဆိုတာ မေးစရာရှိလာပါတယ်။ မိသားစုထောက်ပံ့မှု အာမခံစနစ်အတွက် ထည့်ဝင်ကြေးသီးခြားထပ်မံပေးစရာမလိုဘဲ ကျန်းမာရေးနဲ့လူမှုရေးစောင့်ရှောက်မှုစနစ်မှာ သုံးနှစ် ထည့်ဝင်ကြေးပေးသွင်းပြီးရင် သတ်မှတ်ထားတဲ့ ဝင်ငွေ ပမာဏအောက်နည်းတဲ့ အာမခံအလုပ်သမားရဲ့သားသမီးတွေအတွက် ပညာသင်စရိတ်ကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နဲ့အညီ ခံစားခွင့်ပေးသွားမှာပါ။ အဲဒီအပြင် မည်သည့်အာမခံအလုပ်သမားမဆို သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့လာခဲ့ရင် ငွေကြေးနဲ့ပစ္စည်းထောက်ပံ့ကူညီမှုတွေကို မိသားစုအာမခံစနစ်အောက်ကနေ ခံစားခွင့်ပေးသွားမှာဖြစ်ပါတယ်။ မမာမကျန်းဖြစ်လာရင်၊ မီးဖွားမှုအတွက် မီးဖွားစရိတ်ကို ယခင်ကမခံစားခဲ့ရတဲ့ ငွေကြေးအကျိုးခံစားခွင့်တွေ၊ သေဆုံးမှုအတွက် နာရေးစရိတ်ကို မူလက ကျပ် ၄၀၀၀၀ သာ ခံစားခွင့်ရရှိခဲ့ရာက လစာရဲ့တစ်ဆကနေ အများဆုံး ငါးဆအထိနဲ့ အလုပ်မှာထိခိုက်မှုဖြစ်ပေါ်လာတဲ့အခါ ဆေးကုသမှုခံယူခွင့်ရှိတဲ့အပြင် အကျိုးခံစားခွင့်များကိုလည်း သတ်မှတ်ချက်နဲ့အညီခံစားခွင့်ရမှာပါ"ဟုပြောကြားသည်။


အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက "အခုဥပဒေသစ်အရ ပြုပြင်ရမယ့်အပိုင်းတွေ၊ လက်တွေ့အကောင်အထည် ဖော်ရတဲ့ အပိုင်းတွေအားလုံးပြင်မယ်။ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်မှာ အားလုံးလုပ်မယ်။ အလုပ်သမားတွေဟာ ဆေးခန်းကိုလာပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုခံယူချင်ရင်လာခဲ့ပါ။ ထိရောက်တဲ့ဆေးဝါး၊ ရောဂါနဲ့ ကိုက်ညီတဲ့ဆေးဝါးတွေနဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လူနာကို ဂရုစိုက်မှု၊ အလုပ်သမား အပေါ်မှာထားတဲ့ စေတနာ အဲဒါတွေအားလုံး ပြုပြင်ပြောင်းလဲဖို့ စီမံချက်ဆွဲထားပါတယ်။ နောက်တစ်ခုက ဆေးရုံ၊ ဆေးခန်းတွေရဲ့ ပုံသဏ္ဌာန်တွေ အကုန်ပြောင်းပါမယ်။ အပြုအမူအနေအထိုင်၊အပြောအဆိုကအစပြောင်းမယ်။ နောက်ပြီးတော့ ဒါကတော့ဖြင့် လူမှုဖူလုံရေးဟော့ဆိုပြီး မြင်လိုက်တာနဲ့သိတဲ့အဆင့်၊ အလုပ်သမားတွေ အားကိုးချင်လာတဲ့အဆင့်ထိကို လုပ်သွားမယ်"ဟုပြောသည်။

အာမခံအလုပ်သမားများဆေးဝါးကုသရန်အတွက် ရန်ကုန်၊မန္တလေး၊ ထန်းတပင်တို့တွင် အလုပ်သမားဆေးရုံကြီးများရှိကြောင်းနှင့် ရန်ကုန်အလုပ်သမားဆေးရုံကြီးကို နိုင်ငံတကာအဆင့်မီ ဘီအိုတီ(B.O.T) စနစ်ဖြင့် ဆောင်ရွက်ရန်စီစဉ်နေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထန်းတပင် တီဘီရောဂါကုဆေးရုံကြီးကိုလည်း ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအဖြစ် ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း သိရသည်။

အာမခံအလုပ်သမားများ အသက်အန္တရာယ်စိုးရိမ်ရ၍ နီးစပ်ရာ ပြည်သူ့ဆေးရုံများတွင် တက်ရောက်ဆေးကုသမှုခံယူခြင်းအတွက် ဆေးဖိုးကုန်ကျငွေများကို ပြန်လည်ထုတ်ပေးလျက်ရှိကြောင်းသိရသည်။

အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက် ဆေးကုသမှုခံယူခွင့်ရရှိစေရန် ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Unit) ဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိကြောင်းကို "MMUကားကြီးတွေနဲ့ ဆေးလိုက်ကုတဲ့အခါ ဆေးကုသချင်တဲ့ အလုပ်သမားတွေပေါ်လာတာတွေ့ရတယ်။ စက်ရုံကို ကားကြီးထိုးလိုက်တာနဲ့ကျွန်တော့်ကိုတော့ဖြင့် အီးစီဂျီလေး ဆွဲပေးပါ။ ကျွန်မကတော့ဖြင့် ဘာရောဂါဖြစ်နေသလဲစမ်းသပ်ချင်လို့ပါ အဲဒီလိုပြောလာကြတာ တွေ့ရတယ်။ ဒါကိုဝမ်းသာတယ်။ ဒါကြောင့် ကျွန်မတို့က အတတ်နိုင်ဆုံး ဒီလိုကားမျိုး ရန်ကုန်တစ်မြို့တည်းမှာ အနည်းဆုံး ငါးစီးလောက် မှန်းထားပါတယ်။ ဒီကားကြီးတွေနဲ့ စက်ရုံ၊အလုပ်ရုံတွေအရောက် အလုပ်သမားတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးမှာပါ။ ဒီလို လူမှုဖူလုံရေးအဖွဲ့က ကြိုးကြိုးစားစားလုပ်လာလို့ရှိရင် အလုပ်သမားတွေဘက်က လူမှုဖူလုံရေးအဖွဲ့ကို ယုံကြည်လာကြမှာပါ။ အခြေခံကျတဲ့ အလုပ်သမားတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုဟာ မဖြစ်မနေလုပ်ပေးရမယ်။ လိုကိုလိုအပ်ပါတယ်။ ဒါကြောင့် ပြုပြင်ပြောင်းလဲရေးတွေ အများကြီးပြုလုပ်မှာဖြစ်တဲ့အတွက် လူမှုဖူလုံရေးအဖွဲ့အပေါ်မှာ အလုပ်သမားတွေရဲ့ အားကိုးယုံကြည်မှုရှိလာအောင် ဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်" ဟုပြောသည်။

သို့ပါ၍ အလုပ်သမားထုကြီးအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှုတို့တွင် အပြည့်အဝဝန်ဆောင်မှုပေးနိုင်မည့် လူမှုဖူလုံရေးဥပဒေသစ်ကို ကြိုဆိုပါကြောင်းနှင့် လူမှုဖူလုံရေးအဖွဲ့ကြီးမှ ဖွင့်လှစ်ထားသည့် ဆေးရုံ၊ ဆေးခန်းများသည် အခြေခံ အလုပ်သမားထုကြား ယုံကြည်မှုရှိပြီး အားကိုးအားထားပြုရာ ဆေးရုံ၊ဆေးခန်းများဖြစ်လာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

**သတင်းဆောင်းပါး-သီသီမင်း**
**ဓာတ်ပုံ-မင်းသစ်**





## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရန်ကုန်- သန်လျင်အမှတ်(၂) တံတားအနီး၊ ကုလားဝဲကျေးရွာဝန်းကျင်၊ သီလဝါစက်မှုဇုန်သို့သွားသော (၆)လမ်းသွား အမှတ်(၂)လမ်းမကြီးဘေး၊ ၁/ဧက-(သိန်း ၅၀၀ ) သန်လျင်လယ်မြေ (၁၆/ဧက)၊
(မြှုပ်နှံထားလျှင် တန်ဖိုးအလွန်တက်ရန်ရှိသောမြေများ)
၂။ သာကေတအဝိုင်း၊ ၁၀၈တောင်ဘုရားနှင့်ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွားလမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ၊ ကားအရောင်းပြခန်း (ကျပ်သိန်း ၁၅၀၀၀) ဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အချက်အချာကျနေရာကောင်း၊ ဧရာဝဏ်လမ်းမကြီးဘေး၊ မျက်နှာ၀ ၁၁၀'၊ အနောက် ၈၅'၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။
၃။ TOYOTA LANDCRUISER, 96-97 MODEL, 24 Valve, HDJ-81 ဒီဇယ်၊ ၆ ဃ/---၊ ပါးဝိုက်၊ နယ်သုံးအလွန်ကောင်း၊ (သိန်း ၃၆၀) ကားအလွန်သန့်သည်။

"အငှား"

၁။ Diamond Condo၊ (၈) လွှာ၊ 1350sqft၊ (၂)ယောက်အိပ်ခန်း(၁)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း (**US$ 2000)**
Aircon (၄)လုံး၊ ပရိဘောဂအစုံ၊ ကြိုးဖုန်းပါ။
ဆက်သွယ်ရန်ဖုန်း - ၅၆၀၇၈၇၊ ၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉- ၅၅၀၄၀၇၁၊ ၀၉- ၄၂၀၀၇၉၄၂၄

## စွန့်လွှတ်မြေကေများအား လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်

**ကလေး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် တပ်မတော်တပ်ရင်းများမှ စွန့်လွှတ်မြေကေများဖြစ်သည့် အမှတ်(-)ခြေလျင်တပ်ရင်းမှ မြေကေ ၄၃၈ ဧကနှင့် အမှတ်(-)ခြေမြန်တပ်ရင်းမှ ဧက ၅၀၀ တို့အား မတ် ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဦးဆန်းလင်းဦး ဦးစီးအဖွဲ့ဝင်များက တောင်သူများ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ရန် စနစ်တကျ ကွင်းဆင်းတိုင်းတာလျက်ရှိပြီး ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးဦးစီး၍ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးကော်မတီဝင်များက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဇော် (ကလေး)**



**၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက်က ကြည့်မြင်တိုင်မြို့နယ် အလက၃ ပြုလုပ်ရာ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ရဲသွေး သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## မော်လမြိုင်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် မတ် ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း၌ ZF ကုမ္ပဏီက ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သော ဖားအော်ကျေးရွာတွင် တွင်းတိမ်တစ်တွင်းနှင့် အင်းရွာကျေးရွာတွင် တွင်းနက်တစ်တွင်းတို့ကိုလည်းကောင်း၊ ပြည့်ဇာနည်ကုမ္ပဏီက ကျေးလက်လမ်းတံတားလုပ်ငန်းဖြစ်သော ကတိုး-ကော့နှပ်-ကော့လှ ကျေးရွာချင်းဆက် ကွန်ကရစ်တံတား သုံးစင်းတို့ကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ကျေးလက်ဦးစီး)**

## ဓာတ်အားခတိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ ပြည်သူများအား တွေ့ဆုံရှင်းလင်း

**ကျောက်တန်း မတ် ၂၂**

ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ သုံးလောကထွတ်ခေါင်မာရ်အောင်ရတနာဘုရားကြီးဝင်းအတွင်း တံတားမြို့နယ်ခွဲ မြို့ပေါ်(၄) ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးလင်းရေးကော်မတီဝင်များနှင့် အများပြည်သူများ၊ စင်မကော်ကျေးရွာ၊ ကဒပွကျေးရွာများမှ မီးလင်းရေးကော်မတီဝင်များ၊ ရွာသူရွာသားများနှင့် တွေ့ဆုံ၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစံထွန်းအောင်က မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူးက ယခုကဲ့သို့ ဓာတ်အားခနှုန်းထား တိုးမြှင့်ကောက်ခံရခြင်းမှာ နိုင်ငံတော်ဘဏ္ဍာမှ စိုက်ထုတ်၍ တစ်နည်းအားဖြင့် ထုတ်လုပ်/ဝယ်ယူရသည့်စျေးထက် အရှုံးခံ၍ ဖြန့်ဖြူးရခြင်းကြောင့် ဖြစ်ပေါ်ရသည့် ဘဏ္ဍာရေးအခက်အခဲ လျော့ကျခြင်း၊ တိုးမြှင့်ကောက်ခံခြင်းကြောင့် ရရှိသောငွေဖြင့် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးရန် လိုအပ်သောဒေသများအတွက် ဓာတ်အားပေးစက်ရုံ လိုင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ခြင်း၊ ဓာတ်အားသုံးစွဲသူများအတွက် နိုင်ငံတော်မှ စိုက်ထုတ်ပေးနေရသည့်ငွေအား အခြားသော ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် အကျိုးရှိစွာ သုံးစွဲနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားကို အလျှံပယ်သုံးစွဲနေခြင်းမှ ခြိုးခြံချွေတာသုံးစွဲလာ၍ ပိုလျှံသောဓာတ်အားကို အခြားလိုအပ်သောနေရာများသို့ ပိုလွှတ်ဖြည့်ဆည်းပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့်ဖြစ်ကြောင်းကို ရှင်းလင်းဆွေးနွေး၍ ပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## ရွှေမျှောတိုက်ရာတွင် မြေပြိုကျသဖြင့် လူနေအိမ်များမြေပိကာ လူသေဆုံးမှုဖြစ်

### လူနေအိမ်သုံးလုံး မြေပိပျောက်ဆုံး နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**ဟုမ္မလင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ထိန်ကုန်းကျေးရွာ ရန်ကင်းအောင်ရပ်ကွက်နှင့် ဆက်စပ်လျက်ရှိသည့် ရွှေမျှောလုပ်ကွက်တစ်ခုတွင် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရွှေမျှောတိုက်နေစဉ် မြေပြိုကျသဖြင့် လူနေအိမ်များမြေပိကာ လူသေဆုံးမှုများရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရုံးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အဆိုပါ မြေပြိုကျ၍ လူနေအိမ်များမြေပိပျောက်ဆုံးနေသည့်အရပ်သို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသူ ထိန်ကုန်းကျေးရွာသားတစ်ဦး၏ ပြောပြချက်အရ လူနေအိမ်သုံးလုံး မြေပိပျောက်ဆုံးကာ လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရွှေတူးဖော်ရာတွင် သဘာဝဘေးဒဏ်ကျရောက်ပြီး မြေပြိုကျသည့်နေရာသို့ ထိန်ကုန်းကျေးရွာ၊ အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် ရပ်မိရပ်ဖ အင်အားအယောက် ၃၀ နှင့်အတူ မိုင်းကိုင်းနယ်မြေရဲစခန်းမှ ရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းတို့အဖွဲ့က သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝန်ထမ်းတစ်ဦးက အတည်ပြုပြောကြားသည်။

မြေပြိုကျသဖြင့် လူနေအိမ်များမြေပိကာ လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ရသည့် ရွှေမျှောလုပ်ကွက်သည် ရှင်းသန့်အောင်မြင်ကုမ္ပဏီ၏ လုပ်ကွက်အမှတ် SHAM 431 တွင်ဖြစ်ပြီး မြေပြိုကျစဉ်အခါက ရွှေမျှောဖြန်းစုပ်စက်ပေါင်း ၂၄ စက်ခုတ်မောင်းလျက်ရှိရာ အဆိုပါ ရွှေကျင်စက်များခုတ်မောင်းရာ ရေအိုင်နှင့် ကပ်လျက်ရှိသောမြေကမ်းပါးရုံများ ပြိုကျလာခဲ့ခြင်းဖြစ်သည်။ ထိုသို့ မြေပြိုကျလာသည့်အတွက် ဦးစိုင်းနောင်၊ ဦးစောနောင်ဆိုသူနှင့် ဦးမောင်တူးဆိုသူတို့၏ နေအိမ်သုံးလုံးမှာ မြေပိဆုံးရှုံးခဲ့ပြီး ရွှေလုပ်သားများဖြစ်သည့် ကိုဇော်လင်းဆိုသူနှင့် ကိုဝေဇင်ဖြိုး(ခ) အဲတုတ်ဆိုသူနှစ်ဦးတို့မှာ မြေပိပျောက်ဆုံးလျက်ရှိကြောင်း မိုင်းကိုင်းနယ်မြေရဲစခန်းက မှတ်တမ်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ထို့မျှမက မြေပြိုကျစဉ် အဆိုပါ ရေအိုင်အတွင်းသို့ ရေဆင်းချိုးနေသည့် ဒေါ်မိသန်းဆိုသူ အမျိုးသမီးတစ်ဦးမှာ ရေလှိုင်းလုံးကြီးများရိုက်ခတ်ပြီး ရွှေမျှောများတိုက်သည့် စက်ခုံးနှင့် ရိုက်မိသဖြင့် ဝဲ၊ ယာနံရိုးနှစ်ချောင်းကျိုးသဖြင့် နမ့်တော့တိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေမျှောတိုက်ရာမှ မြေပြိုကျသဖြင့် လူသေဆုံးရမှုဖြစ်စဉ်ပေါင်း (၁၈) ကြိမ်ခန့်ရှိကြောင်း သေမှုသေခင်းဆိုင်ရာ မှတ်တမ်းများအရ သိရသည်။

**(တိုးတိုးဝင်း)**

## လမ်းဘေးသစ်ပင်ဝင်တိုက်မိရာမှ ယာဉ်မောင်း သေဆုံး

**မုံရွာ မတ် ၂၂**

မုံရွာမြို့ မုံရွာတောင်ရပ်ကွက် ဗိုလ်ချုပ်လမ်း ညောင်ကိုင်းတံတားမြောက်ဘက် မိဘမေတ္တာပရိဘောဂဆိုင်အနီးရှိ လမ်းဘေးသစ်ပင်အား မြောက်မှတောင်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးက မတ် ၂၁ ရက် နံနက် ၂ နာရီခွဲခန့်က တိုက်မိသဖြင့် ယာဉ်မောင်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာသို့ အမှတ် (၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မုံရွာဒုတပ်ဖွဲ့ခွဲရုံးမှ တာဝန်မှူး ဒုရဲအုပ်မိုးဝင်းထက်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူသည် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ကျွန်းရွှေဝါလမ်းရှိ 81 စားသောက်ဆိုင်ပိုင်ရှင် ကိုသန့်ဇင်ဝင်း အသက် (၃၈) နှစ် ဆိုသူဖြစ်ပြီး မောင်းနှင်လာသည့်ယာဉ်မှာ ကိုရိုလာဗင်အမျိုးအစား အဖြူရောင် ၂ဂ/.... ယာဉ်ဖြစ်ကြောင်း သိရသည်။

**(တိုးတိုးဝင်း)**


## ပျောက်ဆုံးခြင်း

ကျွန်မ မစိုးမြတ်ကလျာ [၆/ထဝန(နိုင်)၀၀၀၈၁၇]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်စာအုပ်သည် ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။ မစိုးမြတ်ကလျာ














# ဒေးဗစ်ဘက်ခမ်း၏ ဘ၀နှင့်အောင်မြင်မှုများအကြောင်း ရေးဖွဲ့ထားသည့်စာအုပ် မကြာမီ ထွက်ရှိမည်

ဗြိတိန်အားကစားအကျော်အမော်တစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်းက သူ၏ဘ၀အကြောင်းအရာများနှင့် အောင်မြင်မှုများကို ရုပ်ပုံများနှင့်တကွ ပုံဖော်ထားသည့်စာအုပ်ကို အောက်တိုဘာလတွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် ဒေးဗစ်ဘက်ခမ်း၏ ဘောလုံးသမားဘ၀ကနဦးမှ စတင်ကာ ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးဖြစ်လာခဲ့သည်အထိ အောင်မြင်မှုများ၊ ဘ၀အတွေ့အကြုံများ စုံလင်စွာရေးသားထားပြီး ယင်းစာအုပ်ကို အောက်တိုဘာ ၃၁ ရက်တွင် ဖြန့်ချိသွားရန်စီစဉ်ထားကြောင်း သိရသည်။

"ကမ္ဘာ့အားကစားလောကမှာ လူသိများ၊ ရေပန်းစားတဲ့ ဒေးဗစ်ဘက်ခမ်းရဲ့စာအုပ်နဲ့ပတ်သက်ပြီး ဘာမှသံသယဖြစ်စရာ မရှိပါဘူး၊ နောက်ပြီး ဒီစာအုပ်ဟာကမ္ဘာပေါ်မှာရှိတဲ့ သန်းပေါင်းများစွာသော ဘက်ခမ်းရဲ့ပရိသတ်တွေကို ထိပ်တန်းဖြစ်စဉ်တွေနဲ့ ဘောလုံးနဲ့ပတ်သက်တဲ့ မေ့မရတဲ့အမှတ်တရတွေကို ပေးစွမ်းနိုင်မှာပါ"ဟု ယင်းစာအုပ်၏ ကမ္ဘာလုံးဆိုင်ရာမူပိုင်ခွင့် ၀ယ်ယူထားသူ ဂျွန်နသန်တေလာက ဆိုသည်။



အဆိုပါစာအုပ်သည် ဗြိတိန်၏ အချမ်းသာဆုံးသော အားကစားသမား ဒေးဗစ်ဘက်ခမ်း၏ အားကစားလောကမှ အနားယူပြီးနောက်ပိုင်းမှ စီစဉ်ခဲ့သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယင်းစာအုပ်တွင် နှစ်လိုဖွယ်ရုပ်ပုံများနှင့် အကြောင်းအရာများပါဝင်သည့်အတွက် ပရိသတ်များကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



# ဘော့ဘီဘရောင်းအလှကုန်၏ မျက်နှာသစ်မော်လ်ဒယ်ဖြစ်လာသည့် ကိတ်အပ်တွန်

ဆွဲဆောင်မှုရှိသည့် အမေရိကန်မော်လ်ဒယ်နှင့် မင်းသမီးချော ကိတ်အပ်တွန်အား ယခုနှစ်အတွက် ဘော့ဘီဘရောင်းအလှကုန်၏ မျက်နှာသစ်မော်လ်ဒယ်အဖြစ် ခန့်အပ်ခဲ့သည်။

အဆိုပါသတင်းကို အသက်(၂၁)နှစ်အရွယ် မော်လ်ဒယ်နှင့် ပရော်ဖက်ရှင်နယ် မိတ်ကပ်ပညာရှင်တစ်ဦးလည်းဖြစ်သည့် မင်းသမီး ကိတ်အပ်တွန်က Good Morning America အစီအစဉ်တွင် ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သည်။

## The Wolverine 2 ဇာတ်ကားသစ် ၂၀၁၇တွင်ထွက်ရှိမည်

မျိုးစန္ဒာမောင် စုစည်းသည်



၂၀၁၃ ခုနှစ်အတွင်းက ထွက်ရှိခဲ့ပြီး နိုင်ငံအတော်များများတွင် လူကြိုက်များခဲ့သည့် The Wolverine အမေရိကန် စူပါဟီးရိုးဇာတ်ကား၏ နောက်ဆက်တွဲ The Wolverine 2 ဇာတ်ကားသစ်ကို ၂၀၁၇ ခုနှစ် မတ် ၃ ရက်တွင် ရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် X-Men ရုပ်ရှင်စီးရီး၏ အဌမမြောက် ဇာတ်လမ်းတွဲဖြစ်သည့် The Wolverine ဇာတ်ကားမှ ဩစတြေးလျ အက်ရှင်မင်းသား ဟုဂျက်ခ်မန်းကပင် ပြန်လည်ပါဝင်သရုပ်ဆောင်ထားသည်။

ထို့အပြင် Marvel Comics မှ ထုတ်လုပ်မည့် X-Men ရုပ်ရှင်စီးရီးသစ် X-Men: Days Of Future Past ဇာတ်ကားတွင်လည်း မင်းသား ဟုဂျက်ခ်မန်းနှင့် မင်းသမီးဂျနီဖာလောရင့်စ်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းစူပါဟီးရိုးဇာတ်ကားကို ယခုနှစ်ကုန်ပိုင်းတွင် ပြသသွားမည်ဖြစ်သည်။ ■

# ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၃-၂၀၁၄ (တနင်္ဂနွေနေ့)

## MRTV

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာ၀နာ ပွားများခြင်းတရားတော်
- ၆း၅၀ "သဘာ၀တရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ"
- ၉း၃၀ လှပစုံလင်အာဆီယံတစ်ခွင်
- ၉း၄၅ မြင်သူရှုမ၀မြန်မာအမျိုးသမီးအလှ
- ၁၁း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၂း၅၀ တေးဂီတအစီအစဉ်
- ၃း၄၀ "ကုသမနေ့ တီဘီဘေး"
- ၄း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေ၀သအခြေအနေ -ရင်ခုန်လက်ကမ်းတေးသစ်လမ်း

## MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ပဌာန်းနိဒါန်း မင်္ဂလသုတ်
- ၅း၄၀ "ဥပုသ်သည်(၅)ဦး"(အပိုင်း-၂) တရားတော်(အရှင်ပုညာနန္ဒ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၃၆)
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၁၁၉)
- ၁၂း၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ [ကြောက်မက်ဖွယ်ရာ ရင်သားကင်ဆာ(အပိုင်း-၂)]
- ၁၂း၃၅ ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာသင်တန်း"
- ၈း၀၀ MRTV-4 သတင်း
- ၈း၁၅ Sunday Talk (ဆရာချစ်ဝင်းမောင်၊ မျိုးမြတ်သူ)
- ၉း၄၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (အရုပ်ခြင်းလေးများဖြင့် အလှဆင်ခြင်း)
- ၁၀း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ဟန်ဆောင်ကာမူပို(အပိုင်း-၁)]

## Spain Laliga ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၅း၃၀ | Osasuna | - | Sevilla | (Star Sports) |
| ၁၀း၃၀ | Real Betis | - | Atletico Madrid | (Star Sports) |
| **နံနက်ပိုင်း** | **ပွဲစဉ်** | | | **ပြသမည့်လိုင်း** |
| ၁၂း၃၀ | Valencia | - | Villarreal | (Star Sports) |
| ၂း၃၀ | Real Medrid | - | Barcelona | (StarSports)(MRTV-4) |

*** ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။**

## MWD

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၁၁း၄၀ မြ၀တီရုပ်မြင်ပေါ်ကရုပ်ရှင် "သတိရမိတဲ့နေ့တစ်နေ့"
- ၁း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂျက်စီဘယ်"အပိုင်း(၅၈)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ညွှန်းဖွဲ့မေတ္တာ" အပိုင်း(၄၀)
- ၈း၀၀ မြ၀တီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေ၀သသတင်း -ပဟေဠိနန်းတော် -တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်ဇာတ်လမ်း "ငါတို့သည်" အပိုင်း(၂)(ဇာတ်သိမ်း) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နတ်သမီးပုံပြင်"အပိုင်း(၂၆)





## "သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်နှင့် အများသိစေရန်ကြေညာကန့်ကွက်ခြင်း"

၉-၃-၂၀၁၄ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၃)နှင့် ၁၁-၃-၂၀၁၄ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၇)၌ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဂျေ)တွင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ခေါ်ယူကြောင်းကြော်ငြာကို တွေ့ရှိရပါသည်။ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၁၃၇/၁၃၉)တွင်တည်ရှိသော ရာဂျာဒေါက်တာအက်စ်ရာမနာသာရက်ဒီးယားစ်ဘုရားကျောင်း ဂေါပကအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဦးတင်မောင်ဦး[၁၂/မဂတ(နိုင်)၀၆၉၇၈၄]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ အထက်ဖော်ပြပါ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဂျေ)၊မြေကွက်အမှတ်(ဒုတိယတန်းစားမြေ)၊ ဧရိယာအားဖြင့် (၉၄ပေ ၆လက်မ×၁၀၀ပေ)ရှိ အမှတ်(၅၈/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်းဟုခေါ်တွင်သော မြေပိုင်မြေသည် ဒေါက်တာအက်စ်ရာမနာသာရေးဒီးယားစ်အမည်ဖြင့် ယနေ့ထိတိုင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမည်ပေါက်လျက်ရှိပြီး ဘုရားကျောင်းသို့လှူဒါန်းခဲ့သောမြေဖြစ်ပါသည်။

၂။ ၎င်းဒေါက်တာအက်စ်ရာမနာသာရေးဒီးယားစ်ဆိုသော ပုဂ္ဂိုလ်ကြီးသည် ၁၈၇၁ ခုနှစ်တွင်မွေးဖွား၍ ရန်ကုန်မြို့ လူသရန်မစ်ရှင်ကျောင်းတွင် ပညာသင်ခဲ့ပြီး၊ ၁၉၃၂ ခုနှစ်တွင် ရန်ကုန်၌ပင် ကွယ်လွန်ခဲ့ပါသည်။ ၁၉၁၇ ခုနှစ်တွင် ယခုအနော်ရထာလမ်း၊ အထက(၁)ပုဇွန်တောင်ဟုခေါ်သောကျောင်းကို လှူဒါန်းခဲ့သူလည်းဖြစ်ပါသည်။ ၎င်းပြင် ၁၉၀၆ ခုနှစ်မှာ ရန်ကုန်-တိရစ္ဆာန်ဥယျာဉ် ဖွင့်လှစ်စဉ်က ငှက်လှောင်အိမ်မရှိသဖြင့် ၁၉၂၀ တွင် ငှက်လှောင်အိမ်ကြီး စတင်ဆောက်လုပ်လှူဒါန်းခဲ့သူဖြစ်ပါသည်။ ၁၉၂၇ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ရူပီးငွေနှစ်သိန်းလှူဒါန်းခဲ့ပြီး၊ ထိုစဉ်က တက္ကသိုလ် အဓိပတိမြန်မာပြည်ဘုရင်ခံ (Sir Harcourt Butler)က ၁၈-၁၂-၁၉၂၇ ရက်တွင် အုတ်မြစ်ချခဲ့ပြီး ထိုလှူဒါန်းမှုအတွက် (Fellow Of Rangoon University (F.R.U))သူကောင်းဘွဲ့နှင့် L.L.D ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်ပါသည်။

ထိုမျှသာမက ၎င်းပုဂ္ဂိုလ်ကြီးသည် ၎င်းပိုင်ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင်ပစ္စည်းများအနက်မှ ယခုဗိုလ်တထောင်မြို့နယ်၊(၅၁)လမ်း၊အမှတ်(၁၃၇/၁၃၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀-I)၊ ပထမတန်းစားမြေကွက်အမှတ်(၅/၆)၊ ဧရိယာဧက (၀. ၃၀၃)ဧကရှိမြေကို သာသနာ့မြေအဖြစ် အစိုးရထံမှခံယူပြီး ဟိန္ဒူဘာသာ၀င်များ ၀တ်ပြုကိုးကွယ်ရန် ဘုရားကျောင်းတည်ဆောက်လှူဒါန်းခဲ့ပြီး ဂေါပကအဖွဲ့စည်းမျဉ်းများရေးဆွဲကာ Trust စာချုပ်များ (1923)(1930)တို့ကို ချုပ်ဆိုမှတ်ပုံတင်ခဲ့ပါသည်။

ယခု သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းမှ တင်ဒါခေါ်ယူသည့်မြေမှာလည်း ဂေါပကအဖွဲ့အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ရသည့် မြေဖြစ်ပြီး ယင်းမြေအား ရာဂျာဒေါက်တာအက်စ်ရာမနာသာက မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်အမှတ် (၈၂၁/၁၉၂၀) ဖြင့် ၂၄-၃-၁၉၂၀ ကတည်းက ၀ယ်ယူအမည်ပေါက်လာခြင်းဖြစ်ပြီး လှူဒါန်းမှုပစ္စည်းအဖြစ်ထားခဲ့သော ပစ္စည်းလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဂေါပကအဖွဲ့၏အတွင်းရေးမှူးဖြစ်သူ ဦးတင်မောင်ဦးမှ ၂၀၀၉ခုနှစ်တွင် အဆောက်အအုံဆောက်လုပ်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် လျှောက်ထားသောအခါ ၁၀-၂-၂၀၁၁ ရက်စွဲပါ စာအမှတ်-ရကစ/မြို့ပြမြေစီမံ-၂၀၁၀(၅၇၆) မြေရာဇ၀င်မှတ်ချက်အပိုဒ်(၂)၌ အမှတ်စဉ်(၄)တွင် မြန်မာ့သစ်လုပ်ငန်းအတွက် အမည်ပေါက် အရေးအတွက် ဦးမောင်မောင်ဌေး ဒု-ညွှန်မှူးတောင်း၍ (၂)ပုံ(၁)ချပ်(၂)စုံတင်ပို့ပြီး အပိုဒ်(၃)တွင် မြန်မာ့သစ်လုပ်ငန်း အမည်ပေါက်ရေးအတွက် ဦးမောင်မောင်ငွေ(ဒု-ညွှန်မှူး)မှ မြေပုံမြေရာဇ၀င်တောင်း၍ (၂)ပုံ(၁)ချပ်ပေးပို့ကြောင်း မှတ်သားထားပါသဖြင့် မြေသိမ်းဆောင်ရွက်ဆဲရှိ/မရှိ သဘောထားမှတ်ချက်ပြုပြန်ကြားပေးရန် ပြည်ထဲရေး၀န်ကြီးဌာန၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ လွှဲပြောင်းခြင်းကို ကန့်ကွက်သည့်ဥပဒေဆိုင်ရာ စစ်ဆေးရေးအဖွဲ့ (အဖွဲ့ခေါင်းဆောင်)သို့သဘောထား တောင်းခံခဲ့ရာ ပြည်ထဲရေး၀န်ကြီးဌာနမှ စာအမှတ်-၂၀၀/၂-၁၆၅(၀၅)/ရေး-၃ အရ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနသို့မေးမြန်းခဲ့ရာ ၂၅-၁၀-၂၀၁၀ ရက်တွင် ဖြေကြားရာ၌-

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေစီမံခန့်ခွဲမှုလုပ်ငန်းများ လွှဲပြောင်းခြင်းမပြုမီမှတ်တမ်းများအရ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဂျေ)၊ မြေကွက်အမှတ်(ဒုတိယတန်းစား-၁)၊ဧရိယာ (၉၄'၆''×၁၀၀')ရှိ မြေသည် **S.RAMANATHA REDDIARS** အမည်ပေါက် မြေပိုင်မြေဖြစ်ကြောင်းနှင့် မြေပေါ်ရှိ အဆောက်အအုံသည် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲရသော ပြည်သူပိုင်သိမ်းအခန်းများစာရင်းတွင်ပါ၀င်ခြင်းမရှိကြောင်း သိရှိရပါသည်။" ဟု ပြန်ကြားခဲ့ပါသည်။

သို့ပါလျက် ပြည်ထဲရေး၀န်ကြီးဌာနမှ ၁၂-၆-၂၀၁၃ရက် စာအမှတ်၂၀၀/၂-၁၆၅(၀၅)/ရေး၃(၃၀၈)တွင် "ပြည်သူပိုင်သိမ်းဆည်းပြီးသောမြေဖြစ်ကြောင်း အရှေ့ပိုင်းခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တင်ပြလာသောကြောင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့်အကျုံး၀င်ခြင်းမရှိကြောင်း ပြန်ကြားခဲ့ပါသည်။"

ထိုသို့ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ယနေ့အထိ ရာမနာသာရေးဒီးယားစ်အမည်ပေါက်လျက်ရှိပြီး ပြည်သူပိုင်သိမ်းဆည်းခြင်းမရှိသော Trust Property ကိုတစ်လွဲစီမံခန့်ခွဲလျက် သစ်တောပိုင်မြေအဖြစ်ပြောင်းလဲသတ်မှတ်နိုင်ရန် ဆောင်ရွက်ခြင်းသည် ဥပဒေမဲ့မတရားဆောင်ရွက်ခြင်းဖြစ်သဖြင့် ၁၆-၅-၂၀၁၂ ရက်တွင် နိုင်ငံတော်သမ္မတထံ ဥပဒေနှင့်အညီ စိစစ်လမ်းညွှန်ဆောင်ရွက်ပေးရန် တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရာဂျာဒေါက်တာအက်စ်ရာမနာသာရက်ဒီးယားစ်ဘုရားကျောင်းဂေါပက၏အတိအလင်းစာဖြင့် သဘောတူညီမှုမရှိဘဲ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဂျေ)တွင် အမှတ်-၅၈/၆၆၊ ဗိုလ်တထောင်ဘုရားလမ်း ဟုခေါ်တွင်သောမြေအား ကျူးကျော်၀င်ရောက်ဆောက်လုပ်မည်ဆိုပါက မည်သူမဆို လူပုဂ္ဂိုလ်ဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ ဥပဒေအရတရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှထွန်း(B.A,R.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၀၀)**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၂/အေ)၊ ပထမထပ်၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၂၆၂၄၉**

# (၄၅)ကြိမ်မြောက် စင်ကာပူသက်တမ်းအလိုက် ရေကူးပြိုင်ပွဲတွင် မြန်မာလူငယ်ရေကူးအသင်း ရွှေ (၂၁)ခု၊ ငွေ (၂၁)ခုနှင့် ကြေးကိုးခုဆွတ်ခူးနိုင်

၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကို စတင်တည်ထောင်သည်။

မြန်မာရေကူးအားကစားသည် လွန်ခဲ့သောနှစ်ပေါင်း (၃၀)ခန့်က အရှေ့တောင်အာရှကျွန်းဆွယ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဆင့် ရေကူးပြိုင်ပွဲများတွင် သာမက အာရှရေကူးပြိုင်ပွဲတွင်ပါ အောင်မြင်မှုအဆင့်ဆင့် ရရှိခဲ့သည့် အားကစားနည်းတစ်ခုဖြစ်သည်။

ထိုစဉ်က ရေကူးအားကစားသမားတို့သည် အပြည်ပြည်ဆိုင်ရာရေကူးပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သည်။ နောက်ပိုင်းကာလများတွင် မြန်မာရေကူးအဆင့်အတန်း တဖြည်းဖြည်းကျဆင်းလာခဲ့သည်။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းတို့ဆောင်ရွက်ကာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းပြီး မြန်မာရေကူးအားကစားအဆင့်အတန်း ပြန်လည်မြင့်မားလာစေရေးအတွက် စနစ်တကျစီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိသည်။

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကူညီပံ့ပိုးသည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ မျိုးဆက်သစ်လူငယ်များနှင့် အလားအလာရှိသော အားကစားသမားများကို စုစည်း၍ စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၄၅)ကြိမ်မြောက် သက်တမ်းရေကူးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲတွင် ရှစ်နိုင်ငံမှ ရေကူးအားကစားသမား ၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး အသင်းလိုက်ပြိုင်ပွဲတွင် ၃၉ သင်းပါဝင်သည်။

မြန်မာလူငယ်အသင်းမှ စုမိုးသိမ့်စံက ရွှေတံဆိပ်ခုနစ်ခု၊ ငွေလေးခု၊ ရွှန်းလဲ့မော်ဦးက ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် သုံးခု၊ ဘုန်းပြည့်သီဟက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်တစ်ခု၊ သင့်မြတ်က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု၊ အုံ့ခေါင်ထွဋ်က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်သုံးခု၊ ခန့်ခန့်စုစံက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ်လေးခု အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် မြန်မာ့ရေကူးအားကစားပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးဝဏ္ဏထွန်းနှင့် နည်းပြ MR.NAKAYAMA KAZUSHI တို့အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ဦးမျိုးဝဏ္ဏထွန်းခင်ဗျား၊ ယခုသွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ စင်ကာပူပြိုင်ပွဲသို့ ဘယ်လိုရည်ရွယ်ချက်နဲ့ ယှဉ်ပြိုင်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။အဓိကရည်ရွယ်ချက်က မျိုးဆက်သစ်လူငယ်ရေကူးအားကစားသမားတွေ အပြည်ပြည်ဆိုင်ရာ ရေကူးပြိုင်ပွဲ အတွေ့အကြုံရရှိရေးနဲ့ နောင်လာမယ့် အပြည်ပြည်ဆိုင်ရာရေကူးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့ အနေနဲ့ အားကစားသမားများ တိုးတက်မှုအနေအထားသိရှိနိုင်ဖို့ ဖြစ်ပါတယ်။

**မေး။ ။ ယခုပြိုင်ပွဲမှာ အောင်မြင်မှုရရှိတဲ့ အားကစားသမားတွေရဲ့ ရေရှည်ဆက်သွားမယ့်အစီအစဉ်များကိုသိပါရစေ။**

ဖြေ။ ။ စင်ကာပူပြိုင်ပွဲတွေ အောင်မြင်မှုရရှိသူတွေကို ဆက်လက်ပြီး လေ့ကျင့်ပေးမယ့်အပြင် အလားအလာရှိတဲ့ လူငယ်ရေကူးသမားတွေကိုပါ မွေးထုတ်လေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ရေကူးပြိုင်ပွဲတွေမှာ အခွင့်အရေးရရင် သွားရောက်ယှဉ်ပြိုင်ရန်အတွက်လည်း ပြင်ဆင်နေပါတယ်။

**မေး။ ။မြန်မာရေကူးအသင်း နည်းပြဆရာ MR.NAKAYAMA KAZUSHI ခင်ဗျား၊ စင်ကာပူပြိုင်ပွဲမှာ မြန်မာရေကူးသမားတွေ ဝင်ရောက်ယှဉ်ပြိုင်မှုနဲ့ ပတ်သက်ပြီး သုံးသပ်ချက်ကိုသိပါရစေ။**

ဖြေ။ ။ယခုပြိုင်ပွဲမှာ ရေကူးသမားများ ကြိုးစားပြီး ယှဉ်ပြိုင်တာကို တွေ့ရတော့ ကျေနပ်အားရမိပါတယ်။

**မေး။ ။နောင်လာမယ့် ပြိုင်ပွဲတွေအတွက် လေ့ကျင့်ရေးအစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။လက်ရှိလူငယ်တွေကို အဓိကအဆင့်မြင့် လေ့ကျင့်မှုပေးသွားမယ်။ အလားအလာရှိတဲ့ ရေကူးသမားတွေကိုလည်း အခြေခံမှ အဆင့်မြင့်လေ့ကျင့်မှုတွေကို လေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။လာမယ့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေကို သိပါရစေ။**

ဖြေ။ ။လာမယ့် စင်ကာပူဆီးဂိမ်းအတွက် ခုချိန်ကစပြီး စတင်ပြင်ဆင်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့(၂၇)ကြိမ်မြောက်ဆီးဂိမ်းမှာ မြန်မာလူငယ်အားကစားသမားတွေ ပြိုင်ပွဲအတွေ့အကြုံနည်းပြီး အသက်အရွယ်ငယ်ကာ မျှော်မှန်းသလောက်စံချိန်များလွဲခဲ့လို့ ရွှေတံဆိပ်များ မရရှိခဲ့ပေမယ့် အမျိုးသမီး ၂၀၀ မီတာ လက်ဆင့်ကမ်းပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခုသာ ရရှိခဲ့ပါတယ်။ စင်ကာပူဆီးဂိမ်းပြိုင်ပွဲနဲ့ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲအတွေ့အကြုံတွေကို အခြေခံပြီး ၂၀၁၇ ခုနှစ် ဆီးဂိမ်းမှာ ရွှေတံဆိပ်ရအောင် မြန်မာရေကူးအားကစားသမားများ ရေကူးအဆင့်အတန်းတိုးတက်စေရန် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများကိုဝင်ရောက်ယှဉ်ပြိုင်စေပြီး ယခုလက်ရှိအနေအထားထက် ပိုမိုတိုးတက်လာအောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

**(မောင်မောင်)**



# တပ်ကုန်းမြို့နယ်၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၂**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဖူဆယ်ဘောလုံးဆပ်ကော်မတီအဖွဲ့တို့က ပူးပေါင်းကျင်းပသော ပထမအကြိမ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **(ယာပုံ)** ထို့နောက် ပထမပွဲစဉ်အဖြစ်အားမာန်သစ်အသင်းနှင့် ယုဇနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အားမာန်သစ်အသင်းကို ယုဇနအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် Crazy အသင်းနှင့် ကျားပေါက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ Crazy အသင်းက ကျားပေါက်အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အသီးသီး အနိုင်ရရှိသွားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၁ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စု လေးအုပ်စုခွဲကာ နံနက် နှစ်ပွဲ၊ ညနေ နှစ်ပွဲ တစ်နေ့လေးပွဲဖြင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**(ဇင်ဘို)**



# သီတင်းလေးပတ် သို့မဟုတ် ခြောက်ပတ်အထိ ဗန်ပါစီ အနားယူရဖွယ်ရှိ

မန်ယူတိုက်စစ်မှူးရော်ဘင်ဗန်ပါစီသည် ဒူးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ရက်သတ္တလေးပတ် သို့မဟုတ် ရက်သတ္တခြောက်ပတ်အထိ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။

အသက်(၃၀)အရွယ် နယ်သာလန်ကြယ်ပွင့် ရော်ဘင်ဗန်ပါစီသည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ ဂရိကလပ်အိုလံပီယာကို့စ်အသင်းအား သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ဒဏ်ရာပြဿနာဖြင့် ကြုံခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူးဗန်ပါစီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် နှစ်ကျော့စလုံးနှင့် လွဲချော်လိမ့်မည်ဖြစ်သည်။ ဗန်ပါစီသည် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ကစားခဲ့သည့် မန်ယူအသင်း၏ အဓိကပွဲစဉ်တချို့နှင့် လွဲခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ၂၅ ပွဲပါဝင်ကစားကာ ၁၇ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။

ဗန်ပါစီသည် မန်ယူအသင်း ငါးပွဲကစား၊ လေးပွဲရှုံးပြီး အက်ဖ်အေဖလားနှင့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတို့မှ ထွက်ခဲ့ရသည့် ပွဲစဉ်များနှင့်လည်း လွဲချော်ခဲ့ရသည်။ **(ငွေကြယ်)**



WOODEN HARP

မီးသတိပြု



# ကလေးဝ-မုံ့ရွာကားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆင်စွယ်များသိမ်းဆည်းရမိ

**ကလေး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေးဝ-မုံ့ရွာ ကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၁၁)၌ မတ် ၁၉ ည ၉ နာရီက စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆင်စွယ်များသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးခရိုင်(ထ/န)ခေါင်းဆောင် ရဲအုပ်သီဟဦးစီးတပ်ဖွဲ့ဝင်များ၊ အမှတ်(၅)မူးယစ်တပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီးမြင့်သိန်း ဦးစီးပူးပေါင်းအဖွဲ့ဝင်များသည် ကလေးဝ-မုံ့ရွာကားလမ်း မိုင်တိုင်အမှတ်(၁၁၁)တွင် ကလေးမြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်းဇော်မျိုးလတ် မောင်းနှင်လာသည့် ယာဉ်အမှတ် ၆ခ/----ရွှေသဇင်မှန်လုံခရီးသည်တင် ယာဉ်အား ရှာဖွေစစ်ဆေးရာ ယာဉ်မောင်း၏ထိုင်ခုံယာဘက်တူးဘောက်နှင့် ကားဘော်ဒီကြားမှ 88 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂ ပြားနှင့် ယာဉ်ပေါ်မှ အလျားနှစ်ပေ ၁၁ လက်မရှိ ဆင်စွယ်နှစ်ချောင်းတို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်(ကလေး)**

# ကလေးဝမြို့ ၌ သင်းခွေချပ်အကြေးခွံများ ဖမ်းမိ

**ကလေး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် တောင်ကုန်းရွာအနီး ကလေးဝ-မုံ့ရွာကားလမ်း မိုင်တိုင်အမှတ်(၁၁၀)၌ ကလေးမြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်းတင်ထွန်းအောင် ချောက်မြို့ ရတနာအိုက်ရပ်ကွက်နေသူ မောင်းနှင်လာသည့် ၃စ/---- ရွှေသဇင်မှန်လုံခရီးသည်ယာဉ်အား သက်သေများရှေ့တွင် ရှာဖွေရာခရီးသည်များ ထိုင်သည့် ထိုင်ခုံအောက်မှ သင်းခွေချပ်အကြေးခွံများ ထည့်ထားသည့် ပီနံအိတ် ငါးအိတ်ကို မတ် ၁၉ ရက်က တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သင်းခွေချပ်များ၏ပိုင်ရှင်မှာ ရွှေသဇင်ကား အသင်းမှ ကိုအဲ(ခ)ဝင်းထွဋ် ချမ်းမြေ့အောင်စည် ရပ်ကွက် ကုန်တင်ကုန်ချပြုလုပ်ပေးသူက တင်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအမှုအား (ပ)၁၈/၂၀၁၄၊ သဘာဝအပင်များ၊ တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး ဥပဒေဖြင့် လက်ခံစစ်ဆေးနေကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

# ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် လူတစ်ဦးသေဆုံး

**နတ်မောက် မတ် ၂၂**

နတ်မောက်မြို့နယ် စိုင်ကောင်းနယ်မြေရဲစခန်း၏ အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာတွင် သမှုန်းကုန်းကြီးကျေးရွာအုပ်စု သမှုန်းကုန်းကြီးကျေးရွာဘုရားအနီး၌ မတ် ၁၉ ရက် နံနက် ၉ နာရီက ယာဉ်ပေါ်မှ ကလေးငယ်တစ်ဦး ပြုတ်ကျကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၉ ရက် နံနက် ၇ နာရီခွဲက သမှုန်းကုန်းကြီး အုပ်စု လျှော်ချောင်းလေးရွာမှ နတ်မောက်မြို့သို့ ဖြိုးမင်းသူ(၂၃)နှစ် မြို့မရပ်ကွက် နတ်မောက်မြို့နယ်နေသူ မောင်းနှင်လာသော ၂ဂ/---- ဖောကား(အဖြူရောင်)ခေါင်းတိုယာဉ်သည် နတ်မောက်-စိုင်ကောင်း တစ်ကြောင်းထိုးလမ်းအတိုင်း မောင်းနှင်လာစဉ် သမှုန်းကုန်းကြီးရွာဘုရားအနီး မိုင်တိုင်အမှတ် ၁၀ မိုင် ၄ ဖာလုံ နှင့် ၁၀ မိုင် ၅ ဖာလုံအကြားအရောက် ယာဉ်ပေါ်ပါသူ မောင်ထွန်းလင်းအောင်(၁၃)နှစ် လျှော်ချောင်းလေးကျေးရွာနေသူသည် ယာဉ်ပေါ်မှ ရုတ်တရက်ခုန်ဆင်းရာ နှာခေါင်းမှသွေးထွက်ဒဏ်ရာရရှိ၍ သတိမေ့သွားသည့်အတွက် နတ်မောက်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားကြောင်းသိရသဖြင့် ဒုရဲအုပ်ရန်နောင်စိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဖြိုးမင်းသူအား အရေးယူပေးရန် နံနက် ၁၀ နာရီခွဲက ဒုရဲအုပ်ရန်နောင်စိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အမှုအား စိုင်ကောင်းနယ်မြေရဲစခန်းက ယာဉ် (ပ)၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄ (က)အရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှဝင်း(IPRD)**

# ပဲခူးမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ပဲခူး မတ် ၂၂**

ပဲခူးမြို့ မူးယစ်တပ်ဖွဲ့စု(၃၆)နှင့် အမှတ်(၃)ရဲစခန်းမှ တပ်ဖွဲ့ဝင်တို့သည် မတ် ၁၉ ရက် ညနေ ၃ နာရီက သက်သေများနှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ ပဲခူး-ရန်ကုန်ကားလမ်းမကြီးဘေး ဥဿာမြို့သစ်(၈) ရပ်ကွက် ၂၂ စားသောက်ဆိုင်တွင် စောင့်ဆိုင်းနေစဉ် ဇာဏီအသက် (၃၃)နှစ်သည် Dream-125 ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီးအခန်းအမှတ်(၃)သို့ ဝင်ရောက်စဉ်ရှာဖွေရာ ဇာဏီ၏ ညာဘက်လက်အတွင်း ကိုင်ဆောင်ထားသော ကွမ်းယာထုပ်အတွင်းမှ ပလတ်စတစ်တိပ်အနက်ဖြင့် ထုပ်ပိုးထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ အလေးချိန် သုည ဒသမ ၅၈ ဂရမ်အား ရှာဖွေတွေ့ရှိသဖြင့် ဆိုင်ကယ်နှင့် သက်သေခံ မူးယစ်ဆေးဝါးများအား ဒုရဲအုပ်ဇော်လင်းက ရှာဖွေပုံစံဖြင့် သက်သေများ ရှေ့မှောက်တွင် သိမ်းဆည်းပြီး စိတ်ကြွဆေးပြား လက်ဝယ်တွေ့ရှိသူ ဇာဏီ အသက်(၃၃)နှစ် အင်းဝင်(၈)လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေသူအား အမှတ်(၃)ရဲစခန်းက (ပ)(၁/၂၀၁၄) မူးယစ်ပုဒ်မ၊ ၁၅/၁၉ (က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(၅၈၈)**

**အလားတူ** မူးယစ်ဆေးဝါးသတင်းအရ မတ် ၁၉ ရက် ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၆)မှ ရဲအုပ်ထွန်းအောင်သိန်း၊ တပ်ကြပ်ကျော်သူ၊ အမှတ် (၃)ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လင်းအောင်ဦးဆောင်သည့်အဖွဲ့နှင့် မြို့မရဲစခန်း နန်းတော်ရာရဲကင်းမှ တပ်ကြပ် သက်ချိုတို့သည် သက်သေများနှင့်အတူ အမှတ်(၄၃၀)ကြည်တော်ကုန်း (၅/ခ)လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေမျိုးသိန်း(ခ)ကောင်းကောင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိမ်အပေါ်ထပ်သို့တက်သည့် လှေကားအပေါ်ရှိ အံဖုံးပါ ရက်မတန်းအတွင်းမှ ကပ်ခွာအိတ်နှင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြား၊ အလေးချိန် ၁၉ ဒသမ ၈ ဂရမ်အား ရှာဖွေတွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သက်သေများ ရှေ့မှောက်တွင် သိမ်းဆည်းကာ မျိုးသိန်း(ခ) ကောင်းကောင်းအား ပဲခူးမြို့ မြို့မရဲစခန်းက(ပ) ၁/၂၀၁၄၊ မူးယစ်ပုဒ်မ ၁၅/၁၉ (က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဌေးနိုင်(ပဲခူး)**






# မဟာနွယ်စည်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား၊ ကျပ် ၂၇ သိန်း ကျော် ဆုံးရှုံး



မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စည်ရပ်ကွက်တွင် မီးလောင်ရာ မီးသတ်ဝန်ထမ်းများက မီးငြိမ်းသတ်နေစဉ်။

**မန္တလေး၊ မတ် ၂၂**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စည်ရပ်ကွက် ၇၂ လမ်းနှင့် ၇၃ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား အကွက် အမှတ်(၆၉၈၊ ၆၉၉) နေ ဦးကိုကိုဆွေ၏ နေအိမ်တွင် မတ် ၁၉ ရက် နံနက်က ရေခဲသေတ္တာ မီးဖြတ်စက် အပူလွန်ကဲရာမှ ထရံသို့ မီးကူးစက်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ သန္ဓေမီးသတ် ၃၀၊ ဒေသအရန်မီးသတ် ၂၀၀၊ မီးငြိမ်းသတ်ယာဉ် ၅၈ စီးတို့ အချိန်မီသွားရောက် ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် (ပေ ၄၀ × ပေ ၂၀) ထရံကာသွပ်မိုး နှစ်ထပ်တစ်လုံး၊ အာစီသုံးထပ် (၁၇ ပေ× ပေ ၄၀) အိမ်ပြတင်းပေါက်များ မီးလောင်ပြီး ကျပ် ၂၇ သိန်းလေးသောင်း ဖိုးခန့် မီးလောင်ဆုံးရှုံးကာအိမ်ရှင် ဦးကိုကိုဆွေတွင် ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးကိုကိုဆွေအား မဟာအောင်မြေမြို့နယ် အမှတ်(၉)ရဲစခန်းက ပ/၁၅၂/၂၀၁၄ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မကွေးတွင် သဲကျောက်တုံးမှ အရုပ်ထုလုပ်သည့် လုပ်ငန်းဖြင့် ဒေသခံများဝင်ငွေကောင်းနေ

**မကွေး၊ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်ခြေအနီးရှိ သဲတော၊ ကျောက်ထပ်၊ ဇီးတော စသည့် ဒေသခံပြည်သူများသည် သဘာဝက ပေးသော သဲကျောက်တုံးထုတ်လုပ်၊ ထုလုပ်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေကောင်းများ ရရှိနေကြောင်း သိရသည်။

သဲတော၊ ကျောက်ထပ်၊ ဇီးတောရွာများသည် ပခုက္ကူမြို့နှင့် ၁၂ မိုင်ခန့်ကွာဝေးပြီး ရေစကြို-ပခုက္ကူ ကားလမ်းဘေး ကျောက်လှေကားရွာနှင့် သုံးမိုင်ခန့်အကွာတွင် သဲကျောက်တုံးများ ထုတ်လုပ်ကြသည်။

"ကျွန်တော်တို့ သဲကျောက်တူးတဲ့ မြေမှာ ပိုင်ရှင်ရှိရင် ၁၀ တောင်ပတ်လည်တစ်ကျင်းကို ကျပ် ၂၀၀၀၀ ပေးရပါတယ်။ တစ်ရက်ကို တစ်ယောက် တည်းတူးရင် ၃၅ တုံးလောက်ရပါတယ်။ မာတဲ့ သဲကျောက်ကို အရုပ်အမျိုးမျိုးထုလုပ်ပါတယ်။ ပွတဲ့သဲကျောက်ကို တိုက်တာအိမ်ခြေ အုတ်တံတိုင်းနဲ့ အိမ်သာကျင်းတွေမှာ အသုံးပြုပါတယ်"ဟု သဲကျောက်ထုတ်လုပ်သူ ဒေသခံတစ်ဦးကပြောသည်။

သဲကျောက်ထုတ်လုပ်သူ ဦးရေ ၁၅၀ ခန့်ရှိပြီး တစ်တုံးတူးဖော်ခ ကျပ် ၁၄၀ ခန့်ရရှိကြောင်း၊ သဲကျောက်တစ်တုံးလျှင် အလျား ၁၇ လက်မ၊ အမြင့် ငါးလက်မခန့်နှင့် အနံတစ်ထွာခန့်ရှိကြောင်း သိရသည်။

ရှင်မတောင်နယ်ထွက် သဲကျောက်တုံးများသည် ပုဂံခေတ်ကပင် လုပ်ကိုင်ခဲ့ကြ၍ ရှင်မတောင်နယ်တစ်ကြော သဲကျောက်ထီးများ၊ သဲကျောက်သပိတ်ကြီးများ၊ ရုပ်ပွားတော်များနှင့် ဆင်ရုပ် ခြင်္သေ့ရုပ်စသည့် အရုပ်များထုတ်လုပ်လျက်ရှိသည်။

"ကျွန်တော်တို့ သဲကျောက်တုံးအရုပ်တွေကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံ၊ ပေလီ၊ ချောင်းသာတို့ကလည်း မှာယူကြပါတယ်။ ထုရမယ့် အရုပ်ပေါ်မူတည်ပြီး ကျပ် ၇၀၀၀၀ ကနေ ကျပ် ၁၀၀၀၀၀ အထိ သတ်မှတ်ထားပါတယ်။ မြဝတီနယ်စပ်က လည်း လာမှာတာမျိုးရှိပါတယ်။ မြဝတီနယ်စပ်က ဆင်ရုပ်တွေကိုအများဆုံးမှာယူပြီး ဝပ်ဆင်တစ်ရုပ်ကိုကျပ် ၂၀၀၀၀၊ လှမ်းဆင်တစ်ရုပ် ကိုကျပ် ၅၀၀၀၀နှုန်းနဲ့ရောင်းပါတယ်" ဟု သဲတောရွာမှ ဦးတိုင်းမော်က ပြောသည်။

**နေဦးမောင်(ပခုက္ကူ)**

## သတင်းတိုများ

### မြင်းခြံသံမဏိစက်ရုံ ရှေ့လတွင်စတင်မည်

မြင်းခြံသံမဏိစက်ရုံကို စက်မှုဝန်ကြီးဌာနသို့ ပြောင်းလဲပြီးနောက် စက်ရုံလည်ပတ်မှုကို ဧပြီလမှစတင်လည်ပတ်မည်ဟု မြင်းခြံ သံမဏိစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြင်းခြံသံမဏိစက်ရုံမှ တစ်ရက် တန် ၆၀၀ ထုတ်လုပ်နိုင်ပြီး တစ်နှစ်တန်နှစ်သိန်းထုတ်လုပ်ရန် လျာထားသည်ဟု မြင်းခြံသံမဏိစက်ရုံမှ တာဝန်ရှိသူက ပြောသည်။ စက်မှုစီမံကိန်းတွင် သံ၊ သံမဏိမှာ မရှိမဖြစ်စက်သုံးပစ္စည်းဖြစ်၍ မြင်းခြံသံမဏိစက်ရုံစီမံကိန်းမှာ အညာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

### မရမ်းကုန်း၌သိန်း၇၀ကျော်တန်ဖိုးရှိပစ္စည်းများအခိုးခံရ

မတ် ၁၉ ရက် မွန်းလွဲ ၃ နာရီ ၃၅ မိနစ်ခန့်က မရမ်းကုန်းမြို့နယ်နေ ဦးဇော်လင်းသည် နေအိမ်မှ ကိုးမိုင်သို့ အလုပ်ကိစ္စဖြင့် သွားရောက်ခဲ့ပြီးနောက် ညနေ ၅ နာရီခန့်က ပြန်ရောက်လာစဉ် နေအိမ်အခန်းအတွင်းရှိ အဆင့်သုံးဆင့်ပါ အလူမီနီယံဗီရိုပွင့်နေသည်ကို တွေ့ရပြီး သမီးဖြစ်သူအိပ်ခန်းမှာလည်း ပွင့်နေသည်ကို တွေ့ရသဖြင့် စစ်ဆေးခဲ့သည်။ သမီးဖြစ်သူ၏ ခုတင်ပေါင်ပေါ်တွင်တင်ထားသည့် ငွေကျပ် ၁၂၀၀၀၀၊ အိပ်ခန်းအတွင်းမှ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၅၅ ရွက်၊ မြန်မာငွေကျပ် ငါးသိန်း၊ ရွှေလက်စွပ်တစ်ကွင်း၊ စိန်နှင့် ပတ္တမြားချယ် လက်စွပ်တစ်ကွင်း၊ ရွှေကြုတ်တစ်ခု၊ စုစုပေါင်း ကျပ် ၇၈၉၅၀၀၀ ဖိုးခန့် ပျောက်ဆုံးနေသည်ကို သိရသဖြင့် အရေးယူပေးပါရန် တိုင်ကြားခဲ့ရာ မရမ်းကုန်းမြို့မရဲစခန်းက (ပ)၇၇/၁၄ ပြစ်မှုပုဒ်မ ၃၈၀ အရ အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**၃၁**

### အလှပြင်ဆိုင်ဗန်းပြ အနှိပ်ခန်းအား ဖမ်းဆီး

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် ၃၄ လမ်း၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ အလှပြင်ဆိုင်တွင် တရားမဝင် အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းအရ မတ် ၁၇ ရက် ညနေ ၄ နာရီ ၅၀ မိနစ်ခန့်က အမှတ်(၃)နယ်မြေရဲစခန်းမှ ဒုရဲအုပ်မြတ်ဇော်ဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ဖမ်းဆီးရာ မန်နေဂျာ စိုးသက်ထွန်း (၂၅)နှစ် ရန်မျိုးလုံရပ်ကွက်နေသူနှင့် အနှိပ်သမ ငါးဦးနှင့် အနှိပ်ခန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ငွေကျပ် ၂၂၀၀၀ နှင့်အတူတွေ့ရှိသဖြင့် အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

### စာတတ်မြောက်ရေးလှုပ်ရှားမှု ကော့ကရိတ်တွင်ပို့ချ

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ကရင်ပြည်နယ်ကိုယ်စားပြု ကော့ကရိတ်မြို့နယ်တစ်ခုတည်းတွင် ဧပြီ ၁ ရက် မှ မေ ၁၅ရက်အထိ ရက်ပေါင်း ၄၀ သင်ကြားပို့ချမည်ဖြစ်သည်။ အခြေခံ စာတတ်မြောက်ရေး အရေး၊အဖတ်၊အတွက် သင်တန်းများကို စာသင်ဝိုင်း ၃၂၄ ဝိုင်း၊ စာသင်သား ၄၈၆၃ ဦးကို လုပ်အားပေးတက္ကသိုလ်ကျောင်းသား/ကျောင်းသူ ၃၂၄ ဦး၊ ဒေသခံဆရာ/ဆရာမ ၃၂၄ ဦး စုစုပေါင်း ၆၄၈ ဦး တို့က ရေး၊ ဖတ်၊ တွက် တတ်သည်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

**စိုးထက်အောင်(ပြန်/ဆက်)**


INVITATION FOR OPEN TENDER

Managing Director

Myanma Petrochemical Enterprise

(Special Discount)

အမည်ပြောင်း

ကွန်ဒိုငှားမည်



မန္တလေးမြို့တွင် အသစ်ဆောက်လုပ်နေသောအဆောက်အအုံများအား တွေ့ရစဉ်။ ဓာတ်ပုံ- မန်းသားလေး

# မန်းတွင် သတ်မှတ်အရည်အချင်းပြည့်စုံမှ အဆောက်အအုံများဆောက်ခွင့်ပြုမည်

**မန္တလေး၊ မတ် ၂၂**

မန္တလေးမြို့တွင် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်မည်ဆိုပါက သတ်မှတ်ထားသည့် အရည်အသွေးများနှင့် ပြည့်စုံမှသာ ဆောက်လုပ်ခွင့် ပြုတော့မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခု ကြေညာချက်ထုတ် ထားတယ်။ သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့မညီရင် ပြန်ပြင်ခိုင်းမှာဖြစ်ပါတယ်။ ဘာတွေထည့်ပြီး ဆောက်ရမယ်ဆိုတာလည်း သတင်းစာကနေ အတိအလင်းကြေညာထားပြီး ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ကြေညာထားသော စည်းကမ်းချက်များတွင် အထပ်မြင့် ဆောက်လုပ်မည်ဆိုပါက ဓာတ်လှေကား၊ အသက်ကယ်လှေကားနှင့် အလိုအလျောက် မီးငြိမ်းသတ်သည့်စနစ်များကို ထည့်သွင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

"စည်ပင် သတ်မှတ်ချက်အရတော့ ခြောက်ထပ်နဲ့အထက်ဆို အထပ်မြင့်ပေါ့။ ဓာတ်လှေကားပါရမယ်။ နောက်ပြီး သူတို့ဆောက်မယ့် အဆောက်အအုံဟာ ငလျင်ဒဏ် ခံနိုင်မှု ရှိ၊ မရှိ ဆိုတာတွေကအစ စစ်ပါမယ်။ အဆောက်အအုံပုံ စစ်တာကို စည်ပင် တင်မဟုတ်ဘဲ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် အထိပို့ပြီး စစ်ဆေးမှုခံယူသွားခိုင်းမှာပါ" ဟု အဆိုပါ စည်ပင်အရာရှိက ဆက်လက် ပြောသည်။

ထို့ပြင် တိုက်တာအဆောက်အအုံများတွင် အလိုအလျောက် မီးငြိမ်းသတ်သည့် စနစ်များ ထည့်သွင်းရမည်ဟု မီးသတ်ဦးစီးဌာနမှလည်း ကြေညာထားကာ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြို့တော်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ လိုက်လံစစ်ဆေးနေပြီး မီးဘေးလုံခြုံမှု မရှိသော အဆောက်အအုံများအား ခွင့်ပြုမပေးကြောင်းကို မန္တလေးမြို့တော် ဗဟိုမီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

"ခုနောက်ပိုင်း ဆောက်တဲ့ တိုက်တွေမှာ ကျွန်တော်တို့ဘက်ကနေ အလိုအလျောက် မီးငြိမ်းသတ်တဲ့စနစ်တွေ ပါ၊ မပါလိုက်စစ်ပါတယ်။ အဲဒီစနစ်တွေကို စနစ်တကျသာ တပ်ထားမယ် ဆိုရင် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ထားပြီးသား ဖြစ်ပါတယ်။ ရန်ကုန်က တစ်ချို့ဟိုတယ်တွေဆို ဒီစနစ်ထည့်သွင်းထားလို့ မီးလောင်မှုဖြစ်ရင်စက်တွေက အလိုအလျောက် ငြိမ်းပေးသွားတယ်" ဟု ၎င်းကပြောသည်။

**အောင်(မန်း)**

# မသင်္ကာဖွယ်သူတစ်ဦးကို စစ်ဆေးရာမှ ပစ္စတိုသေနတ် သိမ်းဆည်းရမိ

**မန္တလေး၊ မတ် ၂၂**

ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရဲကင်းမှူး ဒုရဲအုပ်စေလင်းထွဋ်၊ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ်အောင်အောင်နှင့်အဖွဲ့သည် မတ် ၁၇ ရက် နံနက် ၂ နာရီခွဲခန့်က လှည့်ကင်းဆောင်ရွက်နေစဉ် တံခွန်တိုင်ရပ်ကွက် မြောက်ဥယျာဉ် အဝင်လမ်းထိပ်တွင် မသင်္ကာဖွယ်လူတစ်ဦး ဆိုင်ကယ်တစ်စီးတွင် နောက်ထိုင်လိုက်ပါလာသည်ကို တွေ့ရသဖြင့် တံခွန်တိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူစစ်ဆေးရာ ၎င်းမှာ နေလွှန်းနိုင်ဆိုသူဖြစ်ပြီး ၎င်းနှင့်အတူ ပစ္စတိုသေနတ်တစ်လက်၊ ကျည် သုံးတောင့်တွေ့ရသဖြင့် ရဲစခန်းသို့ခေါ်ဆောင်၍ ပူးပေါင်း စစ်ဆေးခဲ့သည်။

နေလွှန်းနိုင်သည် တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဒုတပ်ကြပ်တစ်ဦးဖြစ်ပြီး ၂၀၁၀ ခုနှစ်က တပ်မတော်မှ ထွက်ပြေးကာ ကချင်ပြည်နယ် တနိုင်းနှင့်ဖားကန့်တို့တွင် ကျောက်တူးသည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ လက်ရှိကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေ့ခါးကျေးရွာရှိ ဦးဘရန်အောင် နေအိမ်တွင် ကျောက်တူးသမား ငါးဦးနှင့်အတူ ကျောက်တူးခဲ့ပြီး မတ် ၁၂ ရက်က ၎င်းတို့အဖွဲ့ ပိသာချိန် ၇၀ ခန့်ရှိ ကျောက်စိမ်းအရိုင်းတုံး တစ်တုံး ရခဲ့ကာ ဦးဘရန်အောင်က ကျပ်သိန်း ၁၈၀ ရရှိခဲ့သော်လည်း ၎င်းတို့အဖွဲ့အား ၁၅ သိန်းသာရသည်ဟုပြောကာ ရိက္ခာဖိုးငွေနုတ်၍ ခုနစ်သိန်းပေးသဖြင့် ၎င်းတို့ ငါးဦးခွဲဝေယူခဲ့သည်။ ၎င်းမှ မကျေနပ်သဖြင့် ဦးဘရန်အောင်အရက်မူး၍ ဗီဒီယိုထိုင်ကြည့်စဉ် ဘေးမှစောင့်နေပြီး နောက်မှသိုင်းဖက်၍ လည်ပင်းအား လှံစွပ်ဓားမြှောင်ဖြင့်လှီးပြီး ရင်ဘတ်အား ဓားမြှောင်ဖြင့်ထိုးခဲ့ကာ ဦးဘရန်အောင် ကိုင်ဆောင်သည့် ပစ္စတိုနှင့် ကျည်ဆံများ၊ ငွေကျပ် ၄၅ သိန်းယူဆောင်ကာ အတူနေ ကျောက်တူးသမားသုံးဦးနှင့်အတူ ဟိုပင်သို့ ထွက်ပြေးခဲ့သည်။

မတ် ၁၄ ရက်တွင် မြစ်ကြီးနား-မန္တလေး ရထားဖြင့် မန္တလေးမြို့သို့ ရောက်လာကာ တည်းခိုခန်း၌တည်းခိုနေပြီး ဆိုင်ကယ်ကယ်ရီဖြင့်ထွက်လာစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကာ ပြည်ကြီးတံခွန်မြို့မရဲစခန်းက နေလွှန်းနိုင်အား အမှုဖွင့်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# နိုင်ငံတကာပညာရေးနှင့် ကြိုတင်ပြင်ဆင်ခြင်းဆွေးနွေးမည်

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံမှ ၁၀ တန်းဖြေဆိုပြီး ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတကာပညာရေးနှင့် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ အကြောင်းဆွေးနွေးပွဲတွင် လူငယ်များ သင်ယူသင့်သည့် ဘာသာရပ်များအကြောင်း၊ နိုင်ငံတကာပညာရေးစနစ်များအကြောင်းနှင့် ကြိုတင်လေ့လာပြင်ဆင်ထားသင့်သည့် အချက်များအကြောင်းရှင်းလင်းပြောကြားပေးမည်ဖြစ်ပြီး James Cook University မှလည်း စီးပွားရေးပညာ၊ အိုင်တီပညာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုပညာ၊ နိုင်ငံတကာတက္ကသိုလ်ကြီးများတွင် ပညာသင်ယူခြင်းဆိုင်ရာ ကျောင်းသား ကျောင်းသူများ သိရှိထားသင့်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။ နွေရာသီတွင် လူငယ်များပြင်ဆင်ထားသင့်သည့် အင်္ဂလိပ်လေ့လာသင်ယူခြင်းဆိုင်ရာ သင်တန်းများအကြောင်းကိုလည်းရှင်းလင်းပြောကြားမည်ဖြစ်ပြီး ဆွေးနွေးပွဲကို မတ် ၂၅ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်ပြီး တက်ရောက်လိုပါက ဖုန်း ၀၁-၅၂၇၈၃၈၊ ၀၉-၇၃၂၇၃၂၇၇ တို့တွင် ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်သည်။

**(ကိုခန့်)**














## တောင်ငူတွင် ကျေးလက်ကျောက်ချောလမ်း ရန်ပုံငွေကျပ် ၆၈၅ သိန်းကျော် အကုန်ကျခံ ဖောက်လုပ်

**တောင်ငူ၊ မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၆၈၅ သိန်း အကုန်ကျခံဖောက်လုပ်ခဲ့သော အလျား ၈၇၀၀ ပေ၊ အကျယ် ၁၂ ပေ နှင့် ထု ၁၀ လက်မရှိ တောင်ငူမြို့နယ် ဆိတ်ဖူးတောင်-ကျူချောင်း ကျေးရွာကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါကျေးလက်လမ်းကို တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် မြို့မိမြို့ဖ ဦးမြင့်ညို (အမေ့အိမ်) တို့က ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ၊ ရပ်မိရပ်ဖများနှင့် ကျေးလက်လူထုများ တက်ရောက်ကြ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမိုးဆန်းမြင့်က လမ်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ လမ်းဖွင့်ပွဲအထိမ်းအမှတ်ပစ္စည်းများ ပေးအပ်ခဲ့သည်။

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းကတ္တရာလမ်း ၁၃ လမ်း စုစုပေါင်းအရှည် ၂မိုင်၊ ၂ ဒသမ ၆၁ ဖာလုံနှင့် ကျောက်ချောလမ်း လေးလမ်း၊ အရှည် ၄ ဒသမ ၀၄ဖာလုံ၊ စုစုပေါင်းလမ်း ၁၇ လမ်း ခွင့်ပြုရန်ပုံငွေကျပ် ၁၇၂၂ သိန်းကျော် အကုန်ကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **(၁၂၉)**

# ဖျာပုံ မြို့တွင် ကျိုက္ကမျှမ်(သက်လွတ်ချမ်းသာ) လိပ်ဥကုန်း စေတီတော်ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ဖျာပုံ၊ မတ် ၂၂**

ကျိုက္ကမျှမ်(သက်လွတ်ချမ်းသာ) လိပ်ဥကုန်း စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဂေါပကအဖွဲ့က ကြီးမှူးလျက် မတ် ၈ ရက်မှ ၂၅ ရက်ထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ပွဲတော်ရက်များ၌ စေတီတော်မြတ်ကြီးအား ပန်းရထားဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းတို့ဖြင့် ဆက်ကပ်ပူဇော်ကြပြီး၊ တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလဆန်း ၁၂ ရက်အထိ ငါးရက်တိုင်တိုင် ကျိုက္ကမျှမ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ လိပ်ဥကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) ကိုယ်တော်တိုင်ဦးစီး၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့သည်။

တပေါင်းလဆန်း ၁၂၊ ၁၃ ရက် ညများတွင် ဗီဒီယိုပြသဖျော်ဖြေခဲ့ပြီး၊ တပေါင်းလပြည့်နေ့ မတ် ၁၅ ရက်မှ ၂၅ ရက် အထိ ၁၀ ရက်တိုင်တိုင် ဖိတ်ခေါ် ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲကို ကျင်းပလျက်ရှိသည်။

ကျိုက္ကမျှမ်စေတီတော်မြတ်ကြီးသည် ဖျာပုံမြို့၏ အနောက်တောင်အရပ်တွင် တည်ရှိပြီး၊ ယခင်က ဆိပ်ကမ်းအနီးတွင် တည်ထားခဲ့သော်လည်း၊ ယခုအခါတွင် မြစ်ဆိပ်နှင့် ကွာဝေးသည့် နေရာတွင် ဖူးတွေ့ရမည် ဖြစ်သည်။

ကျိုက္ကမျှမ်စေတီတော်မြတ်ကြီးအား သက္ကရာဇ် ၉၀၀ ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် မွန်ဘုရင် သူ့ရှင်တကာ ရွတ်ပိ၏ မွန်မိဖုရားကြီး (တလပရော်သမီ) က အသက်ဘေးမှ လွတ်ကင်းချမ်းသာရခြင်း၊ စားရေရိက္ခာ လိုရာမထပြည့်စုံခြင်း၊ အခြွေအရံများ ခစားကူညီမှု လုံလောက်စွာရရှိခြင်း၊ ရောဂါဝေဒနာမှစ၍ အတွင်းအပ အန္တရာယ်များလွတ်မြောက်ခြင်း၊ မိမိတို့လိုရာဆန္ဒကို ထမြောက်အောင်မြင်စွာ ကြံစည်မှုပြည့်စုံခြင်းစသော သစ္စာအဓိဋ္ဌာန် ငါးချက်ဖြင့် ပြည့်စုံရသည့်အတွက် ထိုစေတီတော်ကို (ကျိုက်ဂမျှိုင်) "ကျိုက္ကမျှမ်" ဟူသော မွန်ဘာသာဖြင့် ကမ္ပည်းထိုးမှတ်ကြရမည်ဟု အမိန့်တော်ထားခဲ့ပေသည်။

ထို့အပြင် ကျိုက္ကမျှမ်စေတီတော်မြတ်ကြီးကိုတည်ခဲ့သော မွန်မိဖုရားကြီးသည် ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ် မရမ်းကျေးရွာရှိ ကျိုက်ဟွန်ပရော် (အသက်ကယ်ဘုရား)၊ ဖျာပုံမြို့နယ် ၊ သမိန်ထောကုန်းတန်းတွင် ကျိုက်ကျနွမ်း (အောင်တော်မူစေတီ)၊ ဖျာပုံမြို့နယ်၊ ကမာပိုကုန်းတန်းရှိ ကမာပို (ထမင်းကန်စေတီ) တို့ကိုလည်း တည်ထားခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

**နေပြည်တော်၊ မတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ်၊ (၆၉) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အများပြည်သူများအား အသိပညာဗဟုသုတများ ကြွယ်ဝစွာရရှိစေရန်နှင့် စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဒက္ခိဏသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စု၊ အောင်သုခကျေးရွာ၌ မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက စာကြည့်တိုက်အကြောင်းသိကောင်းစရာများ၊ စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းပြသည်။

ဓာတ်ပုံပြပွဲအဖြစ် အာဆီယံအကြောင်းသိကောင်းစရာများနှင့် အချက်အလက်များ၊ အာဆီယံထိပ်သီးအစည်းအဝေး မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်နေ့အကြောင်းသိကောင်းစရာများ၊ လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်း သိကောင်းစရာများ၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းမှတ်တမ်းဓာတ်ပုံများကို ပြသခဲ့သည်။

စာအုပ်စာစောင်ပြပွဲအဖြစ် ယခုထွက်ရှိသည့် စာအုပ်စာစောင်များကို ခင်းကျင်းပြသထားပြီး အဆိုပါစာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း၊ ပြသခဲ့သည့် ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင် ပြပွဲကို စာပေဝါသနာရှင်များ၊ ဓာတ်ပုံဝါသနာရှင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှု လေ့လာကြသည်။



**နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပနေစဉ်။**

အဆိုပါ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားတွင် ဓာတ်ပုံ ၁၀၀ ကျော်နှင့် စာအုပ်စာစောင် ၂၀၀ ကျော်ကို ခင်းကျင်းပြသ ငှားရမ်းပေးပြီး တပ်မတော်နေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များနှင့် ဂျာနယ်မျိုးစုံတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကိုလ်**

## သတင်းတိုများ

### မွန်ပြည်နယ်နေ့အခမ်းအနား စက်စဲကမ်းခြေတွင်ကျင်းပ

မွန်ပြည်နယ်နေ့ အခမ်းအနားကို စက်စဲကမ်းခြေတွင် လွန်ခဲ့သော ၁၈ နှစ်က (၂၂) ကြိမ်မြောက်အဖြစ် ပထမအကြိမ်ကျင်းပခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် နှစ် ၄၀ ပြည့်အခမ်းအနားကို ကျင်းပခြင်းဖြစ်ကာ အခမ်းအနားတွင် ဌာနဆိုင်ရာပြခန်းများ၊ NGO နှင့် မြို့နယ် ၁၀ မြို့နယ်ပြခန်းများပါဝင်ပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ဈေးရောင်းပွဲတော်များ၊ အားကစားပြိုင်ပွဲများနှင့် ဇာတ်သဘင်များပါဝင်ကြောင်း သိရသည်။ **ဆက်နေမင်းအောင်**

### မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

ရန်ကုန်တောင်ပိုင်းခရိုင် စည်ပင်သာယာဈေးရုံး၊ ခရိုင်မှူး၏လမ်းညွှန်မှုဖြင့် ခရိုင်စည်ပင်သာယာဈေးများရုံးမှ တာဝန်ခံအရာရှိ ဒေါ်မာမာမင်း ဦးဆောင်၍ ဒလမြို့နယ်၊ မီးသတ်တပ်ဖွဲ့၏ ပူးပေါင်းပါဝင်မှုဖြင့် မတ် ၁၉ ရက် နံနက် ၁၁ နာရီက ကမာကဆစ်ဈေးတာဝန်ခံ ဦးဌေးဝင်း၊ ဒလဈေးတာဝန်ခံများ၊ ဈေးသာယာရေးနှင့် ဝန်ဆောင်လုပ်သားများအား 'မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း' အား ဒလမြို့နယ် ကမာကဆစ်ဈေးရုံးအရှေ့၌ လေ့ကျင့်ကျင်းပဆောင်ရွက်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံရပ်မိရပ်ဖများ၊ မီးသတ်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ သရုပ်ပြလေ့ကျင့်ရာတွင် စနစ်တကျ မီးငြိမ်းသတ်ပုံများ၊ မီးဘေးကြိုတင်ကာကွယ်ရမည့် အခြေအနေများကို ပညာပေးဟောပြောခဲ့သည်။

**သန်းဌေး (ဒလ)**



# ဒုတိယအကြိမ် သုတေသနနှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းအား ယခုနှစ် ဧပြီနှင့်မေတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထား

**ရန်ကုန်၊ မတ် ၂၂**

မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအား စိတ်ပါဝင်စားသူများအတွက်ရည်ရွယ်၍ အရှေ့တောင်အာရှ Heinrich Boell Foundatione နှင့် Eco/Dev Alarm အဖွဲ့အစည်းတို့မှ ဒုတိယအကြိမ် ရပ်ရွာလူထု ပူးပေါင်းပါဝင်နိုင်သော သုတေသနနှင့် တိုင်းရင်းနည်းများဖြင့် သဘာဝသယံဇာတများစီမံခန့်ခွဲရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းအား ယခုနှစ် ဧပြီနှင့် မေတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း မတ် ၂၀ ရက် Summit Parkview ဟိုတယ်တွင်ပြုလုပ်သော သင့်တင့်မျှတရှင်သန်မှုဘဝ ကွန်ဖရင့်တွင် သင်တန်းဖြစ်မြောက်ရေးအတွက် တာဝန်ယူဆောင်ရွက်နေသူတစ်ဦးထံမှ သိရသည်။

"ဒုတိယအကြိမ် သင်တန်းကို အခုနှစ် ဧပြီနဲ့ မေမှာဖွင့်နိုင်ဖို့ စီစဉ်နေပါတယ်။ သင်တန်းအနေအထားအရ လူ ၃၀ လောက်ပဲလက်ခံမှာဖြစ်ပြီး ပထမအကြိမ်သင်တန်းက သင်တန်းဆရာတွေ ဦးဆောင်သင်တန်းပြပေးမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ဒီသင်တန်းတွေက အတွေ့အကြုံရှိတဲ့ သင်တန်းဆရာတွေက သူတို့ရဲ့အဖွဲ့အစည်းနဲ့ ကျေးရွာလူထုကို ထိတွေ့ပြီး ပြန်သင်ကြားပေးနိုင်ရင် မြန်မာနိုင်ငံမှာ ပြည်သူ့အသံကို ဖော်ဆောင်ပေးနိုင်တဲ့ စွမ်းဆောင်သူတွေဖြစ်လာမှာပါ" ဟု သင်တန်းဖြစ်မြောက်ရေးဆောင်ရွက်သူ စိမ်းလန်းအမိမြေအသင်း၏ဥက္ကဋ္ဌ ဦးဝင်းမျိုးသူကပြောသည်။

သင်တန်းတက်ရောက်လိုသူများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်သည့် အတွေ့အကြုံရှိရန်နှင့် တိုင်းရင်းသားဒေသများ၏ ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်းလေ့လာသင်ကြားရမည်ဖြစ်သောကြောင့် စိတ်ရောကိုယ်ပါ ပင်ပန်းနိုင်မှုခံနိုင်သူအသက် ၂၅ နှစ်မှ ၄၅ နှစ်အတွင်းကျန်းမာသန်စွမ်းသူဖြစ်ရမည်ဖြစ်ကာ မိမိအားထောက်ပံ့စေလွှတ်သော လူမှုအဖွဲ့အစည်းနှင့် ပြည်သူလူထု၏ အကျိုးကို အဓိကဆောင်ရွက်ပေးနိုင်မည့် အမာခံသင်တန်းဆရာဖြစ်ရန် လိုအပ်ပြီး ပညာအရည်အချင်းကိုမူ အနိမ့်ဆုံး အထက်တန်းအောင်မြင်သူဖြစ်ရန် ကန့်သတ်ထားကြောင်း သိရသည်။

အဓိကသင်ကြားပေးမည့်အကြောင်းအရာများမှာ သဘာဝသယံဇာတများကို ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်မှုရှိသောအစိုးရ၏ အုပ်ချုပ်မှုအပိုင်း၊ သစ်တောပြုန်းတီးမှု၊ မှန်ကန်သောအစားအသောက်ဖြစ်မှု၊ ဒေသထွက်မူရင်းမျိုးစိတ် ပြန်အစားထိုးစိုက်ပျိုးခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မြေယာသိမ်းဆည်းခံရမှု၊ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းနှင့် ရိုးရာယဉ်ကျေးမှုများဆုံးရှုံးခြင်းတို့အားDr.HermannJ.Tillmann၊ Dr.Maruja Salas နှင့် ပထမအကြိမ်သင်တန်းမှ သင်တန်းဆရာများက သင်ကြားပေးမည်ဖြစ်သည်။ သင်ကြားရာတွင် လူအများစုမှာ စကားနှင့်ပြောပါက အခက်အခဲရှိသောကြောင့် ရုပ်ပုံဆွဲ၍ အတွေးအမြင်များ ထွက်လာသည့် ထိရောက်သည့်နည်းများဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှလည်း မြစိမ်းရောင်စီမံချက်အရ မြန်မာနိုင်ငံအနှံ့ရှိ ရွာပေါင်းတစ်ထောင်ခန့်အား တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းချပေး၍ မိမိရပ်ရွာအလိုက် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်ညွှန်ကြားချက်အတိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

"အရင်ဖွင့်ခဲ့တဲ့ သင်တန်း ၃၀ လောက်နဲ့ တစ်နိုင်ငံလုံးအကုန်မလုပ်ပေးနိုင်ပါဘူး။ အနည်းဆုံး သင်တန်းဆရာတစ်ရာလောက်ရှိမှ တစ်ယောက်ကိုရွာသုံးရွာနှုန်းနဲ့ သင်ကြားပေးနိုင်မှာပါ ။ ဒါမှလည်းသင်တန်းဆရာတွေရဲ့ စွမ်းဆောင်ရည် တိုးတက်မှုရှိလာမှာ ဖြစ်ပါတယ်" ဟု စိမ်းလန်းအမိမြေအသင်း၏ဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ပြောသည်။

သုတေသနနှင့် တိုင်းရင်းနည်းများဖြင့် သဘာဝသယံဇာတများ စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းရည်သင်တန်းအားတစ်နှစ်လျှင် သုံးကြိမ်ပြုလုပ်ပြီးမှ သင်တန်းဆင်းလက်မှတ် ထုတ်ပေးပြီး ပထမဆုံးအကြိမ် သင်တန်းအား ၂၀၁၃ ခုနှစ် မတ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းနောင်ခမ်း၊ ဇူလိုင်အတွင်း ပြင်ဦးလွင်နှင့် ဒီဇင်ဘာအတွင်း ပဲခူးတိုင်းဒေသကြီးတို့တွင် ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**စိုးအောင်ဖေ**

## တောင်ဥက္ကလာပတွင် တရားရုံးထုတ်တရားခံအား ညှိတွေ့လာသူမှဘိန်းဖြူဘူးများပေးမှုဖြစ်ပွား

**ရန်ကုန်၊ မတ် ၂၂**

မတ် ၁၈ ရက် ညနေ ၄ နာရီ ၂၀ မိနစ်ခန့်က တောင်ဥက္ကလာပမြို့ရဲတပ်ဖွဲ့မှ မှူခင်းမှတ်တမ်းတာဝန်ခံအရာရှိနှင့် အချုပ်ယာဉ်လမ်းကြောင်းလုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် တရားရုံးအချုပ်၌ ရုံးထုတ်တရားခံများကို အချုပ်ယာဉ်ပေါ်သို့တင်ဆောင်နေစဉ် အနောက်ပိုင်းခရိုင်တရားရုံးပြစ်မှုကြီးအမှတ် ၂၀/၁၃၊ မူး/စိတ်ပုဒ်မ ၁၉(က)အရ ထောင်ဒဏ် ၁၁ နှစ်ကျခံနေရပြီး တောင်ဥက္ကလာပမြို့နယ် တရားရုံးပြစ်မှုကြီး အမှတ် ၇၁၄/၁၂၊ မူး/စိတ်ပုဒ်မ-၁၅/၁၆(ဂ)/၂၁ အမှုဖြင့် တရားစွဲတင်ထားသော လှိုင်သာယာမြို့နယ် (၅)ရပ်ကွက်နေ တရားရုံးထုတ်တရားခံ ကျော်သူရ(ခ)သိန်းဆွေထံသို့ ညှိတွေ့လာရောက်သော ၎င်း၏ညီမဖြစ်သူ ဒဂုံ(မြောက်ပိုင်း)မြို့နယ်နေ မတင်စန်းအေးက တစ်ရှူးအထုပ်တစ်ထုပ်အား အချုပ်ယာဉ်ဘေးမှ ပေးလိုက်သည်ကို လုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့ဝင်များက တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။ တစ်ရှူးထုပ်အတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်အပိုင်းအစများဖြင့် ထုပ်ပိုးထားသော အလေးချိန် သုည ဒသမ ၁၇ ဂရမ်ခန့်စီရှိ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များပါ ပလတ်စတစ်ဘူးငယ် ကိုးဘူး၊ စုစုပေါင်းအလေးချိန် ၁ ဒသမ ၅၃ ဂရမ်ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စုံစမ်းချက်အရ အဆိုပါမူးယစ်ဆေးဝါးများအား မတင်စန်းအေးနှင့် အတူပါလာသော ကျော်သူရ(ခ)သိန်းဆွေ၏ ပထမဇနီးဖြစ်သူ လှိုင်သာယာမြို့နယ်နေသူ၊ မခင်မျိုးဦးက ပေးခိုင်းခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အားအရေးယူပေးရန် တိုင်ကြားခဲ့ရာ တောင်ဥက္ကလာပမြို့မရဲစခန်းက မယ(ပ)၄/၁၄၊ မူး/စိတ်ပုဒ်မ-၁၅/၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **၃၁**



## ကမ်းပါးပြိုကျမှုထိန်းသိမ်းရေး ကျောက်စီနံရံပြုလုပ်

**ကလေး၊ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ မြို့လယ်ကောင်တည့်တည့်မှ စီးဆင်းနေသော ဥပုတ်ချောင်းကမ်းပါးပြိုကျမှုများကို ကာကွယ်နိုင်ရန်အတွက် ကျောက်ဖြည့်သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံပြုလုပ်နေမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် လုပ်ငန်းများအမြန်ပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးအတွက် မတ် ၁၈ ရက် က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

"ဥပုတ်ချောင်းရေက မိုးရာသီဆိုချင်းတောင်ပေါ်က အရှိန်ပြင်းပြင်းနဲ့ စီးဆင်းလာတာကြောင့် ကမ်းပါးပြိုကျတာက ခဏခဏ ဖြစ်ခဲ့တာကမ်းပါးပြိုကျမှုကို ကာကွယ်နိုင်ဖို့အတွက် တံတားဦး တံတားထိပ်အောက်ဘက်ကစပြီး အလျားပေ ၉၀၀ရှိတဲ့ ကျောက်ဖြည့် သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံတွေ ဆောက်လုပ်နေပါတယ်။ ဆောက်လုပ်မှုတွေကို မိုးရာသီမရောက်မီ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်နေပါတယ်" ဟုရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးမိုးဇော်က ပြောသည်။ **လင်းလက်ကြယ်စင်**

## သတင်းတို

### လမ်းမတော်တွင် မီးခိုးယူသုံးစွဲမှုဖြစ်ပွား

မတ် ၁၉ ရက်တွင် လမ်းမတော်မြို့နယ် မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းမှ သက်ဆိုင်ရာသို့ မီးခိုးယူသုံးစွဲမှုနှင့် ပတ်သက်၍တိုင်ကြားချက်အရ မတ် ၁၇ ရက်က လမ်းမတော် ၆ လမ်းရှိ ဒေါ်အေးစန္ဒာမင်းနေအိမ်တွင် တပ်ဆင်ထားသည့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ပိုင် အိမ်သုံးမီတာကို သွားရောက်စစ်ဆေးခဲ့ရာတွင် မီတာအဝင်ကြိုးနှင့် မီတာအထွက်ကြိုးတို့ကို ကာဘာခွာ၍ မီတာထဲသို့ မီးအဝင်မှ ခိုးယူသုံးစွဲထားကြောင်း သိရသဖြင့် လမ်းမတော်မြို့မရဲစခန်းကရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **၃၁**









# ဘားအံတွင် သန်းခေါင်စာရင်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ သက်ပြည့်အငြိမ်းစား မြို့ပြနှင့်ကာကွယ်ရေးဝန်ထမ်း ၂၄၅ ဦးတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တန်ဖိုးနည်း ကျပ် ၁၅၀၀ တန် ဖုန်းကတ်များကို ချထားပေးပြီး မြို့နယ်ဆက်သွယ်ရေးဦးစီးဌာနမှ စာချုပ်စာတမ်းများဖြင့် နာမည်ပေါက် တရားဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- စိုးထက်အောင်(ပြန်/ဆက်)

**ဘားအံ ၊ မတ် ၂၂**

ကရင်ပြည်နယ် သန်းခေါင်စာရင်းကော်မတီ အပတ်စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၈/၂၀၁၄) အခမ်းအနားကို မတ် ၁၉ ရက် မွန်းလွဲ ၃ နာရီတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်ပြည်နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်အဆင့် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များ တက်ရောက်ကြသည်။

ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရန် နီးကပ်လာပြီဖြစ်၍ တစ်မျိုးသားလုံး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းလုပ်ဆောင်ရာတွင် လစ်ဟင်းမှုမရှိရေးအတွက် ယခုလိုညှိနှိုင်းအစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ စာရင်းစစ်၊ စာရင်းကောက်၊ အခြေခံအဆင့်ထိကို အားလုံးစေ့စေ့စပ်စပ် စုပေါင်းလုပ်ဆောင် ပေးသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ကရင်ပြည်နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးက သန်းခေါင်စာရင်းကောက်ယူရေးနှင့် စပ်လျဉ်း၍ စာရင်းစစ်၊ စာရင်းကောက်များ၏ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိရေး၊ အဆင်ပြေချောမွေ့ရေး သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ချထားမှုများအား ရှင်းလင်းတင်ပြကာ ပြည်နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးက အသေးစိတ်ကို ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်၊ ခရိုင်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များမှ ဆောင်ရွက်ထားရှိမှုများအား ပြန်လည် ဆွေးနွေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်ဆက်)**

## သတင်းတို

### တိုက်ကြီး၌ ဓားထိုးမှုဖြစ်

မတ် ၁၉ ရက် နံနက် ၁၀ နာရီက တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်နေ ဦးမောင်မောင်လွင်သည် တိုက်ကြီးမြို့နယ် စဥ့်ကူးကျေးရွာနေ ညီဖြစ်သူ အသက် ၄၃ နှစ်ရှိ ဦးအေးကိုမှာ ဓားထိုးခံရပြီး တိုက်ကြီးဆေးရုံးသို့ရောက်ရှိနေကြောင်း ကြားသိရ၍ သွားရောက်ကြည့်ရှုရာ ယာလက်ပြင်အောက်ထိုးသွင်းဒဏ်ရာ တစ်ချက်နှင့် ဝဲလက်မောင်းပြတ်ရှဒဏ်ရာတစ်ချက်တို့ရရှိပြီး သေဆုံးနေသည်ကို တွေ့ရသဖြင့် စုံစမ်းချက်အရ ၎င်းသည်တစ်ရွာတည်းနေ အေးသွင်နှင့် ခြံမြေကိစ္စဖြင့်စကားများရန်ဖြစ်နေစဉ်အေးသွင်နှင့်အတူပါလာသောသိန်းစိုးဝင်းမှအသင့်ယူလာသောဓားဖြင့်ထိုး၍သေဆုံးခဲ့ခြင်းဖြစ်ရာ အရေးယူ ပေးရန် တိုင်ကြားခဲ့ပြီး တိုက်ကြီးမြို့မရဲစခန်း၌ အမှုဖွင့်ထားသည်။ **၃၁**

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)တွင် ကမ္ဘာ့ကျောက်ကပ်နေ့ကျင်းပ

**မန္တလေးမြို့၊ မတ် ၂၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၂လမ်း၊ ၇၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ မတ် ၂၂ ရက် နံနက် ၈ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) နှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဆီးနှင့် ကျောက်ကပ်အထူးကုဌာနတို့ ပူးပေါင်းပြီး ကမ္ဘာ့ကျောက်ကပ်နေ့ (World Kidney Day) အခမ်းအနားကို ကျင်းပခဲ့သည်။

ပါမောက္ခ ဒေါက်တာဦးခင်မောင်ဌေး၊ ဆီးနှင့် ကျောက်ကပ်အထူးကု ဆရာဝန်ကြီးဒေါက်တာဦးခင်မောင်ကျော်၊ ဆီးနှင့် ကျောက်ကပ်အထူးကုဒေါက်တာ ဒေါ်ထားကြည်ဆွေတို့က ဆီးနှင့် ကျောက်ကပ်ရောဂါဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ပြီး ကျောက်ကပ်ရောဂါ ရှိ၊ မရှိစစ်ဆေးပေးခြင်း၊ သွေးချို ရှိ၊ မရှိ စစ်ဆေးပေးခြင်းတို့ကိုအခမဲ့ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## DOA-OISCA လယ်ယာ–သစ်တောစိုက်ပျိုးရေး သင်တန်းဆင်းပွဲကျင်းပ

**ရေစကြို၊ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးဒေသတွင် ဖွင့်လှစ်ထားသော DOA-OISCA လယ်ယာ-သစ်တောစိုက်ပျိုးရေး သင်တန်းကျောင်း၏ (၁၇) ကြိမ်မြောက် သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက်က အဆိုပါ သင်တန်းကျောင်းခန်းမတွင်ပြုလုပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းလွင်ဦးနှင့် တိုင်း၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဂျပန်နိုင်ငံမှ ဧည့်သည်တော်များ၊ WFP မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး သင်တန်း နည်းပြများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်၊ စိုက်ပျိုးရေးအကြံပေးယခင်ကျောင်းအုပ်ကြီး Mr.IKUO Okamura နှင့် သင်တန်းကျောင်းဒါရိုက်တာ Mr. KITSUKI Fu mio တို့က သင်တန်းဆင်းအမှာစကားပြောကြားကြသည်။

ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက်တွင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းအမှတ်စဉ် (၁) ဖွင့်လှစ်

**ရေစကြို၊ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သမိုင်းဝင်ဖောင်တော်ဦးဘုရားအကျိုးတော်ဆောင်အဖွဲ့မှ ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ မြတ်ဗုဒ္ဓ၏အဆုံးအမများကို စနစ်တကျ နာယူကြစေရန် အမျိုးဘာသာ၊ သာသနာ ထွန်းကားလာစေရန် အမျိုးဂုဏ်၊ ဇာတိဂုဏ် စိတ်ဓာတ်များ မြင့်မားရှင်သန်လာစေရန် ရည်ရွယ်၍ ဖောင်တော်ဦးဘုရား အရုဏ်ခံတန်ဆောင်းအတွင်း၌ တပေါင်းလပြည့်နေ့မှ တန်ခူးလဆန်း ၁၁ ရက်အထိ တစ်ပတ်လျှင် ငါးရက် သင်ကြားပို့ချလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၆၂ ဦးတက်ရောက် လျက်ရှိကြောင်းနှင့် အဆိုပါ သင်တန်းတွင် ရေစကြိုမြို့ အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်မှ ရဟန်း၊ သံဃာတော်များဖြစ်ကြသော ဦးရာဇိန္ဒ၊ ဦးသုန္ဒရ၊ ဦးဇဝန၊ ဦးဇောတိကတို့က မေတ္တာရှေ့ထား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းတွင် အသုံးပြုသည့် လက်စွဲစာအုပ်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် နေ့စဉ်အာဟာရဒါနကုသိုလ်များကို အလှူရှင်များက ပြည့်ပြည့်စုံစုံလှူဒါန်း ကြကြောင်း မုဒိတာပွားဖွယ် သိရပါသည်။

**ဖေထွဏ်းဇော်(ရေစကြို)**













# လုပ်သားငါးဦးနှင့်အထက်ရှိလုပ်ငန်းများ လူမှုဖူလုံရေးဥပဒေ ပြော်တွင်စတင်မည်

**ရန်ကုန်၊ မတ် ၂၂**

အလုပ်သမားအနည်းဆုံး ငါးဦးနှင့် အထက် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအား လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မဝင်မနေရ ပြဋ္ဌာန်းထားချက်များပါဝင်သည့် လူမှုဖူလုံရေးဥပဒေသည် ဧပြီ ၁ ရက်မှစ၍ ကျင့်သုံးမည်ဖြစ်ကြောင်း မတ် ၂၁ ရက် ကုန်သည်စက်မှုလက်မှုအသင်းချုပ် UMFCCI တွင် ပြုလုပ်သည့် ဥပဒေနှင့်ပတ်သက်သည့် သိကောင်းစရာများ ဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ချုပ် ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်ကပြောသည်။

"ဒီဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် အလုပ်သမားတွေသာမကဘဲ သက်ဆိုင်ရာဥပဒေနဲ့အညီ မှတ်ပုံတင်ထားတဲ့ အလုပ်ရှင်တွေက အလုပ်သမားလျော်ကြေးဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ ကင်းလွတ်ခွင့်ရှိတယ်။ ဥပမာ-လုပ်ငန်းခွင်အတွင်းမှာ အလုပ်သမားတစ်ဦး ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးတာ၊ နစ်နာမှုရှိတာတွေကို အလုပ်ရှင်အနေနဲ့ ဖြေရှင်းနိုင်ပေမယ့် အလုပ်သမားတွေရာနဲ့ ထောင်နဲ့ချီပြီးဖြစ်လာရင် သူ့အနေနဲ့ တတ်နိုင်မှာမဟုတ်တော့ဘူး။ အဲဒါတွေကို ကျွန်တော်တို့အနေနဲ့ တာဝန်ယူဆောင်ရွက်ပေးမှာပါ" ဟု ၎င်းကပြောသည်။

အဆိုပါ ငါးဦးနှင့်အထက် မဝင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် အလုပ်သမားများမှာ စက်မှုလက်မှု အလုပ်ဌာနများ၊ ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများနှင့် အများပြည်သူဖျော်ဖြေရေးအလုပ်ဌာနများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းများ၊ အခြားစီးပွားရေးနှင့် ပတ်သက်သည့် လုပ်ငန်းများနှင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သောလုပ်ငန်းဌာနများ ဖြစ်ကြောင်း သိရသည်။

လူမှုဖူလုံရေးစနစ်တွင် ပါဝင်ခြင်းအားဖြင့် အလုပ်သမားမကျန်းမာမှု၊ မီးဖွားမှု၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှု စသည့်ဒုက္ခများကြုံတွေ့ရသည့်အခါ မှီခိုနေသောမိသားစုများ လူမှုရေးအခက်အခဲများ မဖြစ်ပေါ်စေရန် အခမဲ့ဆေးကုသပေးခြင်း၊ ငွေကြေး အကျိုးခံစားခွင့်များ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ လူမှုဖူလုံရေး အာမခံစနစ်တွင် အလုပ်သမား၏ အမှန်တကယ်ရရှိသော ဝင်ငွေလေးရာခိုင်နှုန်းကို အထွေထွေအာမခံစနစ်၌ အလုပ်ရှင်နှင့်အလုပ်သမား တစ်ဝက်စီ သုံးရာခိုင်နှုန်းနှင့် အလုပ်တွင်ထိခိုက်မှုအာမခံစနစ်၌ အလုပ်ရှင်မှ တစ်ရာခိုင်နှုန်း လစဉ်ထည့်ဝင်ရမည်ဖြစ်သည်။

ယခုလို သတ်မှတ်ပြဋ္ဌာန်းထားသည့် လူမှုဖူလုံရေးစနစ်တွင် အလုပ်ရှင်များက ပျက်ကွက်ခဲ့ပါက ပြစ်မှုထင်ရှားကြောင်း စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်ကြောင်း စနစ်တစ်ခုချင်းစီအလိုက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် ပြဋ္ဌာန်းထားသည်။

**တင်မောင်ဦး**



## ဆေးတက္ကသိုလ်(မန္တလေး) နှစ်ပတ်လည်မဂ္ဂဇင်းတွင် ပါဝင်သူများအား ဂုဏ်ပြု

**မန္တလေး၊ မတ် ၂၂**

၂၀၁၂ ခုနှစ် နှစ်လည်မဂ္ဂဇင်းတွင် ပါဝင်ရေးသားသရုပ်ဖော်ကြသော စာမူရှင်များ၊ ကာတွန်း၊ ပန်းချီပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ ဆေးတက္ကသိုလ်(မန္တလေး) အောင်ပင်လယ်ခန်းမဆောင်၌ကျင်းပရာ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာတင်မောင်ဟန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၂ ခုနှစ် နှစ်လည်မဂ္ဂဇင်းကော်မတီကိုယ်စား ပါမောက္ခ ဒေါက်တာအောင်ကြီးက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းတွင် စာမူများရေးသားပေးပို့ကြသော စာရေးဆရာ၊ ပန်းချီ၊ ကာတွန်းပညာရှင်များအား ပါမောက္ခချုပ်ဒေါက်တာတင်မောင်ဟန်၊ ဒေါက်တာသန်းဝင်း (ပါမောက္ခချုပ်-ငြိမ်း)၊ စာပေနှင့်အနုပညာကော်မတီဥက္ကဋ္ဌ ၂၀၁၂ နှစ်လည် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အဏုဇီဝဗေဒဌာနမှူး ဒေါက်တာသီတာနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အဆိုပါ စာမူရှင်များကိုယ်စား စာရေးဆရာမ (ဝင်းဝင်းမြင့်နန်းတော်ရှေ့) က ကျေးဇူးတင်စကားပြောကြားကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## အလုံမြို့နယ်တွင် သန်းခေါင်စာရင်းကော်မတီမှ စာရင်းစစ်၊ စာရင်းကောက်များ သင်တန်းဖွင့်ပွဲပြုလုပ်

**ရန်ကုန်၊ မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး(အနောက်ပိုင်းခရိုင်) အလုံမြို့နယ် သန်းခေါင်စာရင်းကော်မတီမှ ကျင်းပပြုလုပ်သည့် စာရင်းစစ်များနှင့် စာရင်းကောက်များအတွက် သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီခွဲက အလုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)တွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကြည်၊ အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၂၂၀ ဦး တက်ရောက်ကြပြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးမှ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။ အဆိုပါသင်တန်းအား မတ် ၂၀ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင် ကြားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## မြေနီကုန်းဆည်မှ ကျေးလက်စိုက်ပျိုးဧက ၁၅၀ အကျိုးပြုနိုင်မည်

**ရေစကြို၊ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ကျေးလက်ဆည်များ၊ ရေပိုလွှဲများတည်ဆောက်ခဲ့မှုကြောင့် လယ်စိုက်ဧက ၁၅၀ ခန့်ကို အကျိုးပြုလျက်ရှိကာ တောင်သူများ ရေရရှိမှုပိုမိုလွယ်ကူလာကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် အပူပိုင်း မိုးနည်းဒေသဖြစ်သည့်အတွက် ရွာသားများ သဘာဝမိုးရေကို စနစ်တကျသိုလှောင်၍ စိုက်ပျိုးရေးတွင် တန်ဖိုးရှိစွာအသုံးပြုနိုင်ရန် ဆည်တမံများလိုအပ်သောဒေသဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများသည် ကိုယ့်အားကိုယ်ကိုး ဆည်ငယ်၊ ကန်ငယ်များကို တည်ဆောက်ခဲ့ကြသည်။ ထိုအထဲတွင် ၁၉၉၂ ခုနှစ်က နိုင်ငံတော်မှ တည်ဆောက်ခဲ့သော အောင်နန်းကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ၌ မြေနီကုန်းကျေးလက်ဖွံ့ဖြိုးရေးဆည်သည် ၂၀၁၁ ခုနှစ်က အိုတူဘီမုန်တိုင်းဝင်ရောက်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလှောင်တမံနှင့်အတူ ရေပိုလွှဲများ ကျိုးပေါက်ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုအခါ ရေစကြိုမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ၍ ကျိုးပေါက်ခဲ့သော တမံတာပေါင်ကိုဖို့၍ အဆင့်မြှင့်တင်ခြင်း၊ ရေပိုလွှဲအသစ်တည်ဆောက်နေခြင်းများ တည်ဆောက်လျက်ရှိရာ မြေနီကုန်းဆည်၏ တမံအလျား ပေ ၆၀၀၊ တမံအမြင့် ၂၅ ပေ၊ ထိပ်ဝအကျယ် ၁၂ ပေ၊ မြေသားတမံအမျိုးအစားကို ကြံ့ခိုင်အောင်ပြန်လည်ပြုပြင်ပြီး ရေပိုလွှဲအသစ် တည်ဆောက်နေကြောင်း မြို့နယ်ဦးစီးမှူး ဦးသန်းမောင်က ပြောသည်။

ရေပိုလွှဲအကျယ်ပေ ၅၀၊ ကျောက်စီရေပိုလွှဲအလျား ပေ ၁၄၅ ရှိပြီး ဆည်၏ရေဆင်းဧရိယာမှာ ၃ ဒသမ ၆ စတုရန်းမိုင်၊ ရေဝပ်ဧရိယာ ၃၀ ဧက ရေသိုလှောင်နိုင်မှုပမာဏ ၂၈၀ ဧကရှိသောကြောင့် မိုးရာသီတွင် ရေအပြည့်သိုလှောင်ထားနိုင်မည်ဆိုပါက စိုက်ပျိုးဧက ၁၅၀ ကို အကျိုးပြုနိုင်မည့်ဆည်ဖြစ်ကြောင်း ရှင်းပြသည်။

မြေနီကုန်းဆည်မကျိုးခင် ၂၀၀၉-၂၀၁၀ ခုနှစ်၌ မိုးစပါး ဧက ၇၀၊ နွေစပါး ဧက ၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျေးရွာအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးတင်ညွန့်က ပြောသည်။

မြေနီကုန်းကျေးရွာမှ ဒေသခံပြည်သူများသည် မြေနီကုန်းဆည် ဖြစ်တည်နေခြင်းကြောင့် လူနှင့်တိရစ္ဆာန်တို့အတွက် သောက်သုံးရေများ ဖူလုံစွာရရှိနေကြပြီးဒေသ၏ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ပါ အရေးပါလျက်ရှိသည့်အပြင် လာမည့်မိုးရာသီတွင် ရွာသမျှမိုးရေကို သိုလှောင်ကာ စနစ်တကျအသုံးပြုပြီး စိုက်ပျိုးဧက ၁၅၀ စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ၏ ဝမ်းစာဖူလုံမှုနှင့်အတူ လူမှုစီးပွားဘဝမြင့်မားလာနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

BKK Future Dream Travels & Tours

မြေရောင်းမည်

ပျောက်ဆုံး

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ
၂၀၁၄ – ၂၀၁၅ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။
ICEC
E-mail proayekyaw@gmail.com

မြင်ကွင်း

### စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်
(၂၃)(၂၄)(၂၁)(၂၆)(၂၇)(၂၈)(၂၉)(၁၀)(၁၁)(၁၂)(၁၃)(၁၄)(၁၁)(၁၆)(၁၇)
### ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

အောက်ပါနေ့ရက် အချိန်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများ အားလုံး ကြွရောက်ချီးမြှင့်ပေးပါရန် ရိုသေစွာ ဖိတ်ကြားအပ်ပါသည် -

၂၉-၃-၂၀၁၄ (စနေနေ့)
- နံနက် (၈း၃၀) နာရီ - အမှတ်စဉ် (၂၇)
  - မေရီနီကျောင်းတိုက် အောင်စေယျသမိန်နှင့် ကျောက်ကုန်းလယ်ဆောင် ...
- နံနက် (၁၁း၀၀)နာရီ - အမှတ်စဉ် (၂၇)
  - သန္တိသုခကျောင်းတိုက် မေဓာ့ဘွဲ့ ...
- မွန်းလွဲ (၁း၀၀)နာရီ - အမှတ်စဉ် (၁၁) (၁၄) (၁၅) (၁၆) (၁၇)
  - Dolphin Restaurant ၊ နတ်မောက်လမ်း ကန်တော်ကြီး ... ယာန်း

၃၀-၃-၂၀၁၄ (တနင်္ဂနွေနေ့)
- နံနက် (၉း၀၀)နာရီ - အမှတ်စဉ် (၂၅)
  - မိုးကုတ်ဝိပဿနာ အဖွဲ့ ... နတ်မောက်လမ်း ဗဟန်း
- နေ့လယ်(၁၂း၃၀)နာရီ - အမှတ်စဉ် (၂၆) (၂၇) (၂၈) (၂၉) (၃၀) (၁၀) (၁၂)
  - Western Park Restaurant ၊ ကန်တော်ကြီး ဗဟန်း

## ရက် (၁၀၀)ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သားလေး "ထူးဇေရတုဗိုလ်"၏ ၂၃-၃-၂၀၁၄ရက်တွင် ကျရောက်သော ရက်(၁၀၀) ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည်ကျန်းမာ၍ ပညာထူးချွန်ထက်မြက်ပြီး ယဉ်ကျေးလိမ္မာသော သားကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ဘိုးဘိုး-ဘွားဘွား - ဦးခင်ညွန့်(တိုင်းအင်ဂျင်နီယာ(ငြိမ်း)၊ ကုန်သွယ် /လယ်ယာ)-ဒေါ်စိန်ကြည်ဝင်း
ဘိုးပါပါ-ဘွားမေမေ - ဦးကံဗိုလ်(လ/ထ ညွှန်မှူး၊ ရေအရင်းအမြစ်)-ဒေါ်ခင်မာကြည်
ပါပါး-မာမား - ဦးဝင်းညွန့်ဦး-ဒေါ်ကြည်ပြာဗိုလ်
ချစ်မမ - မကြည်နူးသဒ္ဒါဗိုလ်
ကယ်ကယ်-ငယ်ငယ်- ကိုနေလင်းထွန်း-မကြည်သာဗိုလ်
တီတီလေး - မကြည်ကြာဗိုလ်
"မယ်မဒီ" စတိုး မိသားစု၊ ရွှေဘိုမြို့။

ပါကောင်း

ကျိုးပိုးကျော်

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝိပဿနာ(၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အပေါ်ဗဟိုလမ်း၊ ဖေယျာမင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သောဘိတ(လယ်တီမူကမ္မဋ္ဌာနစရိယာ)ဦးဆောင်၍ ဒလမြို့ ပျော်ဘွယ်ကြီးရွာ လယ်တီမူအနာဂါမ်ဆရာသက်ကြီး၏ မူလနည်းဖြင့် (၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်) ၂၅-၃-၂၀၁၄ရက်မှ (တန်ခူးလဆန်း ၄ရက်) ၃-၄-၂၀၁၄ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်သောကြောင့် တရား အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များ အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်း စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

**ဆက်သွယ်ရန်**
ဖုန်း- ၀၉-၈၆၂၂၆၅၃၊ ၀၉-၂၅၀၁၅၂၅၄၅

## မဟာတမန်တော်မြတ် မိုဟမ္မဒ်(ဆွ)အခမ်းအနားကျင်းပခြင်း

၂၉-၃-၂၀၁၄(စနေနေ့) နံနက် ၉ နာရီမှ ၁၂နာရီအထိ မြန်မာနိုင်ငံဆရာဝန်များ အသင်းခန်းမတွင် မြန်မာနိုင်ငံ အဟ်မဒီယာမွတ်စလင်အဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာတမန်တော်မြတ်မိုဟမ္မဒ်(ဆွ)နေ့မြတ်အခမ်းအနားကို ကြွားနာလိုသော ဓမ္မမိတ်ဆွေများအနေဖြင့် နေရာအခက်အခဲရှိပါ၍ ယမန်နှစ်ကဲ့သို့ အောက်ဖော်ပြပါ လိပ်စာတွင် ဖိတ်စာမှာယူနိုင်ပါကြောင်း လေးစားစွာပန်ကြားအပ်ပါသည်။

**မဟာတမန်တော်မြတ်နေ့**
**အခမ်းအနား ကျင်းပရေးကော်မတီ**

"သတင်းကောင်းစာပေ" အမှတ် (၁၉၁)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ဖုန်း-၀၉-၂၅၂၈၉၄၊ ၀၉-၇၃၀၉၀၀၇၇၊ ၀၉-၇၃၀၄၇၀၅၄၊
၂၉-လမ်း၊ ၀၁-၃၈၄၄၄၂၊ ၀၁-၃၈၄၉၈၉၊
၃၁-လမ်း၊ ၀၁-၂၄၈၂၆၆၊ ၀၁-၃၈၇၆၉၈

## သူရ (၁၃) ရဲအရာရှိများ မိတ်ဆုံစားပွဲနှင့် အလှူပွဲ

အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၄-၂၀၁၄(တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီ
သံဃာတော်များ ဆွမ်းကပ်/အမျှဝေခြင်း/
မိတ်ဆွေများ မိတ်ဆုံစားပွဲ။
နေရာ - "စစစ" ဓမ္မာရုံ၊ မူလကမ္ဘာအေးကျောင်းအနီး
ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်
(သီးခြားဖိတ်စာမပို့ပါ)

## Coca Suki Restaurant

**ခနွေရာသီကျောင်းပိတ်ရက် အထူးအစီအစဉ်**
**အဖြစ်**
( 21-3-2014 ) မှ ( 27-3-2014 ) ရက်နေ့အတွင်း
ကြွရောက်အားပေးသည့် စားသုံးသူတိုင်းအတွက်
**Two For One Free** (Suki Buffet For next Visit)
ပေးအပ်သွားမည်ဖြစ်ပါကြောင်း ...
Phone : 229904, 229905, HP : 09-5037252, 09-5127295

## မြို့မဂုဏ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ



## ကျေးဇူးတင်ရှိခြင်းနှင့် ဝမ်းမြောက်ဂုဏ်ယူခြင်း

... (MICTDC) ... (SSB) ... (MHR) ... (Organisor) ... MHR ... Centre Manager ... (Sponsor) ... CSIS ... (Cell Phone Villa), Zifam (...), Royal Express (...) ... MHR/NSSA ... HR Manager ...

... MHR သင်တန်းကျောင်း)

CSIS | MHR Management Institute | Zifam | Royal Express | G Trim | Rain Flower | MSP

MHR, No. 905, 9th Floor, Thanzay Condo, Lanmadaw Street, Yangon. Tel: 216168, 707822, 395802, 095045551 Email: mhr@myanmar.com.mm

# တပ်မတော်(ရေ)မှ နိုင်ငံတော်ပိုင် ရေပြင်နယ်နိမိတ်ပင်လယ်ပြင်အတွင်း ရေထု၊ လေထုတို့ကို လုံခြုံစွာကာကွယ်ရေးနှင့် ကာကွယ်ရေးစွမ်းရည်ထက်မြက်လာစေရန် ကြိုးစားဆောင်ရွက်



မြန်မာရေပိုင်နက် (ကိုကိုးကျွန်းဒေသ)တွင် ရေပြင်တိုက်စစ်လေ့ကျင့်ခန်းဆင်နွှဲနေစဉ်။ (မြဝတီ)

**နေပြည်တော် မတ် ၂၂**

တပ်မတော်(ရေ)မှ နိုင်ငံတော်ပိုင်ရေပြင်နယ်နိမိတ် ပင်လယ်ပြင်အတွင်း ရေထု၊ လေထုတို့ကို လုံခြုံစွာကာကွယ်ရေးနှင့် ကာကွယ်ရေးစွမ်းရည်ထက်မြက်လာစေရန်ရည်ရွယ်၍ စစ်နည်းဗျူဟာအဆင့် စစ်ရေယာဉ်များပူးပေါင်းလေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2014)ကို ယနေ့နံနက်ပိုင်းတွင် မြန်မာရေပိုင်နက် (ကိုကိုးကျွန်းဒေသ)၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေယာဉ် အောင်ဇေယျပေါ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လေ့ကျင့်ခန်းကိုဦးဆောင်ပြီး လေ့ကျင့်ခန်းကွပ်ကဲရေးမှူးက လေ့ကျင့်ခန်းနှင့်ပတ်သက်၍ အကြောင်းအရာဖြစ်စဉ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လေ့ကျင့်ခန်းကွပ်ကဲရေးမှူးနှင့် စစ်ရေယာဉ်မှူးများသည် သက်ဆိုင်ရာစစ်ရေယာဉ်များသို့ ပြန်လည်ထွက်ခွာပြီး လေ့ကျင့်ခန်းကို အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ●**

# နာမည်ကြီးရောဝတီအသင်း ဂိုးပြတ်နိုင်ပွဲပြန်လည်ရရှိ



**ရန်ကုန် မတ် ၂၂**

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(အောင်ဆန်းကွင်း)

ရောဝတီ - လေးဂိုး

(ကလစ်ဖို့ဒ်၊ ဆာဆာ၊ မင်းမင်းသူနှင့် နေလင်းထွန်း)

ဇွဲကပင် - တစ်ဂိုး (သိန်းဇော်)

ရလဒ်များဆိုးရွားနေ၍ ဖိအားများနေသည့် ရောဝတီအသင်းဂိုးပြတ်နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည့် ယခုနိုင်ပွဲမှာ ရောဝတီအသင်းအတွက် ယခုရာသီတွင် ဒုတိယမြောက်နိုင်ပွဲဖြစ်ခဲ့ပြီး ဖိအားပြန်လျော့သွားသည့် ပွဲလည်းဖြစ်သည်။ ဇေယျာရွှေမြေ၊ ကမ္ဘောဇတို့ကို သရေကစားထားသည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင် ပုံမှန်ခြေစွမ်းမျိုးမရှိသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ပွဲအစ ၇ မိနစ်မှာပင် ကလစ်ဖို့ဒ်က ခေါင်းတိုက်ပြီး ရောဝတီအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၃၄ မိနစ်တွင် ဇွဲကပင် ပင်နယ်တီပြန်ရသော်လည်း ဂျိန္နန်ဆီယန် ဝင်အောင်မသွင်းနိုင်ခဲ့ပေ။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪**



# ချယ်လ်ဆီးအသင်း အိမ်ကွင်း၌ အာဆင်နယ်ကို ဂိုးပြတ်နိုင် အာစင်ဝင်းဂါး၏ ပွဲ(၁၀၀၀)ပြည့် အထိမ်းအမှတ် အရှုံးရလဒ်ပေါ်ထွက်

ယခုနှစ် ပရီမီယာလိဂ်ဖလားရရှိရေးအတွက် လန်ဒန်ပြိုင်ဘက်အသင်းနှစ်သင်း၏ အဆုံးအဖြတ်ပွဲစဉ်တစ်ပွဲအဖြစ်သတ်မှတ်ခြင်းခံထားရသော ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ် (၃၁)တွင် အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းအတွက် ပွဲ(၁၀၀၀)ပြည့် ကိုင်တွယ်သည့်ပွဲစဉ်ဖြစ်ခဲ့သော်လည်း ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်၌

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❒**

## ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၇) ရက်သာ လိုတော့သည်



ESSENCE MAGAZINE
Coming Soon

PREMIER COFFEE

စီးပွားရေး

# မြန်မာ့ SMEs များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေဖို့

ဒေါက်တာမောင်အောင်

> **အာဆီယံ (၁၀) နိုင်ငံအနေဖြင့် နိုင်ငံကြီးတစ်ခုကဲ့သို့ ဖြစ်လာသည့်အတွက် ဈေးကွက်တစ်ခုလည်း ဖြစ်လာမည့်အပြင် စီးပွားရေးသဘောတရားအရလည်း ဖိတ်လျှံအကျိုးသက်ရောက်မှုအရ ဖွံ့ဖြိုးပြီး မူလအာဆီယံ (၆) နိုင်ငံကြောင့် မြန်မာနိုင်ငံအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်**

ယခင်အပတ်မှအဆက် » »

ထို့အတူ 2015 AEC ပေါ်ပေါက်လာသည့်အခါ အာဆီယံ (၁၀) နိုင်ငံအတွင်း ကုန်စည်၊ လုပ်သား၊ အရင်းအနှီး၊ နည်းပညာစသည်တို့ လွတ်လပ်စွာစီးဆင်းမှုရှိလာမည်ဖြစ်၍ အာဆီယံ(၁၀)နိုင်ငံအနေဖြင့် အဘက်ဘက်မှ ပေါင်းစည်းလာမည်ဖြစ်ပြီး သန်း ၆၀၀ မျှရှိသည့် ကြီးမားသော စားသုံးသူဈေးကွက်ဖြစ်လာမည်ဆိုလျှင် ယခုလက်ရှိ လုပ်ကိုင်နေသော SMEs လုပ်ငန်းတို့၏ ဈေးကွက်နှင့် ဝယ်လိုအားများစွာ တိုးတက်လာမည့်သဘောဖြစ်သည်။ စီးပွားရေး ပိုမိုဖွံ့ဖြိုးသည့် မူလအာဆီယံ (၆)နိုင်ငံများမှ အရင်းအနှီးများနှင့် နည်းပညာများသည်လည်း နှိုင်းယှဉ်ရှားပါးသည့် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်ရရှိမည်ဖြစ်၍ များစွာဝင်ရောက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အရင်းအနှီးရှားပါးသည့်အတွက် ပြန်ရချက် (အတိုးနှုန်း) ပိုမိုမြင့်မား၍ AEC ဖြစ်ပေါ်လာပါက အရင်းအနှီးနှင့်နည်းပညာ သေချာပေါက်များစွာဝင်လာမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဒေသဆိုင်ရာအဖွဲ့အစည်းများ ထူထောင်ခဲ့ကြသည့် သာဓကများကို ကြည့်မည်ဆိုလျှင်လည်း အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွား သိသိသာသာ မြင့်တင်နိုင်ခဲ့ကြောင်း တွေ့ရသည်။ အာဆီယံ (၁၀)နိုင်ငံအနေဖြင့် နိုင်ငံကြီးတစ်ခုကဲ့သို့ဖြစ်လာသည့်အတွက် ဈေးကွက်တစ်ခုလည်း ဖြစ်လာမည့်အပြင် စီးပွားရေးသဘောတရားအရလည်း ဖိတ်လျှံအကျိုးသက်ရောက်မှု (Spill Over Effect)အရ ဖွံ့ဖြိုးပြီး မူလအာဆီယံ (၆)နိုင်ငံကြောင့် မြန်မာနိုင်ငံအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည် ဖြစ်သည်။ အာဆီယံမထူထောင်မီ စီးပွားရေးကဏ္ဍတိုင်း ယခုထက် ချဲ့ထွင်နိုင်မှ တိုးလာမည့်ဝယ်လိုအားကို ဖြည့်စွမ်းနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုလျှင် ခရီးသွား ယခုထက် အဆများစွာတက်လာမည်ဖြစ်၍ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အပန်းဖြေလုပ်ငန်းများနှင့် အခြားသော Logistic လုပ်ငန်းများ တက်လာပေမည်။ အဆိုပါလိုအပ်ချက်များကို ပြည်တွင်း SMEs က အများစု ဖြည့်ဆည်းပေးရမည်သာဖြစ်သည်။ အရေးကြီးသည်မှာ မိမိထုတ်လုပ်သောထုတ်ကုန်များ အရည်အသွေးမီရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးတက်ရေးနှင့် ထုတ်ကုန်တန်ဖိုးများ သိသိသာသာ မြှင့်တင်နိုင်ရေးတို့အတွက် အောက်ဖော်ပြပါ နည်းလမ်းများ လက်တွေ့ကျင့်သုံး လိုက်နာဆောင်ရွက်ရန် လိုအပ်ပေသည်။

**ကမ္ဘာကိုမျှော်၍ ပြည်တွင်းလုပ်ငန်းများလုပ်ပါ**
**(Think globally, act locally)**

SMEs များ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်ရေးအတွက် ပြည်တွင်းတွင်ရှိသည့် သွင်းအားစုများကို အသုံးပြုသည့် လုပ်ငန်းများအနေဖြင့် မိမိထုတ်လုပ်နေကျဒေသဈေးကွက်၊ ပြည်တွင်းဈေးကွက်များမှတစ်ဆင့် ပြည်ပဈေးကွက်သို့ တိုးချဲ့ရောင်းချနိုင်ရေး စတင်ရတော့မည့်အချိန်ဖြစ်သည်။ ထုတ်လုပ်သောကုန်စည်နှင့် ဝန်ဆောင်မှုများ အရည်အသွေးမီရေး၊ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးတက်ရေးတို့ကို လုပ်ဆောင်နိုင်မှ ပြည်ပဈေးကွက်ထိုးဖောက်နိုင်မည်ဖြစ်သည်။ ပြည်တွင်း၌တည်ရှိသော သွင်းအားစုများကိုအသုံးပြု၍ ထုတ်လုပ်သော SMEs တိုင်း ထားရှိရတော့မည့် သဘောထားခံယူချက် (mindset)မှာ ကမ္ဘာကိုမျှော်၍ ပြည်တွင်းလုပ်ငန်းများလုပ်ကိုင်ခြင်း (Think globally, act locally) ပင် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် SMEs များတိုးတက်စေရန် အောက်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

**ပိုမိုလေ့လာ ပိုကောင်းအောင်လုပ်**
**(Learn more, serve better)**

ယနေ့အချိန်အခါသည် အသိပညာခေတ်(knowledge era)ဖြစ်သည်နှင့်အညီ လုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကြီးမားသည့်အလျောက် SMEs တိုင်း မိမိလုပ်ငန်းနှင့် ဆက်နွယ်နေသော အသိပညာဗဟုသုတများ၊ မိမိထုတ်ကုန်နှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ မိမိ၏အားသာချက်များ၊ အားနည်းချက်များ၊ အောင်မြင်နေသည့်လုပ်ငန်းများ ဘာကြောင့် အောင်မြင်ရသည်၊ စားသုံးသူတို့၏ ကြိုက်နှစ်သက်မှု အခြေအနေနှင့် ပြောင်းလဲမှု၊ စားသုံးသူဝယ်လိုအားကို အဓိကပြဋ္ဌာန်းနေသည့်အချက်များ၊ နိုင်ငံခြားထုတ်ကုန်များနှင့်ပတ်သက်၍ နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်း၊ ပြိုင်ဘက်နိုင်ငံများ စသည်တို့ အသေးစိတ်သိရှိအောင် ယခင်ကထက် ပိုမိုလေ့လာဆည်းပူးရမည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအပေါ်မူတည်၍ မိမိလုပ်ငန်း၊ မိမိထုတ်ကုန် ပိုမိုကောင်းမွန်တိုးတက်လာအောင် အစဉ်အမြဲလုပ်ဆောင်ရမည်ဖြစ်သည်။ အထူးသဖြင့် မိမိထုတ်ကုန်၏ အရည်အသွေးတိုးတက်အောင် ကြိုးစားရမည်ဖြစ်သည်။ အရည်အသွေးကောင်းမွန်မှုမှတစ်ဆင့် စားသုံးသူတို့၏ ယုံကြည်လက်ခံမှုရရှိမည်ဖြစ်ပြီး (Brand name) တစ်ခုအထိ ရရှိမှသာ ရေရှည်အောင်မြင်နိုင်မည်ဖြစ်သည်။

**ကိုယ်တိုင်တစ်ဦးတည်း**
**တည်ဆောက်ခြင်းထက် ပေါင်းစပ်လုပ်ကိုင်ပါ**
**(Join-instead-of-build)**

Globalization ခေတ် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုပုံစံဖြစ်ပြီး မိမိတစ်ဦးတည်း တည်ဆောက်လုပ်ကိုင်ခြင်းထက် လုပ်ငန်းတူများနှင့် ပေါင်းစပ်၍လုပ်ကိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ပေါင်းစပ်လုပ်ကိုင်ရာတွင် ပြည်တွင်းရှိ လုပ်ငန်းတူ(Cluster)များ ပေါင်းစပ်ရန် လိုသလို ပြည်ပလုပ်ငန်းများနှင့်ပါ ပေါင်းစပ်နိုင်ပါမှ SMEs များ တိုးတက်မည်ဖြစ်သည်။ Clusterတူသည့်လုပ်ငန်းများပေါင်းစပ်ခြင်းအားဖြင့် သတင်းအချက်အလက် ပိုမိုရရှိနိုင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြံဉာဏ်ကောင်းများ ရရှိနိုင်ခြင်း၊ ဈေးကွက်လိုအပ်ချက်များကို အမြန်ဆုံးဖြည့်စွမ်းပေးနိုင်ခြင်း၊ အရင်းအနှီးအင်အား ပိုမိုရရှိနိုင်ခြင်းကြောင့် ထုတ်လုပ်မှုပမာဏကြီးကြီးမားမားကို အရည်အသွေးမီမီ စရိတ်သက်သက်သာသာဖြင့် ထုတ်လုပ်လာနိုင်ခြင်းစသည့် အားသာချက်များ ရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထုတ်ကုန်၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်မားလာကာ ပြည်ပဈေးကွက်ကိုဝင်ရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ဒေသအလိုက်လည်း Cluster တူသည့်လုပ်ငန်းများ ပေါင်းစည်းလုပ်ကိုင်ခြင်းဖြင့်လည်း ဒေသအလိုက် နှိုင်းယှဉ်အကျိုးကျေးဇူးရှိသည့် ထုတ်ကုန်များ၊ ဒေသအလိုက် လက်မှုပညာအခြေပြုသည့် ထုတ်ကုန်များ သိသိသာသာထွန်းကားလာမှုနှင့်အတူ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်မည် ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ပြည်တွင်း SMEs များ ပြည်ပလုပ်ငန်းများနှင့် ချိတ်ဆက်ပေါင်းစပ်နိုင်လေ တိုးတက်မှုအခွင့်အလမ်းများလေ ဖြစ်သည်။ မိမိက လုပ်ငန်းနှင့်ပတ်သက်၍ ပြည်တွင်းအတွေ့အကြုံကောင်းများရှိသလို ပြည်ပလုပ်ငန်းများကလည်း မိမိတွင်မရှိသေးသည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရရှိနိုင်ခြင်း အားသာမှုတို့ကြောင့် ယနေ့ခေတ်၏ SMEs တိုးတက်မှုပုံစံ Model အနေဖြင့် Join-instead-of-build ဖြစ်ပြီး ပြည်ပလုပ်ငန်းများနှင့် ပေါင်းစည်းနိုင်လေ တိုးတက်လေဖြစ်ကြောင်း ပညာရှင်များက ဖော်ပြလာသည်။

**SMEs ထုတ်ကုန်တန်ဖိုး**
**ပိုမိုမြင့်တက်စေသည့်နည်းလမ်းများ**
**(Value creation methods)**

SMEs လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အထူးဦးစားပေး ဆောင်ရွက်ရမည့်အချက်မှာ ထုတ်လုပ်သောထုတ်ကုန်များ၏ တန်ဖိုးယခင်ကထက် သိသိသာသာ မြှင့်တင်နိုင်ရေးပင် ဖြစ်သည်။ ထုတ်လုပ်မှုလုပ်ငန်းမစတင်မီအပိုင်း (Upstream) တွင် ထုတ်ကုန်တန်ဖိုးသိသိသာသာမြှင့်တင်နိုင်ရေးအတွက် အရေးအပါဆုံးလုပ်ဆောင်မှုမှာ သုတေသနနှင့်ဖွံ့ဖြိုးမှု R&D ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှသာ တီထွင်မှုများ(Innovation)နှင့် ဆန်းသစ်မှုများ ဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အပြင် "ဒုတိယအရေးပါဆုံးလုပ်ဆောင်ချက်မှာ ထုတ်ကုန်များ၏ ဒီဇိုင်း(Design)အသွင်အပြင်ကိုလည်း ပိုမိုဆန်းသစ်လှပစေရန် ကြိုးစားလုပ်ဆောင်ခြင်း ဖြစ်သည်။ ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သော စာမျက်နှာ ၅ သို့ » »



တနင်္သာရီတိုင်းဒေသကြီး

# မြိတ်မြို့တွင် ကုသိုလ်ဖြစ် ပြင်ပဆေးကုသဆောင် တည်ဆောက်ပြီးစီး



**မြိတ် မတ် ၂၂** ။ ။မြိတ်မြို့ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းတွင် ဒေသခံများနှင့် စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော ခမ်းနားထည်ဝါလှသည့် ဇိဝိတဒါနသံဃာတော်နှင့် သီလရှင်များ၏ ကုသိုလ်ဖြစ် ပြင်ပဆေးကုသဆောင် အဆောက်အအုံသည် မြိတ်မြို့နေ ပြည်သူများ၏ ကျယ်ပြန့်လှသော ပရဟိတသာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေသည့် ဂုဏ်ဒြပ်ကို ဖော်ဆောင်လျက်ရှိပေသည်။

ယခင်က သံဃာတော်နှင့် သီလရှင်များ ပြင်ပဆေးကုသရေးအတွက် ၂၀၀၃ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် မြစ်ငယ်ရပ် ဘုရားကြီးလမ်း စံကျောင်းအနီးရှိ အဆောက်အအုံ၌ ဇိဝိတဒါနသံဃာတော်နှင့် သီလရှင်များ၏ ကုသိုလ်ဖြစ် ပြင်ပဆေးကုခန်းကို ဖွင့်လှစ်ခဲ့ပြီး စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေဖြင့် သံဃာတော်နှင့် သီလရှင်များဆေးကုသရာတွင် ဆေးဝါးများ ဝယ်ယူကုသနိုင်ရန် ဆေးပဒေသာပင်များ စိုက်ထူ၍ အငြိမ်းစားဆရာဝန်ကြီးများ၊ သမားတော်များ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးပညာရှင်သမားတော်များက အချိန်ပိုင်း၊ နေ့စဉ်အလှည့်ကျ ဉာဏလုပ်အားကုသိုလ်ယူကြကာ စေတနာဖြင့် ကုသပေးလျက်ရှိသည်။

ဇိဝိတဒါန သံဃာတော်နှင့် သီလရှင်များ၏ ကုသိုလ်ဖြစ်ပြင်ပဆေးကုသဆောင်ကြီးတွင် သံဃာတော်များအတွက် အလျား ပေ ၉၀ × အနံ ၄၅ ပေ RC နှစ်ထပ် အဆောင်နှင့် သီလရှင်များအတွက် အလျား ပေ ၅၀×အနံ ၃၄ ပေ RC တစ်ထပ် အဆောင်စုစုပေါင်း အဆောင်နှစ်ဆောင်ကို စေတနာရှင်အလှူရှင်များက လှူဒါန်းငွေကျပ်သိန်း ၂၂၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆေးကုသဆောင်ကြီးတွင် ခွဲစိတ်ခန်းတစ်ခန်း၊ သီးသန့်ဆေးကုသခန်း ၂၄ ခန်း၊ ခုတင် ၁၀ လုံးဆံ့ အခန်းနှစ်ခန်း၊ ဘုရားခန်း၊ နားနေခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

သံဃာတော်နှင့် သီလရှင်များ၏ ကုသိုလ်ဖြစ်ပြင်ပဆေးကုသဆောင်သည် မြိတ်ဒေသနှင့်နယ်ဝေးမှ သံဃာတော်နှင့်သီလရှင်များ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်လာနိုင်ပြီး နောင်တစ်ချိန်တွင် မြိတ်ဒေသ၏ သံဃာ့ဆေးရုံဖြစ်လာနိုင်သည်။ ယင်းပြင်ပဆေးကုသဆောင်ကြီးတွင် မျက်စိခွဲစိတ်ကုသမှုအပါအဝင် ပြည်တွင်း ပြည်ပ အထူးကုဆရာဝန်ကြီးများ၏ ပရဟိတလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်နေရာ နယ်မြေဒေသ မြို့ရွာအသီးသီးမှ လာသမျှဂိလာန သံဃာတော်များကို ပြုစုကုသသည့်နေရာဖြစ်ပြီး ကျယ်ပြန့်လှသော ပရဟိတ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကုသိုလ်ဖြစ် ပြင်ပဆေးကုသဆောင် ဆေးပဒေသာပင်အတွက် အလှူငွေများပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

စစ်ကိုင်းတိုင်းဒေသကြီး

# နေပူသော်လည်း လာလည်ခဲ

**စစ်ကိုင်း မတ် ၂၂** ။ ။ ယခင်နှစ်များက ရာသီဥတုပူပြင်းသည့် မတ်လပိုင်းမှစတင်ကာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နည်းပါးသွားလေ့ရှိသည်။ ယခုနှစ်ပိုင်းတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သော်လည်း လာရောက်လည်ပတ်သူများ များပြားနေဆဲဖြစ်ကြောင်း သိရသည်။ အထက်မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မန္တလေးမြို့ကို အခြေပြုကာ အင်းဝ၊ စစ်ကိုင်း၊ မင်းကွန်း၊ အမရပူရစသည့် ရှေးဟောင်းယဉ်ကျေးမှုဒေသများသို့ သွားရောက်လည်ပတ်ကြသည်။ အငှားယာဉ်ငယ်များ မော်တော်ဆိုင်ကယ်များ၊ ကုမ္ပဏီများမှ စီစဉ်ပေးသော မှန်လုံအဲယားကွန်းတိုးလ်ဘတ်စ်ကားကြီးများဖြင့် လည်ပတ်သူများရှိသကဲ့သို့ စက်ဘီးများဖြင့် အဖွဲ့လိုက် လည်ပတ်ကြသူများရှိကြောင်း သိရသည်။ အဖွဲ့လိုက်စက်ဘီးနှင့် လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အသုံးအဆောင်ပစ္စည်းပစ္စယများကို သုံးဘီးဆိုင်ကယ်၊ အငှားယာဉ်တို့ပေါ်တွင် တင်ဆောင်ကာ ကိုယ်တိုင်စက်ဘီးစီးပြီး လည်ပတ်ကြကြောင်း၊ အင်းဝ၊ စစ်ကိုင်း၊ မင်းကွန်း၊ အမရပူရမြို့သို့ စက်ဘီးနှင့် အဖွဲ့လိုက်စီးနင်းသွားလာကြသည့် ခရီးသွားဧည့်သည်အများစုမှာ ဥရောပနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

"ဒီအဖွဲ့မှာ လူနှစ်ဆယ်ကျော်ပါတယ်။ ကျား၊ မ အရွယ်စုံပါတယ်။ စက်ဘီးမနင်းနိုင်တဲ့သက်ကြီးရွယ်အိုတွေက သုံးဘီးဆိုင်ကယ်နဲ့ လိုက်ကြတယ်။ ဧည့်လမ်းညွှန်တွေက သူတို့နဲ့အတူ စက်ဘီးစီးလိုက်ပြီး စောင့်ရှောက်ပြသပေးတယ်။ ရှေ့ကရော၊ နောက်ကပါ စောင့်ရှောက်ကူညီပြီး လိုက်ပို့ပေးကြတာပါ။ ဒီအဖွဲ့က ဒီနေ့အင်းဝကို လည်ပတ်ကြမယ်။ မန္တလေးကဟိုတယ်မှာ ညပြန်အိပ်ကြမယ်။ မနက်ဖြန် စစ်ကိုင်းကနေ မင်းကွန်းကို စက်ဘီးနဲ့သွားလည်ပတ်ကြမှာပါ" ဟု လိုက်လံပို့ဆောင်သည့် ဧည့်လမ်းညွှန်တစ်ဦးက ပြောပြသည်။

ယခင်က မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်အများစုတို့သည် ခရီးသွားကုမ္ပဏီများမှ စီစဉ်ပေးသည့် မော်တော်ယာဉ်၊ အငှားယာဉ်၊ တိုးလ်သဘော်များဖြင့် သွားလာလည်ပတ်မှုများပြားခဲ့သော်လည်း ယခုအခါ တိုင်းပြည်အေးချမ်းတည်ငြိမ်လာမှုနှင့်အတူ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံသို့ မော်တော်ကားအမျိုးမျိုးဖြင့် အဖွဲ့လိုက် စွန့်စားမောင်းနှင်သွားလာလည်ပတ်ခြင်း၊ စက်ဘီးများဖြင့် အဖွဲ့လိုက် စီးနင်းသွားလာလည်ပတ်ခြင်းများ ဆောင်ရွက်လာကြသည်ကို တွေ့ရှိနေရသည်။

**(နန္ဒာမင်းလွင်)**



မန္တလေးတိုင်းဒေသကြီး



# သနပ်ခါးပျိုးအိုးများ ရက်ချိန်းပေးစောင့်ဝယ်ယူနေရ

**မလှိုင် မတ် ၂၂** ။ ။ မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာတွင် သနပ်ခါးပျိုးပင် စိုက်ပျိုးရောင်းချခြင်းကို စီးပွားဖြစ်လုပ်ကိုင်ကြသူများရှိသကဲ့သို့ တောင်သူလုပ်ငန်းများနှင့်သော်လည်းကောင်း၊ အခြားသော ပင်မစီးပွားရေးလုပ်ငန်းများနှင့် သော်လည်းကောင်း အပိုဝင်ငွေရလုပ်ငန်းအဖြစ် တွဲဖက်လုပ်ကိုင်လာကြသဖြင့် သနပ်ခါးပျိုးစိုက်ပျိုးသူ များပြားလာသည်။ သနပ်ခါးပျိုးကို တန်ဆောင်မုန်းလတွင် တစ်ကြိမ်၊ တပေါင်းလတွင်တစ်ကြိမ်၊ တစ်နှစ်နှစ်ကြိမ် ပျိုးထောင်နိုင်သဖြင့် တပေါင်းလ သနပ်ခါးပျိုး စိုက်ပျိုးသည့် ရာသီချိန်တွင် သနပ်ခါးပျိုးမြူအိုး(မြေအိုး)များ အဝယ်လိုက်ပြီး အိုးဝယ်ယူလိုသူများ ရက်ချိန်းပေးစောင့်ဝယ်ယူနေရကြောင်း သိရသည်။

မြူအိုး(မြေအိုး) များကို ယခင်က ထန်းလှီးရာတွင် ထန်းရေချိုအိုးအဖြစ် အသုံးပြုရန် ပြုလုပ်ခဲ့ပြီး အိုးအပွဲ၊ အနာများသာ သနပ်ခါးပျိုးသူများကို အောက်ဈေးဖြင့် ရောင်းချခဲ့ကြသည်။ အိုးနှင့်ပျိုးထောင်သော သနပ်ခါးပျိုးပင်သည် ပလတ်စတစ်အိတ်နှင့်ပျိုးထောင်သော အပင်ထက်ပိုမိုဖြစ်ထွန်းပြီးလူကြိုက်များအရောင်းသွက်လာသဖြင့် သနပ်ခါးစေ့ကိုအိုးဖြင့်သာ ပျိုးထောင်လာကြသည်မှာ ယနေ့အချိန်ထိပင်ဖြစ်သည်။

ယခုအချိန်အခါတွင် ထန်းလှီးမည့် ထန်းတက်သမားများ ရှားပါးလာသည့်နောက်ပိုင်း ထန်းရေချိုအိုးအစား သနပ်ခါးပျိုးအိုးအဖြစ် အသုံးပြုလာရာမှ အသုံးတွင်ကျယ်လာ၍ ရာသီချိန်တွင်ရောင်းမလောက်ဖြစ်နေပြီး ရက်ချိန်းပေးစောင့်ဝယ်ယူနေရခြင်းဖြစ်သည်။ "မြူအိုးကို တစ်နေ့မှ အလုံး ၂၅၀ လောက်ပဲလုပ်နိုင်တာပါ။ အလုပ်သမားငှားလို့ မလွယ်ဘူး။ နံနက်ခင်းပိုင်း ကိုယ်တိုင်မြေတိုက်၊ ညကျမှ မြေနယ်၊ မြေထွေးပြီး မိသားစုဝိုင်းလုပ်ကြတာပါ။ အိုးလုပ်ဖို့ မြေကို ရေဖျန်းပြီး စေးပိုင်ညက်လာအောင် မြေထွေး(နယ်)ရပါတယ်။ ထွေးပြီးသား မြေတုံးကို (နပ်အောင်) လေလုံအောင် ဖုံးထားရပြီး ညနေလေးနာရီလောက်ကနယ်ထားတဲ့ မြေတုံးကို ညခြောက်နာရီဆိုရင် အိုးကော်ချ(ပုံသွင်း) ရပါတယ်။ ပုံသွင်းပြီးသားအိုးကို တစ်ညသိပ်ပြီး အိုးပုံစံကျအောင် အိုးမှော်(လက်ရိုက်နှင့်ရိုက်)ရပါတယ်။ မှော်ပြီးသားအိုးကို တစ်ညထပ်သိပ်ကာ အထူအပါးညီပြီး အိုးပုံလှအောင် ဒုတိယအကြိမ် အချောကိုင်လက်ခတ်နဲ့ ထပ်ရိုက်ရပါတယ်။ အချောကိုင်ပြီးသားအိုးကို အရိပ်ထဲမှာ သုံးရက်လောက်ထား၊ ဆောင်းတွင်းဆို ခုနစ်ရက်၊ ရှစ်ရက်ထားပြီး အိုးစီမီးဖုတ်ရပါတယ်။ ဒီအဆင့်ပြီးရင် ရောင်းတန်းဝင်မြေအိုးကိုရရှိပါတယ်။ မြေအိုးတစ်လုံးကို ငွေကျပ် ၄၀/၄၅ ကျပ် ရောင်းရပါတယ်"ဟု ပန်းအိုင်ကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူ မအုန်းထွေးက ပြောပြသည်။

အိုးလုပ်ငန်းကို ဆောင်းတွင်းကာလ နတ်တော်၊ ပြာသိုလတွင်စတင်လုပ်ကိုင်ပြီး နွေကာလတွင် အပျက်အစီးများသဖြင့် လုပ်ကိုင်နိုင်ခြင်းမရှိပေ။ သို့ဖြစ်၍ အိုးလုပ်ရာသီချိန်တွင် ရက်ချိန်းပေးကာ လိုသလောက် စောင့်ဝယ်ယူနေရခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# ရမည်းသင်း၌ သက်တမ်းတိုစပါးမျိုးများ စိုက်ပျိုး

**ရမည်းသင်း မတ် ၂၂ -** မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအနီးရှိ လယ်ကွင်းသို့ မတ် ၁၉ ရက် နံနက် ၈ နာရီတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများလိုက်ပါလျက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ရေရှားပါးသော ဒေသဖြစ်သည့်အတွက် ရေလိုအပ်မှုသက်သာသော စပါးမျိုးများစိုက်ပျိုးခြင်း၊ ဆည်ကန်များမှရေကို လေလွင့်မှုမရှိစေရန် စနစ်တကျ အသုံးပြုရေး သက်တမ်းတိုသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် လက်ငင်းအကျိုးခံစားခွင့်ရရှိပြီး ငွေဝင်လွယ်သည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

လက်ရှိ စိုက်ပျိုးသောနွေစပါး သက်တမ်းတိုအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးများကိုသာ စိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် ဆောလျင်စွာ ရိတ်သိမ်းနိုင်ခြင်း၊ ဈေးကောင်းရခြင်း၊ မိုးစပါးအတွက် ထယ်ရေးပြင်ဆင်ချိန်လုံလောက်စွာရရှိခြင်း၊ ထို့အပြင် ဆည်၊ ကန်မှ ရေများကိုလည်း အကျိုးရှိစွာ အသုံးပြုနည်းတို့ကို လက်ငင်း အကျိုးကျေးဇူးခံစားနိုင်ရန်အတွက် စိုက်ပျိုးရေးတာဝန်ရှိ ဝန်ထမ်းများက လက်တွေ့ပြသကြောင်း သိရသည်။

ယခုနှစ် ကျီးနီကန်မှ ရေသိုလှောင်မှုကောင်း၍ နွေစပါးဧက ၄၅၀ ကျော်စိုက်ပျိုးနိုင်ပြီး ရေကန်အခြေအနေကောင်းမွန်၍ ယခင်နှစ်ကကဲ့သို့ ရေအခက်အခဲမရှိနိုင်သောကြောင့် ဒေသခံတောင်သူများ ဝမ်းသာလျက်ရှိသည်။ **တင်ဦး(ရမည်းသင်း)**

## မြစ်ရေတင်ဖြင့် စပါးများပိုလျှံသည့် တောင်သာနယ် ကျော့ဇီဒေသ

**တောင်သာ မတ် ၂၂ -** မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျော့ဇီဒေသသည် မြစ်ရေတင်လုပ်ငန်းဖြင့် နွေစပါး၊ မိုးစပါးများဖြစ်ထွန်းအောင်မြင်လျက်ရှိရာ တပေါင်းလပြည့်ကျော်ဖြစ်သည့်အတွက် နွေစပါးများ ဖြိုင်ဖြိုင်စိုက်ပျိုးတော့မည်ဖြစ်သည်။

ကျော့ဇီမြစ်ရေတင်သည် ၂၀၀၂ ခုနှစ်ကစတင်၍ ၂၀၀၅ ခုနှစ်တွင်အကျိုးခံစားခွင့် စတင်ရရှိလာခဲ့သည်။ နွေစပါးဧက လေးရာ၊ မိုးစပါးဧက သုံးထောင်အထိ တိုးချဲ့စိုက်ပျိုးလာခဲ့ကြသည်။ ကျော့ဇီ၊ ရွာလေးကုန်း၊ တလိုင်းထဲ၊ ဆင်ဖြူရွာ၊ ကန်တော်၊ ကြာပို့၊ မင်းကြို၊ တမိုက်သာရွာအထိ ကျော့ဇီမြစ်ရေတင်ဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ ရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေ လေးထောင်ခန့်၊ လူဦးရေ နှစ်သောင်းကျော်တို့၏ ဝမ်းစာအရေးပြေလည်ရုံသာမက ပိုလျှံစပါးများပါ ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။ **[နေဦးမောင်-ပခုက္ကူ]**

## သီပေါကျေးလက်ပြည်သူများ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီ

**သီပေါ မတ် ၂၂ -** ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တိန်းချေ/တိန်းစံကျေးရွာအုပ်စု ထွန်ကျောင်း၊ နောက်ကတ်၊ လွယ်ကျိုင်း၊ နားလင်း၊ တိန်းချေ/တိန်းစံကျေးရွာများနှင့် မြို့ပြသို့ဆက်သွယ်သော ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့လည်းကောင်း၊ သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ်သို့လည်းကောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မှုလွယ်ကူချောမွေ့စေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ခင်းကျင်းဆောင်ရွက်ပေးခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် နွေ၊ မိုး၊ ဆောင်းဥတုသုံးပါး အချိန်မရွေး အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများဆောင်ရွက်ရာ၌ ယခင်ထက်များစွာအကျိုးပြုမည်ဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း အသက်(၇၅)နှစ်ရှိ ဒေသခံပြည်သူတစ်ဦးဖြစ်သူ လုံးဆန်စိုင်းအွမ်က ပြောသည်။

ကတ္တရာလမ်းနှင့် ကွန်ကရစ်တံတားကို အသုံးပြုကာ ကျေးလက်မှ မြို့ပြသို့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် အဆင်ပြေစွာ ဖြတ်သန်းသွားလာနေကြကြောင်း သိရသည်။ **[စိုင်း-သီပေါ]**



## သောက်သုံးရေကန်မှ ရေသွယ်ယူ၍ စပါးစိုက်ပျိုးသူများကို အရေးယူရန် လိုအပ်

**ဖျာပုံ မတ် ၂၂ -** ဖျာပုံခရိုင် ဖျာပုံမြို့သည် ပင်လယ်ပြင်နှင့်အနီးဆုံးဒေသဖြစ်ပြီး ရေချို ရေငန်ဒေသရှိကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဓိကထား လုပ်ကိုင်လျက်ရှိကြရာ ရေချိုဒေသပြည်သူများ နွေစပါးစိုက်ပျိုးရေး လုပ်ငန်းကို မြစ်ချောင်းများမှ ရေသွယ်ယူ စိုက်ပျိုးကြရာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဖျာပုံ-ရန်ကုန် အဝေးပြေးလမ်းမကြီးဘေးရှိ လူနေအိမ်ခြံမြေများတွင် တည်ရှိသော ချောင်းတွင်းကျေးရွာ နယ်နိမိတ်တစ်လျှောက်ရှိ လယ်ယာမြေများတွင် နွေစပါးများ စိုက်ပျိုးလျက်ရှိကြပြီး နွေစပါးစိုက်ပျိုးကြရာတွင် လယ်ပိုင်ရှင်များသည် ဖျာပုံမြစ်အတွင်းမှ ရရှိလာသောရေကို သွယ်ယူ၍ လယ်ယာစိုက်ပျိုးလျက်ရှိကြသည်။

အဝေးပြေး ကားလမ်းမကြီးဘေးရှိ လယ်မြေလုပ်ကိုင်သူ ဦးလင်းထိုက်သည် မတ် ၁၆ ရက်က ဖျာပုံမြို့ပြည်သူများ အားထားသောက်သုံးနေရသည့် မြေသားမိုးရေလှောင်ကန်ကြီးမှ ရေကို ကန်ပေါင်မြေသားများ တူးဆွ၍ ရေမြောင်းဖောက်လုပ်ပြီး ရေသွယ်ယူ၍(**အပေါ်ပုံ**)လယ်ယာမြေအတွင်း စပါးစိုက်ပျိုးနေကြောင်းကို တာဝန်သိပြည်သူတစ်ဦးက သတင်းပေးပို့လာသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖျာပုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ရာတွင် အဆိုပါ လယ်ယာလုပ်ကိုင်သူ လယ်ပိုင်ရှင်က ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့သည် ခေတ်အဆက်ဆက် မြေသားမိုးရေလှောင်ကန်များကိုသာ အဓိကအားထားသောက်သုံးနေရပြီး တစ်ကြိမ်တစ်ခါမျှ အဝီစိတွင်းတူး၍ ရရှိခြင်းမရှိသဖြင့် ဖျာပုံမြို့နေ မြို့မိမြို့ဖတစ်ဦးက"ကျွန်တော်တို့ ဖျာပုံမြို့မှ ပြည်သူတွေ နှစ်စဉ်မြေသားမိုးရေလှောင်ကန်တွေကနေ သောက်ရေသုံးရေတွေကို အဓိကထား အသုံးပြုနေတာ နှစ်ပေါင်းရာချီနေပါပြီ။ ကျွန်တော်တို့ရဲ့အသက်က မြေသားမိုးရေလှောင်ကန်တွေကို အားထားနေရတာပါ။ အဲ့ဒီလို အသက်တမျှအရေးကြီးတဲ့ သောက်သုံးရေကို ကန်ပေါင်တူးဆွချိုးဖျက်ပြီး လယ်စိုက်တယ်ဆိုတာ လုံးဝမဖြစ်သင့်ပါဘူး"ဟု ပြောသည်။

ချောင်းတွင်းသောက်သုံးရေကန်ကြီးသည် အဝေးပြေးကားလမ်းမကြီးဘေးတစ်လျှောက်ရှိ လူနေအိမ်များနှင့် နီးကပ်စွာတည်ရှိနေပြီး အိမ်ခြံမြေပိုင်ရှင်များက သောက်သုံးရေကန်ပိုင်မြေသားများကို ခြံခတ်ကျူးကျော်ခြင်း၊ အိမ်သာဆောက်လုပ်ခြင်းများအပြင် ရေကန်နှင့်နီးကပ်စွာ ကြက်ခြံမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိနေသည်များကို သက်ဆိုင်ရာက ထိရောက်စွာ အရေးယူသင့်ပြီဖြစ်သည်။ **[ချမ်းသာ-ဖျာပုံ]**









မန္တလေးတိုင်းဒေသကြီး

# ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး နည်းပညာအကူအညီများ ဆောင်ရွက်ပေး



**ကျောက်ဆည် မတ် ၂၂**

"စက်မှုလယ်ယာကူးပြောင်းရေးဟာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ လူဦးရေ ၇၀ရာခိုင်နှုန်း၊ အလုပ်အကိုင် ၅၇ ရာခိုင်နှုန်း၊ GDP ၃၅ရာခိုင်နှုန်းတည်ရှိမှုအရ အရေးကြီးသော စီးပွားရေးလုပ်ငန်းကြီးဖြစ်ပါတယ်။ စက်မှုလယ်ယာ ကူးပြောင်းရေးဆိုတာကတော့ မြေပြင်ရေတင်စိုက်ပျိုးရိတ်သိမ်းခြွေလှေ့ ဈေးကွက်ထိအောင် ပါဝင်ပါတယ်။ From Seeding To Marketing လို့ ဆိုရမှာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းက မတ် ၁၅ ရက်တွင် ကျောက်ဆည်စက်မှုလယ်ယာခန်းမ၌ ကျင်းပခဲ့သော လယ်ယာသုံးစက်ကိရိယာ လွှဲပြောင်းပေးအပ်ပွဲတွင် ပြောကြားချက်များအရ သိရသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ပစ္စည်းများကိုလည်း အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိရေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် တောင်သူများလက်ဝယ်အရောက် ဆောင်ရွက်ပေးလျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက် ရှစ်စီး၏ ပထမအရစ်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ထုတ်ချေးပေးခဲ့သည်။ ထို့အပြင် တောင်သူများ လယ်ယာသုံးစက်ပစ္စည်းများ ကိုင်တွယ်အသုံးချတတ်စေရေးအတွက် နည်းပညာများကိုလည်း တိုင်းဒေသကြီးအတွင်းတွင် ကျေးလက်လူငယ်များကိုစက်မှုလယ်ယာနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရှိကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် လုပ်ငန်းရှင်များက ငွေကြေးအရင်းအနှီးအကူအညီများ၊နည်းပညာအကူအညီများ ဆောင်ရွက်ပေးလျက်ရှိသလို စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူလယ်သမားများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စက်မှုလယ်ယာကူးပြောင်းရေးအတွက်မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများဖြစ်သည့် ထွန်စက်ကြီး၊ ထွန်စက်ငယ်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ဒေါင်ဖန်းထွန်စက်များ၊ ကောက်စိုက်စက်များကို လက်ငင်းစနစ်ဖြင့်ဖြစ်စေ၊ အရစ်ကျစနစ်ဖြင့်ဖြစ်စေ ရောင်းချပေးလျက်ရှိပြီး တောင်သူများ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်စေရန်အတွက်လည်း သရုပ်ပြပွဲများ၌ ဝယ်ယူထားသော တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲကိုလည်း ကျောက်ဆည်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)

## မီးငြိမ်းသတ်ယာဉ် ၁၁ စီးရောက်ရှိ



**သီပေါ မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိမြို့နယ် ၁၁ မြို့နယ်အတွက် ရေဂါလန် ၈၀၀ ဆံ့တရုတ်နိုင်ငံလုပ်ဒေါင်ဖန်း မီးငြိမ်းသတ်ယာဉ် ၁၁ စီးအား မတ် ၁၉ ရက် မွန်းလွဲပိုင်းက သီပေါမြို့နယ် မီးသတ်ဦးစီးဌာနတွင် ဤသို့တွေ့ရသည်။ **(ယာပုံ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မိုးမိတ်၊ လားရှိုး၊ တန့်ယန်း၊ ဟိုပန်၊ သိန်းနီ၊ ကွတ်ခိုင်၊ မူဆယ်နှင့်နမ့်ခမ်းမြို့နယ်များအတွက် ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ရန်ကုန်တိုင်းဒေသကြီး

## သန်းခေါင်စာရင်းကောက်ယူရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော်(၉၄)ရပ်ကွက်၌ မတ် ၁၉ ရက် ည ၇နာရီက အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်ဦးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိနာဘူးနှင့်တာဝန်ရှိသူများလိုက်ပါပြီး ယုဇနဉယျာဉ်မြို့တော် (၉၄) ရပ်ကွက်အတွင်းသို့ လှည့်လည်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလှုံ့ဆော်ကြော်ငြာ L.E.D ကားနှင့်လက်ကမ်းစာစောင်များကို လှည့်လည်ဖြန့်ဝေပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသည့်အချိန်တွင် ရပ်ကွက်နေပြည်သူများဘက်ကလည်း မှန်မှန်ကန်ကန်ဖြေကြားနိုင်ရန်အတွက် ပြည်သူများအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အနီးကပ်အကြိုအမေးအဖြေများပြုလုပ်ခဲ့ကြောင်း သိရသည်။

(၅၀၂)

Capital
Life Insurance

Capital Life Insurance Co., Ltd. ကို(၂၃.၃.၂၀၁၄) ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းအား ထပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာ တိုင်လုပ်ငန်းများ အစဉ်ကြီးပွားတိုးတက်ပြီး အောင်ပန်းများဆွတ်ခူးနိုင်၍ ပြည်သူအကျိုး၊ နိုင်ငံအကျိုးများလည်းဝိုင်းဝန်း သယ်ပိုးထမ်း ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

YOUNG Insurance Global
ဥက္ကဋ္ဌနှင့် BOD အဖွဲ့




နေပူသော်လည်း လာလည်ဆဲ
ပြည်တွင်းရေးရာ စာမျက်နှာ - ၂ » »

နွေရာသီနှင့် ကျန်းမာရေး
ကျန်းမာရေး စာမျက်နှာ - ၃ » »

မြစ်ရေတင်ဖြင့် စပါးများပိုလျှံသည့် တောင်သာနယ် ကျောဇီဒေသ
ပြည်တွင်းရေးရာ စာမျက်နှာ - ၆ » »

ပြည်တွင်းရေးရာ စာမျက်နှာ - ၂ » »

ပြည်တွင်းရေးရာ စာမျက်နှာ - ၇ » »




# ရှမ်းပြည်နယ်တွင် အထင်ရှားဆုံး အရှေ့မြင်အနောက်မြင်တောင်

**အရှေ့မြင်အနောက်မြင်တောင်သည် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် ပါဝင်သည်။ တောင်၏အရှေ့ဘက် တောင်ကြီးမြို့၊ ရပ်စောက်မြို့၊ ဟဲဟိုးမြို့၊ ရွှေညောင်၊ ညောင်ရွှေ၊ အင်းလေးကန်နှင့် လှပသော ရှမ်းတောင်တန်းကြီးများ။ အနောက်ဘက်တွင် မိတ္ထီလာကန်၊ မိတ္ထီလာမြို့၊ ပုပ္ပားတောင်၊ မြန်မာပြည်မရှိ မြို့ကြီးများနှင့် ရခိုင်ရိုးမတောင်တန်းကြီးများရှိပြီး ၎င်းတို့ကို ရာသီဥတုသာယာလျှင် တောင်ထိပ်ပေါ်က ထင်ထင်ရှားရှား တွေ့မြင်ရသဖြင့် အရှေ့မြင်အနောက်မြင်တောင်ဟု ခေါ် ဆိုခြင်းဖြစ်သည်။ အရှေ့မြင်အနောက်မြင်တောင်သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ၇၇၅၂ ပေရှိပြီး ရှမ်းပြည်နယ်တွင် အမြင့်ဆုံးနှင့် အထင်ရှားဆုံး ဖြစ်ပေသည်။**

အရှေ့မြင်အနောက်မြင်တောင်တွင် တောင်ဇလပ်အဖြူ၊ တောင်ဇလပ်အနီ၊ ပန်းချယ်ရီပင်၊ သစ်ပုပ်ပင်၊ ညောင်ပင်၊ အုံတုံပင်၊ မဲရုံးပင်၊ ပန်းမ၊ ပန်းနု၊ သစ်ယား၊ ဖော့အုံးပင်၊ ဖောက်ပင်၊ သစ်ကျပိုး၊ ပရဆေးပင်များ၊ သစ်ခွမျိုးစုံ၊ အခြားသစ်မာမျိုးစုံနှင့် သဘာဝပေါက်ပင်များစွာ ပေါက်ရောက်လျက်ရှိပြီး တောင်ပတ်လည် တောတောင်အတွင်းတွင် ဝက်ဝံ၊ တောဝက်၊ ဂျီ(ချေ)၊ ယုံ၊ ခွေးတူဝက်တူ၊ မျောက်နီ၊ မျောက်ပြာ၊ မျောက်ဖြူ၊ ကသုတ်၊ တောကြက်၊ ရစ်ကြက်၊ ကြောင်ကတိုး၊ ဖျိုင်၊ တက်ဂလက်၊ ရှဉ့်(အနီ)၊ ရှဉ့်ကြီး(အနက်)၊ ရှားပါးတိရစ္ဆာန် ရေပုတ်သင်၊ ငှက်မျိုးစုံစသည့် တောရိုင်းတိရစ္ဆာန်များ ကျက်စားလျက်ရှိသည်ဟု ဒေသခံများထံမှ သိရှိရသည်။



လိုင်ဘွား(စီမံကိန်း)

အရှေ့မြင်အနောက်မြင်တောင်၏ မြောက်ဘက်တွင် "ယ" တောင်တန်းခေါ် မယ်နယ်တောင်တန်း၊ မိုးလုံးဟိန်း တောင်တန်းနှင့် တောင်ဘက်တွင် စူးကြီးတောင်တန်းတို့သည် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်အား နယ်နိမိတ်ပိုင်းခြားထားသကဲ့သို့ တည်ရှိနေသည်။ အရှေ့မြင်အနောက်မြင်တောင်၏ အရှေ့မြောက်ဘက်တွင် ဂုတ်ကြီးမြောင်ရေထွက်၊ ဇော်ဂျီရေထွက်များရှိပြီး ထိုရေထွက်က ရေများပေါင်းဆုံပြီး ဇော်ဂျီမြစ်အဖြစ် စတင်စီးဆင်းသွားပါသည်။ ယင်းတောင်၏ အရှေ့တောင်ဘက်တွင်ရှိသည့် ပန်းစစ်ရေထွက်သည် ပင်းတယမြို့နယ်အတွင်းရှိ အင်းယားကန်ထဲ စီးဝင်ပါသည်။ မိုးတွင်းရေများချိန်တွင် ပန်းစစ်ရေထွက်မှရေများသည် ဆက်လက်စီးဆင်းသွားပြီး ရွှေပထိုးကျေးရွာအနီးတွင် ဇော်ဂျီမြစ်ထဲသို့ စီးဝင်ပါသည်။ ပန်းစစ်ရေထွက်မှ ရေများအား ပင်းတယမြို့နှင့်ပြားကျေးရွာ၏ မြောက်ဘက်ရေဝင်ဂူထဲ စီးဝင်သွားပြီးနောက် မည်သည့်အရပ်ဒေသတွင် ပြန်လည်ရေထွက်သွားသည်ကို မည်သူမျှ အတိအကျမပြောနိုင်ပေ။ မသိရှိကြပေ။

အရှေ့မြင် အနောက်မြင်တောင်၏ အနီးပတ်ဝန်းကျင်ကျေးရွာများက သောက်သုံးရေအပြင် စိုက်ပျိုးရေအတွက်ပါ အသုံးပြုကြကြောင်း သိရှိရပါသည်။

အရှေ့မြင်အနောက်မြင်တောင်၏ အနောက်မြောက်ဘက်တွင် ကြေးနီရေထွက်နှင့် ပုတုံးကိုင်းရေထွက်နှစ်ခုရှိပြီး ယင်းရေထွက်နှစ်ခုမှ ရေများမှာ ကရဏီချောင်းထဲ စီးဝင်သည်ဟု သိရှိရပါသည်။ ကရဏီချောင်းသည် ရွာငံမြို့နယ်အတွင်း ကျန်တောအုပ်စု၊ ကျောက်ငှက်အုပ်စု၊ လင်းဝေးအုပ်စု၊ တပင်ပျော်အုပ်စုအတွင်း ဖြတ်သန်းစီးဆင်းပြီးနောက် ကျွန်းကြီးကျေးရွာအုပ်စုအတွင်းတွင် ဇော်ဂျီမြစ်ထဲသို့ စီးဝင်သွားပါသည်။ ပုတုံးကိုင်းချောင်းသည် ကျောက်ငှက်ကျေးရွာအုပ်စု ဆင်ဆာအနောက်ဘက်တွင် လျှိုမြောင်ကိုးမြောင်ရေထွက်များရှိပြီး ယင်းရေထွက်များ ရေများစုပေါင်းပြီး ရေချောင်းအဖြစ် စတင်စီးဆင်းသွားပြီး ထိုရေချောင်းကရေဖြင့် ကျန်တောကျေးရွာအုပ်စု မြစေတီကျေးရွာအနီးတွင် ကျေးရွာမီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ် ထုတ်ယူသုံးစွဲလျက်ရှိသည်။ စက်ရုံ၏ အထက်ဘက် သုံးဖာလုံခန့်အကွာတွင် လှေကားထောင်ရေတံခွန်ရှိသည်။ လှေကားထစ်ကဲ့သို့ အဆင့်သုံးဆင့် ရေတံခွန်ဖြာဆင်းသွားသဖြင့် လှေကားထောင် ရေတံခွန်ဟု ခေါ် ဆိုခြင်းဖြစ်သည်။ ရေတံခွန်အမြင့်မှာ ပေ ၁၅၀ ကျော်ခန့်ရှိ၏။ ယင်းချောင်းသည် မြသိန်းတန်ကျေးရွာအနီး တောင်ကြားမှ ဆက်လက်စီးဆင်းသွားပါသည်။ မြိုင်ကျေးရွာအုပ်စုအတွင်းတွင် ချောင်းသည် ကိုးကြိမ်ငုပ်လျှိုးသွားပြီး ကိုးကြိမ်ပြန်ပေါ်လာသဖြင့် "ငုတ်ချောင်း" ဟု ခေါ်တွင်သည်။ ငုတ်ချောင်းသည် ဆက်လက်စီးဆင်းကာ ဆင်ခေါင်းကျေးရွာအုပ်စု ပြေသာကျေးရွာအနီးရှိ ဆင်ခေါင်းအင်းထဲ စီးဝင်သည်။ ဆင်ခေါင်းအင်းထဲမှ ရေသည် မြင်းလဲတောင်တန်းရှိ သဘာဝလိုဏ်ဂူအတွင်း ဖြတ်သန်းစီးဆင်းလျက် တစ်ဖက်တောင်ကြောရေများ ပြန်လည်ထွက်သွားပြီး ရေတံခွန် ဖြာဆင်းကာ ပန်းလောင်မြစ်အဖြစ် စတင်စီးဆင်းသွားသည်။ ပန်းလောင်မြစ်သည် ဆင်ခေါင်းအုပ်စု၊ ဆတ်ခြံအုပ်စု တဲ့လုကျေးရွာအနီးဖြတ်သန်းစီးဆင်းကာ မင်းပလောင်အုပ်စု၊ ရနဲအုပ်စု၊ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ဆက်လက်ဖြတ်သန်းစီးဆင်းသွားပြီး ကင်းတားဆည်ထဲစီးဝင်သည်ကို တွေ့ရှိရသည်။

အရှေ့မြင်အနောက်မြင်တောင်သို့ သွားရောက်လေ့လာမည်ဆိုပါက ရွာငံမြို့နယ်တွင် လမ်းနှစ်သွယ်ရှိသည်။ ပထမလမ်းမှာ ရွာငံမြို့မှ စာမျက်နှာ ၄ သို့ » »



**Car Rentel**

09-73084619/73084525

Hot Line - 01-200953

သာကီနွယ်



# စိန်ပင်လယ် စိန်ရွှေရတနာဆိုင်

## သင်္ကြန်အထူးလျှော့ဈေး

စိန်ထည်လက်ဝတ်ရတနာဒီဇိုင်း အသစ်အဆန်းမျိုးစုံနှင့် အီတလီနိုင်ငံလုပ် ၇၅၀ (ပလက်တီနမ်) ဒီဇိုင်းမျိုးစုံကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

**Junction Square Center** (စီ-၀၄၉)၊ မြေညီထပ်၊ ကျွန်းတောလမ်းဝင်ပေါက်၊ ညာဘက်စက်လှေကားအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၇၂၄၂ (လိုင်းခွဲ -၁၁၂၇)

**AKK Shopping Mall** စက်လှေကားထိပ်၊ ဆိုင်အမှတ် B-1၊ သယ်န်းကျွန်းလမ်းမကြီး၊ ဘုရားလမ်းမှတ်တိုင်နှင့် ဇဝနမှတ်တိုင်ကြား၊ လေးထောင့်ကန်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၅၀၀၄၇၇၀၁

ပင်ငါးရုံစာပေ

TAB

MIT



FREE REGISTRATION

537895, 502775

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၁၅)၊ (စီ/အေ) မြေညီထပ် အကျယ်အဝန်း ပေ(၁၂½×၅၀)အကျယ်ရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပြုံးဟန်စိုး[၁၂/ဗဟန(နိုင်)၀၀၄၀၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နီလာ LL.B,D.B.L,D.I.L,D.I.R,C.B.D.S(MOFA)**

**အထက်တန်းရှေ့နေ(စဉ်-၃၃၁၆၇)**

**"ရွှေနန်းစံ"ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်**

**အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း**

**အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**

**ဖုန်း-၀၉-၇၃၁၄၆၅၅၁၊ ၀၉-၇၃၁၇၃၉၈၇၊ ၀၉-၄၂၀၀၀၃၈၇၄၊**

**၀၉-၄၂၀၀၀၃၈၇၃၊ ၀၉-၄၂၀၀၀၃၈၇၂**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁က/၃၂၁၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## မီးသတိပြု

GH GOLDEN HEART

Advertising, General Service & Real Estate

(1) Construction (Administration Management)

(2) Constrution (Engineering Management)

(3) Real Estate & Property Management

(4) Building Materials Distribution Management

(5) Crop Protection & Agricultural Products Business

(6) Electrical Products (Solar & LED) Business

(7) Early Child Hood Education Business

(8) Healthy Products And Medicine Business

(9) Hotel And Tourism Business

**ASM Group Of Companies**

No.(81),Hlaing Myint Mo(1)st,(10)Ward,Hlaing Tsp.

Phone - 01.521264,513087,530003,535181

E Mail - asm.asterism@gmail.com

- hr@asmbuilding.com

# မင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၁၆-၃-၂၀၁၄ရက် မန္တလေးမြို့ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း၌ကျင်းပသော မင်္ဂလာညစာစားပွဲအခမ်းအနားအား တက်ရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၏ဇနီးဒေါ်မြတ်ငွေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးဝင်းမောင်၊ တရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်သောင်းစိုး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးအောင်မောင်းနှင့်ဇနီး ဒေါ်အေးအေးမြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်နှင့် ဌာနဆိုင်ရာအသီးသီးမှ အရာရှိကြီးများနှင့်ဇနီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မန္တလေး ပွဲစားကုန်သည် စက်ပိုင်များနှင့်ဇနီးများ၊ ကုန်စည်ဒိုင်မှလုပ်ငန်းရှင်များ၊ မန္တလေးဈေးချိုနှင့် ဈေးအသီးသီးမှလုပ်ငန်းရှင်များ၊ အောင်မြင်သူအုပ်စုကုမ္ပဏီနှင့် ဆက်နွှယ်အားပေးပါသော Supplier များနှင့် Customer များ၊ ကြင်းတော်ယန်ဗုဒ္ဓဘာသာဘုရားကျောင်းဥက္ကဋ္ဌ ဦးစိန်မြင့်၊ ဒု-ဥက္ကဋ္ဌဦးဖြူဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဧည့်ခံကြိုဆိုနေရာချထားပေးပါသော အမျိုးသမီးအဖွဲ့များ၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော ဂျူးဂျူးကော၊ နိုနိုကော၊ မင်္ဂလာပန်း ကြဲဖြန့်ပေးပါသော မချိုမြရည်၊ မမြဝတ်ရည်၊ မသက်စုလွင်၊ မကံ့ကော်၊ မဆုလဲ့ရတနာ၊ မခိုင်လင်းလင်းထက်၊ ဒုတိယပိုင်းအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးကြပါသော သရုပ်ဆောင်ဇေယျနှင့် ကိုဇော်ဇော်အောင်(အောင်မြင်သူ)၊ မိတ်ကပ်ဆံပင် မေဦး၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာ ကောင်းမြတ်နှင့် မေတ္တာဖြင့် မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော ကိုသန့်ထူးမြတ်နှင့် မစုမြတ်အောင်(Silk & Style)၊ လက်ဝတ်ရတနာများမေတ္တာဖြင့် ဆင်မြန်းပေးပါသော ဦးအောင်နှင့်အန်တီဝေ (Great Diamond)၊ မေတ္တာဖြင့် သီချင်းများလက်ဖွဲ့သီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် လင်းလင်းနှင့် Dream Lover အဖွဲ့သားများ၊ ဓာတ်ပုံဗီဒီယို အလှဘဏ်၊ မီးအလှဆင် နွေငြိမ်း၊ LED ဇာနည်အီလက်ထရွန်နစ်၊ ပန်းအလှဆင် အန်တီနီလာ(Eternal Floral)၊ မင်္ဂလာပွဲတစ်ခုလုံးအား အစစအဆင်ပြေချောမွေ့အောင် စိတ်ရှည်လက်ရှည် ကူညီပေးကြပါသော အောင်မြင်သူအုပ်စု ကုမ္ပဏီလက်အောက်ရှိ ဝန်ထမ်းများအားလုံး၊ ကပြဖျော်ဖြေ ဧည့်ခံပေးပါသော တော်ဝင်မြန်မာကျောင်းနှင့် ယူနန်ဘုံကျောင်းမှ အကအဖွဲ့များ၊ မင်္ဂလာပွဲတစ်ခုလုံးအား လိုလေသေးမရှိ မေတ္တာဖြင့် စီစဉ်ဆောင်ရွက်ပေးပါသော အန်တီဒေါ်မြတ်မြတ်ဦးနှင့် ဦးချိုကြီး(Royal Stars Event Planner Group)၊ အစားအသောက်များနှင့် တည်ခင်းဧည့်ခံပေးပါသော Rainbowမှ ဝန်ထမ်းများနှင့် ကြင်းတော်ယန်မှ ဝန်ထမ်းများအားလုံး၊ ရပ်ဝေးရပ်နီးမှတက်ရောက် ချီးမြှင့်ပေးပါသော မိတ်ဆွေသူငယ်ချင်းများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း လက်ဆောင်ပစ္စည်းများပေးပို့ကြသော မိတ်ဆွေများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘညီအစ်ကိုမောင်နှမများနှင့်**
**မောင်လှမျိုး-မခင်ကျော်ကျော်ဆင့်**



